www.burmeseclassic.com

# ပညာ ရဲ့သဘော



တက္ကသိုလ် ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

စကားသစ္စာ
မှန်သောအခါဝယ်
ဩဇာလေးနက်
ပေါ်ဆီတက်၍
နွယ်မြက်သစ်ပင်
ဆေးဖက်ဝင်၏

ရှင်မဟာသီလဝံသ

ကံကော်ဝတ်ရည်စာပေ၊ ၅၁၊ ရေကျော်လမ်းမ
ပုဇွန်တောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာ

ငါ့စာဖတ်၍၊ မမြတ်တိုင်စေ၊
မရှုံးစေသား၊ ပျင်းပြေနှစ်ခြိုက်၊
တွေးဖွယ်ထိုက်ရာ၊ တပိုဒ်တလေ၊
တွေ့ငြားပေမူ၊ စာပေကျေးကျွန်၊
ငါ့ဝတ်ပွန်ပြီ၊ ငါမွန်အမြတ်
ငါအတတ်ဟု၊ စာဖတ်သူပေါ်၊
ခေါင်းကိုကျော်၍၊ ငါသော်ဆရာ၊
မလုပ်ပါတည်း။ ။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com

# ပညာရဲ့သဘော

## တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



***ကျွန်တော်တို့ မဂ္ဂဇင်းအနေနဲ့ 'ပညာ'အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ပေါ့ဆရာ။ တတ်နိုင်သလောက်ပေါ့။ ပြောဖို့ရှိပါတယ်။ ပြောဖို့လိုနေပြီလို့လည်း ထင်ပါတယ်။ 'ပညာ'ရဲ့ သဘော၊ 'ပညာ'ရဲ့ သဘာဝ။ အဲဒါတွေအကြောင်း ဆရာ့ဆီက သိပါရစေ ဆရာ။***

ဆရာကတော့ ခင်ဗျားတို့မဂ္ဂဇင်းကို ပညာရဲ့သဘောကို ကိုင်တဲ့အတွက် ချီးလည်းချီးမွမ်းတယ်၊ အံ့လည်းအံ့သြမိတယ်။ ဆရာ့ကို လာမေးတဲ့အတွက် ဆရာကိုယ်၌က ဒီအကြောင်း ပြောဖို့ရာ သတိကြီးစွာ ထားမိ တယ်။

ဘာကြောင့်လဲဆိုတော့ ပညာဆိုတာ အရာရာရာကို ရှုကြည့်တာ။ ပညာအကြောင်းပြောမယ်ဆိုရင် လူက ပြန်ပြီး ပညာကို ကြည့်ရမှာဆိုတော့ နည်းနည်းခက်သွားပြီ။ ပြီးတော့ ကိုယ့်ကိုယ်ကိုလည်း ပညာအကြောင်းကို အလုံးစုံသိပါတယ်လို မပြောဝံ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခင်ဗျားတို့က မေတ္တာရပ်ခံလို့ ပြောမိတဲ့အခါ သတိတစ်ခုတော့ရှိတယ်။ အဲဒါက ဘာလဲဆိုရင် ပညာနဲ့ ပတ်သက်လာရင်ထားရမယ့် စိတ်သဘောထား။ ဒီစိတ်သဘောထားကို တခြားပုဂ္ဂိုလ်ကပေးတာ မဟုတ်ဘူး။ မြတ်စွာဘုရားသခင်က ပေးတာ။ ပညာရှာဖို့သိဖို့ ကိစ္စက မင်္ဂလာတရားတော်မှာပါပြီးသား။ ဓမ္မဿဝန ဓမ္မသာကစ္ဆာတဲ့။

ဓမ္မဿဝနဆိုတာ ဓမ္မတရားတော်ကို နာယူခြင်း။ ဆွေးနွေးတဲ့ အဆင့်မရောက်သေးဘူး။ အဲဒီအခါ ဆီဆိုင်တဲ့ မင်္ဂလာတရားတွေကလည်း တွဲပြီးပါလာတာ သတိထားမိတယ်။ ဂါရဝေါ၊ နိဝါတောစတဲ့။ ဒီမင်္ဂလာတွေနဲ့ အပိုဒ်စတာ။ ပညာအကြောင်းကို နာယူတော့မည်ကြံရင် ဂါရဝေါ၊ နိဝါတောစရှိပြီး ဖြစ်နေသင့်တယ်။ ဒီလိုပဲ ပညာအကြောင်း ပြောမယ့်သူကလည်း ဂါရဝေါ၊ နိဝါတောစ ရှိနေဖို့ လိုအပ်တယ်။

နောက်တစ်ဆင့်က ကာလေနဓမ္မသာကစ္ဆာ။ အဲဒါက အထက်တန်းကျသွားတော့ နာယူရုံတင်မကဘဲ မေးမြန်းတယ်။ စုံစမ်းတယ်။ အဲဒီအခါ ဘယ်လိုမေးမြန်းသလဲ၊ စုံစမ်းသလဲဆိုရင် ဆရာ့အထင်တော့ ဂါရဝေါ၊ နိဝါတောစကို ကင်းလို့မရဘူး။ ဒီတော့ အခု ခင်ဗျားတို့မေးတဲ့ ပညာအကြောင်း ပြောတဲ့အခါမှာ ဂါရဝေါ၊ နိဝါတောစကို ဦးထိပ်မှာ ပန်ဆင်ပြီး ပြောချင်တယ်။ ဆိုလိုတာက အခြားသော ပညာရှင်များက ဆရာပြောတာကို ဝေဖန်ကြမယ်ဆိုရင် လက်ခံပါ့မယ်။ အမှားထောက်ပြကြမယ်ဆိုရင် ရိုသေစွာ လိုက်နာပါ့မယ်။ ဒါလေးကို နိဒါန်းခံပြီး ပြောချင်ပါတယ်။

ပညာဆိုတာ ထုထည်သိပ်ကြီးတယ်။ သမုဒ္ဒရာကြီးနဲ့ နှိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကြတာပေါ့။ သမုဒ္ဒရာကြီးက ဘယ်လောက်နက်သလဲ။ အလွန့်ကို နက်တယ်။ ကမ်းစပ်မှာ တစ်မျိုးနက်တယ်။ ကမ်းလွန်မှာ တစ်မျိုး နက်လိမ့်မယ်။ ကမ်းလွန်ကနေ ဟိုးဗဟိုကြီးသွားရင် ပိုပိုနက်လိမ့်မယ်။ ဒါကြောင့် ပညာသဘောကိုပြောရင် သမုဒ္ဒရာကိုယုန်သူငယ်ထောက် သလို ဖြစ်မှာလည်း ကြောက်တယ်။ ထုထည်ကြီးတာကို ဆရာ ဆိုချင်တာပါ။

ပြီးတော့ မပြောလို့ကလည်း မဖြစ်ဘူး။ ဘယ်ကိစ္စမဆို 'ပြောကြည့်' ကြတာ ကမ္ဘာဦးအစကတည်းကပဲ။ လူတွေက ပညာ ဆိုတာ ဘာလဲလို့ပြောကြ၊ ဆွေးနွေးကြ၊ သုံးသပ်ကြတဲ့အတွက် ဒီ လောက်ထိ အခြေခံပညာတွေ တိုးတက်လာတာ။ ဒါတွေကို နမူနာ ယူရမယ်။ အားကျရမယ်။ ဒါကြောင့် ခုနက စကားခံထားသလို ငါပြောသလိုမှ မှန်တယ်လို့ လုပ်လို့မရဘူး။

ပညာလို့ ခင်ဗျားတို့ မေးလိုက်တာနဲ့တစ်ပြိုင်နက် ပညာရဲ့ သဘော သဘာဝအကြောင်းကို ဆရာ့ခေါင်းထဲမှာ စာလုံးတွေ ပေါ် ပေါ်လာတယ်။ ပညာ၊ ပညာလို့သာပြောကြတာ၊ အင်္ဂလိပ် ဝေါဟာ ရမှာ အနက်အဓိပ္ပာယ်အခြေခံအားဖြင့် တူပေမယ့် မသိမသာ ရိုးတိုးရိတ်တိတ် ကွဲပြားသွားတဲ့ စကားလုံးတွေရှိတယ်။

Information ဒါလည်းပညာပဲ။ Knowledge ဒါကလည်း ပညာပဲ။ နောက် Intuition၊ ပြီးတော့ Learningဆိုတဲ့ စကား ကလည်း ရှိသေးတယ်။ အဲဒီမှာ ထပ်ပြီး ပညာအကြောင်းပြောရင် မပါမဖြစ်တဲ့စကားလုံးတွေ ရှိသေးတယ်။ ဥပမာ Philosophy၊ အဲဒါလည်း ပညာနဲ့ ပတ်သက်တာပဲ။ ဒါတွေအားလုံးကိုသူ့ကဏ္ဍနဲ့ သူ ဆွေးနွေးသွားမှ၊ ဒီလို ပြောမှလည်း ပညာအကြောင်း ပြည့်စုံမှာ။

www.burmeseclassic.com

www.burmeseclassic.com



### မြန်မာမှာကော ဆရာ။ ဝေါဟာရအနက်အားဖြင့် ပေါ့။

မြန်မာမှာလည်း ဗုဒ္ဓယဉ်ကျေးမှုကလာတဲ့ ပညာနဲ့ပတ်သက်တဲ့ ဝေါဟာရတွေ အများကြီးရှိတယ်။ဗုဒ္ဓမြတ်စွာဘုရားက ပညာကို အလွန်မှ သူမတူအောင် အလေးအနက်ဟောပြ၊ ဆုံးမသွန်သင်ခဲ့တယ်။ ဗုဒ္ဓတရားတော်မှာ ပညာက ထိပ်ပဲ။ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဆိုပြီး သာသနာသုံးရပ် ဗုဒ္ဓက ဟောခဲ့တာရှိတယ်။ ဒါကို နက်နက်နဲနဲလိုက်ကြည့်တဲ့အခါ သတိပြုရမယ့် စကားလုံးတွေ တွေ့တယ်။ အရေးကြီးဆုံးကတော့ ဆရာတို့မြန်မာက ယူထားတဲ့ ပညာဆိုတဲ့ စကားပဲ။ BURMESE CLASSIC .com

နောက် ဉာဏဆိုတဲ့ စကားလုံး၊ နောက် ဝိဇ္ဇာဆိုတဲ့ စကားလုံး၊ ခုနက ပြောခဲ့သလို သိက္ခာဆိုတဲ့ စကားလုံး၊ ပြီးတော့ သိပ်မသိကြသေးတဲ့ စကားရှိသေးတယ်။ ပဇာနနာဆိုတဲ့ စကား။ နောက် ဒဿနဆိုတဲ့ စကား။ အဲဒါတွေအားလုံးကို ပညာအကြောင်း ဆွေးနွေးရာမှာ ထည့်သွင်းဆွေးနွေးရလိမ့်မယ်။

ပထမဆုံး အလွန်ယေဘုယျကျပြီး လူအများ နားလည်လက်ခံမယ့်စကားနဲ့ပဲ ဆရာပြောပါ့မယ်။ ပညာဆိုတာ ဘာလဲ။

ပညာဆိုတာ လူ့ရဲ့အရည်အသွေး၊ လူ့ရဲ့စွမ်းအင်တစ်ခုလို့ ယူဆလို့ရတယ်။ ပညာရှိဆိုတယ်တဲ့လူဟာ ပညာဆိုတဲ့ စွမ်းအင်ရှိတာပဲ။ အရည်အသွေးကို ပြောရရင် မျက်စိ၊ နား၊ လက်နဲ့သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုင်လို့ထိလို့ မရဘူး။ ဉာဏ်နဲ့သာ သိနိုင်တယ်။ လူ့ရဲ့ စွမ်းအင်ဆိုတာ ဉာဏ်သဘော။ ပညာက လူကိုအကျိုးပြုတဲ့ စွမ်းအင်ရှိတယ်။ ဘယ်လိုအကျိုးပြုတဲ့ စွမ်းအင်လည်းဆိုရင် ယေဘူယျအားဖြင့် ဖြစ်ချင်တာတွေကို ဖြစ်အောင်၊ မဖြစ်ချင်တာတွေကို မဖြစ်အောင် ပညာကလူကို လုပ်ပေးနိုင်တယ်။ ဒါက အလွန်မြင့်တဲ့ အနက်အဓိပ္ပာယ်မို့ ဆရာ ရှင်းပြပါမယ်။ အဲဒီဟာ သဘောပေါက်ဖို့ လိုတယ်။

ပညာအကြောင်းပြောရင် ဟိုကလည်း ပညာ၊ ဒီကလည်း ပညာ ဖြစ်နေတယ်။ အဲဒီတော့ ခုနက အင်္ဂလိပ်စကားလုံးပြောရရင် Information ဆိုတာ သိခြင်းကိုပြောတာ။ သိခြင်းဆိုတာက ဘယ်လိုသိခြင်းလဲ။ ဘယ်လိုသိနည်းနဲ့ သိထားတာလဲ။ ကြည့်ပြီး သိတာရှိတယ်။ ကြားပြီးသိတာရှိတယ်။ သူများပြောတာက တစ်ဆင့်သိတာရှိတယ်။ သို့သော် Information ဆိုတဲ့ သိခြင်းသည် အာမခံချက်သိပ်မရှိဘူး။ သူ့မှာ မလွဲမသွေမှန်ကန်မှု ရှိချင်မှရှိမယ်။

သိတော့သိလိုက်တာပဲ။ အဟုတ်သိတာ ဟုတ်ချင်မှ ဟုတ်မယ်။ မဟုတ်တာကိုလည်း ဟုတ်တာအဖြစ် သိချင်သိနေမယ်။ ဒါမှမဟုတ် တစ်ဝက်တစ်ပျက် အမှန်ကိုလည်း အပြည့်အစုံအမှန်လို့ သိချင်သိမယ်။ ဒါကြောင့် ခုခေတ်စကားတွေရှိတယ် မဟုတ်လား။ Disinformation တို့၊ Misinformation တို့။ ဒါက လူသားကို Information ဆိုတဲ့ အသိပေးခြင်း၊ လူတွေကို အမှန်လို့ ယုံသွားအောင် လုပ်ခြင်းအားဖြင့် ဉာဏ်ကြီးတဲ့သူတွက ဉာဏ်နည်းတဲ့သူတွေကို ကစားလို့ရတယ်။ သူက အကောင်းလည်းရှိတယ်။ အဆိုးလည်းရှိတယ်။ အမှန်လည်း ဖြစ်နိုင်တယ်။ အမှားလည်း ဖြစ်နိုင်တယ်။ အာမခံချက် မရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



## *Knowledge ကဘော ဆရာ။*

Knowledge ဆိုတာက သူက အမှန်တရားဘက်ကို နည်းနည်း ကပ်တယ်။ အဲဒီလို သိခြင်းမျိုးကို ခေါ်တယ်။ ရှုကြည့်ခြင်း၊ လေ့လာခြင်း စတာတွေပေါ်မှာရရှိတဲ့ အချက်အလက် အစုအဝေးကို Knowledge လို့ခေါ်တယ်။ တစ်ခုတည်း မဟုတ်ဘူး။ အဲဒီ အစုအဝေးမှာတင် ရပ်မနေဘဲ အဲဒီလို စုဆောင်းရရှိတဲ့ အချက်အလက်တွေပေါ်မှာ တည်ပြီးတော့ စဉ်းစားပြီး ကောက်ချက်ယူတဲ့ သဘောတွေကို Knowledge လို့ခေါ်တာ။

ကိုယ် စူးစမ်းရှာဖွေထားတဲ့ သိမှုအစုပေါ့။ ဒါပေမယ့် အဲဒီ သိမှု အစုအပုံကနေပြီးတော့ စဉ်းစားတွေးခေါ်ပြီး ကောက်ချက်ယူတဲ့ သဘောပဲ။ သဘောဆိုတာ ဉာဏ်ကိစ္စ။ ပသာဒတွေနဲ့ သွားကိုင်လို့ ရတာမျိုး မဟုတ်ဘူး။ အင်္ဂလိပ်လို idea လို့ ခေါ်တယ်။ ပလေတိုကြီးက အိဒလို့ ခေါ်တယ်။ အတူတူပါပဲ။ ဉာဏ်ကိစ္စ။

နောက်တစ်ခါ သိရုံသိပြီး သဘောပေါက်ရုံတင်မကဘဲ နားလည်တာမျိုး၊ သိတိုင်းနားမလည်ဘူး၊ နားလည်တဲ့ အဆင့်ရောက်တဲ့ အသိမျိုးကိုမှ Knowledge လို့ခေါ်တာ။ နောက် Knowledge ဆိုတဲ့စကားမှာ နားလည်တဲ့ စကားရိပ် အနက်အဓိပ္ပာယ် ပါနေတယ်။

နောက်စကားတစ်ခု၊ Learning ဆိုတာ များသောအားဖြင့် Learning ကို သင်ယူသည်လို့ ပြောနေကြတယ်။ သူ့အနက်

www.burmeseclassic.com

www.burmeseclassic.com



အမိပ္ပာယ်ကတော့ လေ့လာသဖြင့်ရရှိသောသိနားလည်မှု။ များသော အားဖြင့်တော့ philosopy တို့ ဘာသာစကားတို့ စတဲ့ နယ်ပယ် တွေက သိနားလည်မှု၊ လေ့လာမှုကို Learning လို့ခေါ်တာ။ knowledge နဲ့ Learning နဲ့ကမတူဘူး။ ဆင်တာ။ ဒါပေမယ့် knowledge က ပိုကျယ်ဝန်းတယ်။ ပိုလည်း တိကျချင်တယ်။

နောက် Intuition ဆိုတာက လူတကာ သိပ်အသုံး နည်းတယ်။ သူလည်း သိတာပဲ။ ဒါပေမယ့် ဘယ်လို အသိမျိုးကို ခေါ်တာလဲဆိုတော့ နက်နဲလေးနက်ပြီး အများတကာ လူတကာ မသိနိုင်၊ ဉာဏ်မမီနိုင်တဲ့ ပညာမျိုးကိုခေါ်တာ။ ပါဠိစကားကျတော့ ရှိတယ်။ ဉာဏဝိသယတဲ့။ သူက ခက်ခဲလေးနက်တယ်။ အလွယ် တကူ မသိနိုင်တဲ့ သဘောတွေ အဲဒါတွေ ရှိတယ်။

အဲဒီတော့ ဥပမာဆိုပါတော့။ ခုခေတ်မှာ ပြောကြတာ ရှိတယ်။ လူတိုင်းတော့ Relativity ကို ကြားဖူးနေကြတာ၊ ပြော နေကြတာ။ တကယ်နားလည်လို့လားလို့ မေးတော့ မသိဘူး။ ဒါက အိုင်းစတိုင်းတို့လိုပုဂ္ဂိုလ်မျိုးမှ သိနိုင်တယ်။ လူတကာ အကုန်မလိုက် နိုင်ဘူး။ ဒီသဘောတွေ ရှိနေတယ်။

နောက် ဒါတွေအကုန်လုံးနဲ့သက်ဆိုင်တဲ့ အကျယ်အဝန်း ဆုံး စကားက wisdom။ wisdom ကို 'ပညာ'လို့ ဆရာခေါ်ရတာက ပါဠိစကား၊ ပညာကို အင်္ဂလိပ်ဘာသာပြန်တဲ့ဆရာတွေက wisdom လို့ ပြန်ကြတာ ရှိလို့ပဲ။ သူကတော့ သာမန်သိမှုလေး မဟုတ် ဘူး။ သာမန်သိမှု အစုအပုံလေး မဟုတ်ဘူး။ သူက ကျယ်ပြန့်တဲ့ သိနားလည်မှုအပေါ်မှာ အခြေခံပြီး အဆင့်မြင့်တဲ့ ဆုံးဖြတ်စွမ်းမှု နားလည်မှုကို ခေါ်တယ်။ ဒီနေရာမှာ ပညာရဲ့ အသုံးလေး ပါလာ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ အနက်အဓိပ္ပာယ်လေး။ တတ်သိနားလည်ရုံတင် မကဘူး။ တတ်သိနားလည်မှုအပေါ်မှာ အခြေခံပြီး လူသည် ဆုံးဖြတ်စွမ်းမှု ရှိလာတယ်။ ပြီးတော့ ရေရေလည်လည် ပယ်ပယ်နယ်နယ် ထောင့်စေ့စေ့ကနေ နားလည်လာတယ်။ ဒါမျိုးမှ wisdom လို့ခေါ်တယ်။

အင်္ဂလိပ်လိုတော့ wisdom ကို အနက်ပြန်တဲ့အခါမှာ (wisdom implies superior judgement and understanding based on broad knowledge ) wisdom သည် သာမန်သိရုံမဟုတ်၊ လူတွေ လုပ်ကိုင်ပြောဆို တွေးတောကြံဆတဲ့ နေရာတွေမှာ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်တဲ့ သဘောမျိုး၊ ထိန်းသိမ်းနိုင်တဲ့ သဘောမျိုး။

ပါဠိလိုတော့ ပညာပုဗ္ဗင်္ဂမဆိုတဲ့ စကားရှိတယ်။ အရိယာသံဃာ အရှင်မြတ်တွေရဲ့ စိတ်မှာ ပညာသည် ရှေ့က အမြဲသွားတယ်လို့ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောတယ်။ လူသာမန်တွေက မကြာခဏ ပညာရှေ့မဆောင်ဘဲ ပညာမှတစ်ပါးအခြားသော အရာတွေက ရှေ့ဆောင်တဲ့အတွက် လောကကြီးမှာ ဝမ်းနည်းစရာတွေ၊ ကြေကွဲစရာတွေ အများကြီး ဖြစ်လာတယ်။

ဒါကြောင့်မို့လည်း ပညာဆိုတာ သိရုံတင်မကတော့ဘူး။ လူရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေကို ထိန်းသိမ်းကြပ်မတ်ပြီး ရှေ့ဆောင်ပြုပြင်ပေးတဲ့သဘောရှိတယ်။ကောင်းသောအဓိပ္ပာယ်တွေ အများကြီးဝင်နေတယ်။ ယေဘုယျ ဒီသဘောမျိုး နားလည်ထားရမယ်။

www.burmeseclassic.com

www.burmeseclassic.com



## မြန်မာမှာ 'ပညာ'ဆိုတဲ့ စကားက-

ပညာဆိုတဲ့စကား ဘယ်က လာသလဲဆိုရင် ပဇာနနာဆိုတဲ့ စကားကလာတယ်။ သိပ်ခက်တဲ့ ပညာနဲ့ ပတ်သက်လာရင် မြတ်စွာဘုရားက ပဇာနာတိဆိုတဲ့ စကားကိုသုံးတယ်။ ဥပမာ နိဗ္ဗာန်မင်္ဂဖိုလ်ကို ရောက်ဖို့အတွက် တစ်ကြောင်းတည်းသော လမ်း၊ တစ်ခုတည်းသောယာဉ်လို့ ဝိသေသနပြုပြီး မြတ်စွာဘုရားဟောတဲ့ မဟာသတိပဋ္ဌာန်သုတ်တော်ကြီးမှာ ပဇာနာတိဆိုတဲ့ စကားကို အထပ်ထပ်သုံးတာ တွေ့ရတယ်။

ဥပမာ လျှောက်ရင်လျှောက်တယ်လို့ သိပါ။ ထိုင်ရင် ထိုင်တယ်လို့ သိပါ။ အဲဒီမှာ မြတ်စွာဘုရားက 'သိ' ဆိုတဲ့ စကားကို ပဇာနာတိလို့ သုံးတယ်။ ဘာကြောင့်လဲဆိုတော့ သိခြင်းသဘောကို ပြောတဲ့ ပါဠိစကားတွေ အများကြီးရှိတယ်။ ပဇာနာတိကတော့ အမြင့်ဆုံးပဲ။ လျှောက်ရင်လျှောက်တယ်လို့ ပညာနဲ့သိပါ။ ဒါကြောင့်မို့ ပဇာနာတိလို့ ဟောတယ်။ အကြောင်းမဲ့သုံးသွားတာ မဟုတ်ဘူး။ မြတ်စွာဘုရားက 'သိပါ' ဆိုတာ အများအားဖြင့်သိပါ၊ လေးလေးနက်နက် သိပါ၊ အဖက်ဖက်က ထောင့်စုံအောင်သိပါ၊ ထိုးထွင်းပြီး သိပါဆိုတဲ့ သဘောတွေပါတယ်။ မြန်မာလို ဘာသာပြန်ဖို့ နည်းနည်းခက်တယ်။

ပညာဆိုတဲ့စကားကလည်း ပြဇညာဆိုတဲ့ စကားက ဆင်းသက်လာတာ။ အတူတူပါပဲ။ အဲဒီလို ပြဇညာက ဆင်းသက်လာတာ။

www.burmeseclassic.com

www.burmeseclassic.com



ပညာနဲ့ နွယ်နေတဲ့ စကားတစ်လုံးရှိတယ်။ ဉာဏ။ ဉာဏဆိုတာလည်း သိခြင်းပဲ။ ပါဠိမှာတော့ ဉာဏကိုသိခြင်း၊ ပညာစေတသိက်လို့ အနက်အဓိပ္ပာယ် ပေးတယ်။ ပညာအကြောင်းပြောရင် ဉာဏအကြောင်းပါပြီး ဉာဏအကြောင်းပြောရင် ပညာအကြောင်း ပါတယ်။ အနက်အဓိပ္ပာယ်အားဖြင့်တော့ တူတာများတယ်။ သဒ္ဒါနည်းအရ ကွဲကွဲပြားပြား သုံးသွားတာပဲ ရှိတယ်။

ဥပမာဆိုပါတော့ မင်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုတဲ့ စကားတွေကြားဖူးမှာပေ့ါ။ ဉာဏ်ဆိုတဲ့နေရာမှာ မင်ပညာ၊ ဖိုလ်ပညာလို့လည်း သုံးတယ်။ ဒီလိုပဲ စိန္တာမယဉာဏ်၊ သုတာမယဉာဏ်၊ သောတာမယဉာဏ်၊ ဘာဝနာမယဉာဏ်လို့ သုံးသလို စိန္တာမယပညာ၊ သုတာမယပညာ၊ သောတာမယပညာ၊ ဘာဝနာမယပညာလို့လည်း သုံးတယ်။ အချို့နေရာတွေမှာ အပြန်အလှန် အတူပမာသုံးလို့ရတာတွေရှိတယ်။

ဒါကြောင့်လည်း ပညာရှိကို အမျိုးမျိုးခေါ်ကြတယ်။ လူအများကြားဖူးတာက ပညာရှိကို ပဏ္ဍိတလို့ပဲ ကြားဖူးကြတယ်။ မေဒါဝီဆိုတာလည်း ရှိတယ်။ မေဒါဝီကလည်း ပညာရှိကိုပဲ ပြောတာ။ ဘာကြောင့်လဲဆိုတော့ မေဒဆိုတာကလည်း ပညာကိုပဲပြောတာ။ အဲဒီလိုပဲ ဝိညူကိုလည်း ပညာရှိလို့ခေါ်တာပဲ။ ကဝိ ဆိုတာလည်း ပညာရှိ။ အဲဒီလိုပဲ ဉာဏီဆိုတဲ့ ပညာရှိလည်း ရှိတယ်။ စကားလုံးတွေက တစ်ခုနဲ့တစ်ခု ဆက်သွယ်နေတဲ့ သဘောတွေ။

တစ်ခါ ပညာအကြောင်းပြောလို့ရှိရင် မပါရင်မဖြစ် ပညာနဲ့ဆက်သွယ်ထားတဲ့ စကားတစ်လုံး ရှိသေးတယ်။ ဝိဇ္ဇာ။ ဝိဇ္ဇာကိုပါဠိ အဘိဓာန်မှာ အနက်ပေးတာက အတတ်ပညာတဲ့၊ အဘိဉာဉ်တဲ့၊ ဒေဝ ကျမ်းတဲ့၊ မန္တာန်တဲ့၊ အရိယဉာဏ်တဲ့။ စကားတစ်လုံးတည်းမှာ

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပာယ် ကွဲတာတွေ အများကြီးရှိတယ်။ အင်္ဂလိပ်လိုတော့ ဝိဇ္ဇာကို knowledge တဲ့၊ learning တဲ့၊ schorlarship တဲ့၊ science တဲ့၊ wisdom တဲ့၊ skill တဲ့၊အဲဒီလိုပေးတာတွေရှိကြတယ်။

ဓမ္မစကြာတရားတော်ကြီးမှာ ပညာဆီ ရောက်သွားတဲ့ အကြောင်း ပြောတဲ့အခါမှာ စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒါပါဒိ၊ အာလောကောဥဒပါဒိဆိုတဲ့ စကားတွေ သုံးတယ်။ ဥဒပါဒိဆိုတာ ထင်ရှားတာကိုပြောတာ။ ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသားဖြစ်သွားတာ ဥဒပါဒိ။ ဒီနေရာမှာ ပညာ၊ဝိဇ္ဇာဆိုတဲ့ စကားသုံးတယ်။ အဲဒီမှာ ကိန်းဝပ်နေတဲ့ သဘောတွေကို ရှင်းသာ ရှင်းမယ်ဆိုရင်တော့ ကျမ်းတစ်ကျမ်း ဖြစ်သွားလိမ့်မယ်။ အကျယ်မချဲ့တော့ဘူးနော်။ ပိုပြီးသိလိုသူများကတော့ဘုရားဟောကျမ်းတွေ၊ ဆရာတော်အရှင်မြတ်ကြီးတွေ ဟောကြားခဲ့တဲ့ ကျမ်းတွေကို ဆက်လက်ဖတ်ရှုပါလို့၊ ဒီလောက်ပဲ မှာချင်တယ်။

■ ***ပညာဆိုတာ အမှားအမှန် ချင့်ချိန်ဝေဖန်နိုင်တဲ့ ကျယ်ပြန့်တဲ့ အသိဉာဏ်ကိစ္စ၊ အမြော်အမြင်ရှိခြင်းကိစ္စပေါ့နော် ဆရာ။ အသိနဲ့ အကျင့် ထပ်တူကျ၊ မကျ ကိစ္စ လည်း သိချင်ပါတယ် ဆရာ။***

အဲဒီမှာ သိပ်အရေးကြီးတဲ့ စကားက သိက္ခာ။ သိက္ခာကို မြန်မာလိုတော့ သင်ယူခြင်း၊ ဖြည့်ကျင့်ခြင်း၊ အဲဒီလို နားလည်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကျင့်ဝတ်၊ အကျင့်၊ အဘိဓာန်တွေမှာ ဒီလိုပဲပေးတယ်။ အင်္ဂလိပ်ကျတော့ သိက္ခာကို learning တဲ့၊ study တဲ့၊ training တဲ့။ ဒီလို ဘာသာပြန်ပေးတယ်။ ဒါပေမယ့် ဆရာ စောစောက ပြောတဲ့အထဲမှာ မြတ်စွာဘုရားသာသနာကို ပိုင်းခြားတဲ့အခါမှာ ဒီ သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဆိုပြီး ပိုင်းခြားထားတယ်။ သုံးပါးစလုံးက အလွန် မြင့်မြတ်နက်နဲပါတယ်။ အမြင့်ဆုံးကတော့ ပညာသိက္ခာက အမြင့်ဆုံးပဲ။

ခင်ဗျားတို့ ကျွန်တော်တို့ ရှိခိုးပူဇော်နေတဲ့ ဆရာတော် အရှင်မြတ်ကြီးတွေက သိက္ခာသုံးပါးနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ သုံးပါးသော သိက္ခာနဲ့ပြည့်အောင် ဖြည့်ဆည်းကြိုးစားနေကြတယ်။ ဒီသိက္ခာကလည်း ပညာနဲ့ အလွန်ပတ်သက်နေတယ်။ အဲဒါကြောင့် ပညာသိက္ခာကြတော့ သာမန်ကျင့်ဝတ်မကတော့ဘူး။ ပညာကို ပြည့်ပြည့်ဝဝရအောင် လုပ်လိုက်တဲ့ကျင့်ဝတ်ဖြစ်နေတယ်။ တစ်နည်း အားဖြင့် အသိနှင့်အကျင့်သည် ခွဲခြား၍မရ။

သူတို့ဆီကလူတွေ 'ပညာ' လို့ပြောတိုင်းပြောတိုင်း ဆရာ သိပ် ဘဝင်မကျမိဘူး။ သိခြင်းနှင့်ကျင့်ခြင်း၊ တစ်နည်း သိစဉ်နဲ့ ကျင့်စဉ်သည် တခြားစီလို့ ပြောပြောနေကြတာ ရှိတယ်။ ဗုဒ္ဓအဆုံး အမမှာတော့ သိစဉ်နဲ့ ကျင့်စဉ် တွဲနေတယ်။

ပညာအစစ်သည် သိတယ်။ သိသည့်ခဏ၌ ပယ်ရမှာကိုပယ် တယ်။ ဆိုက်ရောက်ရမယ့်နေရာကို တစ်ခါတည်းရောက်သွားတယ်။ ပြီးတော့ ပွားရမယ့်အရာကို ပွားသွားတယ်။ ပညာတစ်ခုတည်းကနေ ကိစ္စလေးခု လုပ်တယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား ထိုလေးပါးတဲ့။ အဲဒီလိုခေါ်တယ်။ ပြီးတော့ သစ္စာလေးပါးတရားကို ပြောတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတစ်ပြိုင်နက် ပြီးတဲ့ကိစ္စကို ကျွန်တော်တို့ ဝိပဿနာ ဆရာတော်ကြီးတွေက ဘယ်လိုဆောင်ပုဒ်ပေးလဲဆိုတော့ 'သစ္စာလေးချက်၊ တစ်ပြိုင်နက်၊ အနက် ဘယ်သို့ ထွက်သနည်း'တဲ့။

သစ္စာလေးပါးကို မျက်မှောက်ပြုလိုက်တဲ့ခဏမှာ ခုနက ပြောတဲ့ သစ္စာလေးပါးဟာ တစ်ပြိုင်နက် ပြီးသွားတယ်။ အလွန်သိရခက်တဲ့ဟာတွေပါ။ ဒီအထိတောင်ပြောဖို့တော့ မရည်ရွယ်ပါဘူး။ သူ့ရဲ့လေးနက်မှု၊ သူက သိရုံနဲ့ မပြီးဘူး။ မရပ်ဘူးဆိုတာ ပြောတာ။

ပညာစစ်တို့မည်သည် သိသည့်ခဏမှာ ပယ်သင့်တာပယ်၊ ရသင့်တာ ဆိုက်သင့်တာကို ရပြီးသား ဆိုက်ပြီးသားဖြစ်ပြီးတော့ ထိုရထားသောအရာကို ပွားဖြစ်အောင်လည်း ပွားနေရမယ်။ ဒီကိစ္စဟာ 'ပညာရဲ့ကိစ္စလေးရပ်' ဆိုတာ လူတော်တော်များများက သတိလစ်ကြတယ်။ အဲဒီအတွက်လည်း မကြာခဏ သိခြင်းနဲ့ အကျင့်၊ သိမှုနဲ့ စာရိတ္တ အဲဒါတွေက တခြားစီ ဖြစ်သယောင်ယောင် ရှိတယ်။

ဖြစ်သယောင်ယောင်လို့ပြောတဲ့အကြောင်းက အနောက်နိုင်ငံ က ပညာရှိတွေမှာလည်း ဗုဒ္ဓလောက် ထင်ထင်ရှားရှား မသိလို့ မပြောပေမယ့် သိခြင်းနဲ့အကျင့်ဆက်သွယ်နေမှုန်း နားလည်ကြတယ်။

ဒီတော့ ဒါက ခင်ဗျားတို့ သိချင်တဲ့ပညာရဲ့သဘောတွေ၊ ပညာ အကြောင်းကို ဆရာ ယေဘူယျစကားလုံးတွေနဲ့ ပြောပြတာပါပဲ။

## *ပညာကို ဘယ်လိုရနိုင်ပါသလဲဆရာ*

ပညာ ဘယ်လိုရသလဲ။
ပညာ ဘယ်လိုရသလဲ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ စကားလုံးတွေကို ပြောလိုက်တာနဲ့တစ်ပြိုင်နက် Education ဆိုတဲ့ စကားလုံးဟာ ထွက်လာတယ်။ Educationကိုအခု လူတွေက သာမန်အားဖြင့်တော့ ပညာရေးလို့ ခေါ်နေကြတယ်။ Education ကို ပညာရေးလို့ခေါ်တဲ့ဥစ္စာက ဆီလျော်သင့်မြတ်တဲ့ နေရာမှာ ဆီလျော်သင့်မြတ်ပေမယ့် အဓိပ္ပာယ် ရာခိုင်နှုန်း ၁၀၀ မပြည့်ဝဘူး။ အဲဒါလေးကိုတော့ နည်းနည်း အကျယ်ပြောချင်တယ်။

Education ဆိုတဲ့ စကားက ဘာကိုပြောတာလဲဆိုတာ ပညာရရှိအောင် ပြုလုပ်သော ကြိုးပမ်းအားထုတ်မှု၊ ဒါ Education၊ နောက်တစ်ခါ ယေဘုယျကတော့ ပညာရအောင်ကြိုးပမ်းအားထုတ်နေတဲ့နေရာမှာ နှစ်ပိုင်းပါလာတယ်။ပညာရအောင်အားထုတ်တဲ့လူရယ်။ ထိုသူကို ပညာရအောင်အတွက် သင်ကြားပေးတဲ့ ပုဂ္ဂိုလ်ရယ်၊ နှစ်ပိုင်းပါတယ်။ ဒီပုဂ္ဂိုလ်သည် တစ်ဦးတစ်ယောက်ဖြစ်ချင်ဖြစ်မယ်၊ အဖွဲ့အစည်းဖြစ်ချင်ဖြစ်မယ်၊ နိုင်ငံတော် ဖြစ်ချင်ဖြစ်မယ်။ နောက် Education ဆိုတဲ့ စကားကို သုံးလို့ရှိရင် သုံးဦးစလုံးကို ထည့် စဉ်းစားရတယ်။

တစ်နည်းအားဖြင့် Education ကို အများနားလည်အောင်ပြောရရင် 'သိနားလည်ခြင်းအဆင့်' လို့ခေါ်ရင်ကောင်းမယ်။ အဆင့်ဆိုတော့ အဆက်ဆက် သဘောလေးရှိတယ်။ နိမ့်ရာက မြင့်ရာကိုယူတဲ့ သဘောလည်း ပါတယ်။ ဆက်သွယ်နေတဲ့ သဘောလည်းပါတယ်။ ပြီးတော့ အဆင့်ဆိုတာက အဖြစ်သဘောမျိုး။ တိုးတက်ဖြစ်ထွန်းခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်ရှိတယ်။

Education ကို The process of developing and training of knowledge etc.. လို့ အင်္ဂလိပ်လို အဓိပ္ပာယ်

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ဆိုတယ်။ ဒီမှာ process ဆိုတာ အစဉ်သဘောကိုပြောတာ။ ဘာအစဉ်လဲ developing မဖွံ့ဖြိုးသေးတာကို ဖွံ့ဖြိုးအောင် လုပ်တာ။ ဖွံ့ဖြိုးမှုမရှိသေးတာကို ဖွံ့ဖြိုးမှုရှိအောင် လုပ်တာ။ အဲဒါ Education။

တစ်ခါ မရှိသေးတာကို ရှိလာအောင် လေ့ကျင့်ပေးတာ။ developing နဲ့ tranining သဘောမျိုးကို Education လို့ ခေါ်တာ။ ဘာတွေကို develop ဘာတွေကို training လုပ်ပေးသလဲဆိုတော့ knowledge အစရှိတဲ့ သိဖွယ်တွေကို စနစ်တကျ သင်ပေးခြင်း၊ သင်ယူခြင်း အဲဒါကို Education လို့ခေါ်တယ်။

အဲဒီ developing, training ဆိုတဲ့ စကားနဲ့ မကွဲပြားသလို ဖြစ်နေတာ school ဆိုတဲ့ စကား။ မြန်မာလို 'ကျောင်း'။ အဲဒီ ကျောင်းဆိုတာကိုလည်း လူတွေတော်တော်များများက အဓိပ္ပာယ်ကောက် မှားနေတဲ့အတွက် အသုံးအနှုန်းတောင်မှ သဘောမပေါက်ဘူး ဖြစ်နေတယ်။

**■ *အဲဒီ school မြန်မာလို 'ကျောင်း' အကြောင်းလေး ပြောပြပါဦးဆရာ။***

အနောက်နိုင်ငံကြီးတွေမှာဆိုရင် တက္ကသိုလ်ကတော့တက္ကသိုလ်ပဲပေါ့။ အဲဒီတက္ကသိုလ်ကြီးကို ခွဲခြားလိုက်ရင် အောက်မှာ ပညာရပ်တွေ ပေးနေတဲ့ဌာနတွေ ရှိတယ်။ အဲဒီတက္ကသိုလ်ကြီးတွေဟာ ပညာပေးတဲ့ ဌာနကြီးတွေကို school လို့ပဲ ခေါ်တယ်။ London

www.burmeseclassic.com

www.burmeseclassic.com



school of Economic။ အဲ. . ဟားဗက်ဆိုရင်တော့ Graduate School, Under-graduate School။ School ဆိုတဲ့ စကားလုံးကို တက္ကသိုလ်အဆင့်မှာ ဂုဏ်သရေရှိစွာနဲ့ သုံးကြတယ်။

School ဆိုတဲ့ မူလစကားက ခေါမစကား School ဆိုတဲ့ စကားက ဆင်းသက်တယ်။ School ဆိုတဲ့စကားက leisure ဆိုတဲ့ အဓိပ္ပာယ်ရတယ်။ ဒါ မူလအစပေါ့။ နောက် ကာလရွေ့လျောတဲ့ အခါ အားလပ်မှုကို အသုံးချခြင်းကို Schole လို့ခေါ်တာ။ နောက် အဲဒီလို အားလပ်မှုကို အသုံးချခြင်းပြုနေတဲ့နေရာကို Schole လို့ခေါ်တယ်။

ဆိုလိုတာက ပညာကို ရအောင်လုပ်ဖို့ဆိုရင် အားလပ်ချိန် ဆိုတာ ရှိရမယ်။ လူဆိုတာက စားဝတ်နေရေး လုံးပမ်းနေရတော့ မအားလပ်ဖြစ်နေရင် ပညာနဲ့ ဝေးသွားတတ်တယ်။ ပညာအတွက် သက်သက်အချိန်လေးပေးပြီး မေးမြန်းခြင်း၊ ဆွေးနွေးခြင်း၊ စဉ်းစားခြင်း၊ တွေးတောခြင်း၊ စူးစမ်းခြင်း၊ စမ်းသပ်ခြင်း အဲဒါတွေကို လုပ်ရတယ်။ ပညာလိုချင်တဲ့ သူတွေဟာ အားလပ်တဲ့အချိန်မှာ အရစ္စတိုတယ်တို့၊ ပလေတိုတို့၊ ဆိုကရေးတီးတို့ ပုဂ္ဂိုလ်တွေဆီသွားကြ၊ သူတို့ဟောတာပြောတာတွေ နားထောင်ကြ၊ မရှင်းတာရှိရင် မေးကြ၊ မကျေနပ်တာတွေ ကန့်ကွက်ကြ၊ ငြင်းကြခုန်ကြ၊ ဒီသဘောပဲ Schole ဆိုတာ။

အဲဒါကို ဗုဒ္ဓမြတ်စွာဟောတဲ့ စောစောက ဆရာပြောတဲ့ ကာလေန ဓမ္မသဝနာ၊ ဓမ္မသာကစ္ဆာနဲ့ ယှဉ်စဉ်းစားပါ။ အခါအားလျော်စွာ တရားတော်ကို ဆွေးနွေးမေးမြန်းခြင်းဟာ Schole နဲ့ သဘောချင်းလာတူနေတယ်။ ဆိုတော့ Schole ဆိုတဲ့ စကားဟာ

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်မငယ်ပါဘူး။ သူတို့ဆီမှာ မြတ်မြတ်နိုးနိုး လေးလေးစားစားကို သုံးတြတာပါ။

တချို့က ကောလိပ်လို့သုံးတယ်။ တချို့က Faculty လို့ သုံးတယ်။ ဒါပေမယ့် School လို့ပဲ သုံးနေတဲ့နေရာတွေ အများကြီး ရှိပါတယ်။ အားလပ်ချိန်မှာ လူတွေသည် မဟုတ်တာလုပ်နေမယ့် အစား ပညာရရာရကြောင်းအတွက် သုံးတာကို Schole လို့ခေါ် တာ။ ဒါကို ကာလရွေ့လျောတော့ ဒီလိုလုပ်တဲ့နေရာကို School 'ကျောင်း' လို့ခေါ်တာ။

နောင် ကာလရွေ့လျောတော့ အားလပ်ချိန်မှ မဟုတ်ဘူး။ ငယ်စဉ်ကလေးတွေက အလုပ်မရှိဘူး။ အလုပ်မရှိတော့ အဲဒီအချိန်မှာ သွားကြ၊ အဲဒီမှာပညာတွေကို စနစ်တကျသင်ယူကြ၊ ဒါကို School လို့ ခေါ်ရတယ်။ ခုနကပြောတဲ့ ကမ္ဘာ့တက္ကသိုလ်ကြီးတွေမှာ တက္ကသိုလ်အဆင့်မှာကို ဒီလိုတွေ့ဆုံမေးမြန်းခြင်း စသည်ပြုတဲ့ဟာ School လို့ခေါ်တယ်။ အဲဒါ Education က School ကနေ ရတာ။

အားလပ်ချိန်မှာ ပညာရှာခြင်းဟာ သိပ်အရေးကြီးတယ်။ ခင်ဗျားတို့သိတဲ့အတိုင်း ရှေးခေတ်တုန်းက ကျောင်းတွေမှာ ကျောင်း ပိတ်ပေးတာ ရှိတယ်။ ဘာဖြစ်လို့လဲ၊ အဲဒါ သူတို့ ခဏနားတာ။ ပြန်ပြီးကျောင်းဖွင့်တဲ့အခါကျတော့ လန်းဆန်းကြည်လင်ပြီးလာတယ်။ အားလပ်ချိန်ဟာ ပညာရေးမှာ အရေးကြီးတယ်။

ကျောင်းသားတွေအတွက် အားလပ်ချိန်ဟာ အရေးကြီးတဲ့ ကိစ္စတစ်ရပ် ဖြစ်လာတယ်။ တက္ကသိုလ်တွေမှာ ပညာသင်တာ ကြည့် ပါလား သင်လိုက်၊ ရပ်လိုက်၊ အတန်းပြောင်းသင်လိုက် အဲဒီသဘော

www.burmeseclassic.com

www.burmeseclassic.com



လေးတွေရှိတယ်။ ဒါ အားလပ်ချိန်ရဲ့ အရေးကြီးပုံကို ပြောတာဖြစ်တယ်။

နောက်အားလပ်ချိန်မှာ ပညာရရာ,ရကြောင်း ဘယ်လိုဆက်သွယ် သလဲဆိုရင် စိတ်ပညာသဘောအရ အများကြီးပြောစရာ ရှိတယ်။ ထားလိုက်ပါတော့။ အတိုချုပ်ကတော့ လူရယ်လို့ဖြစ်လာလို့ရှိရင် ပညာရဖို့အတွက် ပညာရေးအစဉ် ရှိရမယ်။ ဒီပညာရေးအစဉ်ကို စနစ်တကျ School လို့ခေါ်တဲ့ ကျောင်းတွေမှာ လုပ်ပေးတယ်။ ပညာသင်ယူသူနဲ့ ပညာသင်ပေးသူဆိုပြီး ရှိလာတယ်။

တစ်ခါ ပညာသင်ယူသူနဲ့ ပညာသင်ပေးသူကြားထဲမှာ ဆွေးနွေးခြင်း၊ မေးမြန်းခြင်း၊ စောဒကတတက်ခြင်း ဒါတွေရှိလာတယ်။ ဒါသိပ်အရေးကြီးတယ်။ အဲဒါတွေ မရှိဘဲနဲ့ ပညာစစ်၊ ပညာမှန်မရနိုင်ဘူး။

အဲဒီမှာ School ကနေပြီးတော့ အဆင့်မြင့်တဲ့ပညာတွေ သင်ပေးတဲ့ တက္ကသိုလ်ဆိုတဲ့ University တွေ ပေါ်လာတယ်။ ရှေးတုန်းကတော့ University မခေါ်သေးဘူး။ ပလေတိုတို့ ဘယ်မှာသင်သလဲဆိုရင် တောအုပ်ထဲမှာ သာယာလှပတဲ့ နေရာမှာသင်တယ်။ နေရာလေးဟာ သာသာယာယာရှင်ရှင်လန်းလန်း လွတ်လွတ်လပ်လပ် ရှိတယ်။

ကျွန်တော်တို့ အရှေ့တိုင်းမှာတော့ ဘာရှိသလဲဆိုရင် ပညာသင်ချင်ရင် ဒိသာပါမောက္ခဆီ သွားရတယ်တဲ့။ ပါမောက္ခ၊ တစ်နည်း ပါမောက္ခောဆိုတဲ့ အဓိပ္ပာယ်က ထင်ရှားမြင့်မြတ်ခြင်းလို့ အဓိပ္ပာယ်ရတယ်။ ဆိုလိုတာက ဘယ်နေရာမှာဘယ်ပုဂ္ဂိုလ်သည် ပညာအရာ၌ ထင်ရှားတယ်ဆိုရင် သူ့ဆီသွားကြရတယ်။ ဒိသာဆိုတာ 'အရပ်'။

www.burmeseclassic.com

www.burmeseclassic.com



အရပ်ရှစ်မျက်နှာလုံးမှာ ထင်ရှားကျော်ကြားတဲ့ ဒိသာပါမောက္ခဆီ သွားကြရတယ်။

နောက် အိန္ဒိယသမိုင်းမှာ 'တက္ကသီလာ' ဆိုတဲ့နေရာ ရှိတယ်။ အဲဒီမှာတော့ အရှေ့အနောက်က ပညာတော်တော် စုံပုံရတယ်။ တက္ကသီလာကနေ တက္ကသိုလ်ဖြစ်လာတာ။

အခုထိလည်း ဒီအစဉ်အလာက ကျွန်တော်တို့မှာ ရှိနေတုန်းပဲ။ ပညာသင်တယ်ဆိုရင် မန္တလေးတက်ကြပြီ။ မစိုးရိမ်တိုက်ကို သွားကြပြီ။ မစိုးရိမ်ဆရာတော်ဘုရားကြီး ရှိတယ်။ ညဝါတက်ဖို့ကျတော့ ပခုက္ကူကို သွားကြပြီ။ ပခုက္ကူမှာလည်း ဆရာတော်ဘုရားကြီးရှိတယ်။ နောက် အမရပူရကို သွားကြတယ်။ အရှင်ဇနကာဘိဝံသရှိတယ်။ နောက် မင်းကွန်းသွားကြတယ်။ တိပိဋကဆရာတော်ဘုရားကြီး ရှိတယ်။ ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်မြတ်တွေရှိရာကို ပညာတော်သင် သွားကြရတယ်။

University တွေပေါ်လာတာလည်း ဒီအစဉ်အလာ တွေပဲ။ အစကတော့ University ကို University လို့ မခေါ်ဘူး။ Studium Generale လို့ သုံးတယ် Studium ဆိုတာ Education ကိုပြောတာ။ ဒါ လက်တင်စကား။ Studium General ဆိုတာ Education For All လို့ အဓိပ္ပာယ် ရှိတယ်။ သတိထားစရာ သုံးထားတာနော်။ Education For All ။ အားလုံးအတွက် ပညာရေး၊ လူတန်းစားမခွဲဘဲ ပညာလိုချင်သူမှန်သမျှကို ဆီးကြိုပွေ့ဖက်တဲ့ သဘောပါတယ်။

ဒိသာပါမောက္ခဆရာရှေ့ရောက်ရင် မင်းမျိုးပုဏ္ဏားမျိုး ဘာမှ မခွဲတော့ဘူး။ တန်းတူပညာသင်ရတယ်။ ပညာထူးချွန်သူမှန်ရင်

www.burmeseclassic.com

www.burmeseclassic.com



သာမန်အမျိုးကလည်း မင်းမျိုး၊ ပုဏ္ဏာမျိုးရဲ့ အထက်မှာ ရှိတယ်။ ဆရာ့လက်ထောက် ကျောင်းသားကြီးအဖြစ်နဲ့ နေရာပေးခံရတယ်။ ဒီနေရာမှာ ဘာဝင်လာသလဲဆိုရင် လွတ်လပ်မှုသဘောတွေ ပါလာတယ်။ ငါက မင်းမျိုး၊ ပုဏ္ဏားမျိုးဆိုပြီးတော့ ပညာနယ်ပယ်မှာ သွားပြီးတော့ အပေါ်စီးယူလို့ မရဘူး။ ပညာနယ်ပယ်မှာ အပေါ်စီးလိုချင်ရင် သူများထက်တော်ရတယ်။ တတ်ရတယ်။ ဆရာကလည်း လူမျိုးမရွေးဘဲ တော်တဲ့တတ်တဲ့သူမှ လက်ထောက်ခန့်တယ်။

ဥရောပမှာ တက္ကသိုလ်တွေက စတူဒီယင်ဂျင်နရယ်(လ) ဆိုတဲ့ အခေါ်အဝေါ်နဲ့ စခဲ့တာ။ Studium Generale ရဲ့ ကာယဖွဲ့စည်းမှုမှာ အစိတ်အပိုင်းကြီးနှစ်ပိုင်းပါတယ်။ တစ်ပိုင်းကို Universitas Ma-gisterium လို့ခေါ်တယ်။ ယူနီဗာစီတက်(စ)ဆိုတဲ့ စကားက ဒီနေရာမှာ guild လို့ အဓိပ္ပာယ်ရှိတယ်။ သဘာဝတူသူ များရဲ့ အစုအဖွဲ့လို့ အဓိပ္ပာယ်ရတယ်။ ကျန်တစ်ပိုင်းကို Universitas Scholarium လို့ခေါ်တယ်။ စကော်လာရီယင်ဆိုတာက တပည့်၊ သင်ယူသူလို့ အဓိပ္ပာယ်ရှိတယ်။ ဆရာအစု၊ တပည့်အစု၊ တစ်နည်း သင်ပေးသူအစုနဲ့ သင်ယူသူအစုဆိုတဲ့ သဘာဝအစုနှစ်ခု။ စတူဒီယင်ဆိုတဲ့ စကားကလည်း Studere ဆိုတဲ့ စကားက ဆင်း သက်လာတယ်။ A busying oneself about a thing လို့ အဓိပ္ပာယ်ရှိတယ်။ မိမိကိုယ်ကို တစ်စုံတစ်ရာကိစ္စ၌ အလုပ်များနေစေခြင်းလို့ ဘာသာပြန်ရမယ်။ မှတ်သားလောက်တယ်။ ဆရာက သင်ပေးမှုမှာ၊ တပည့်ကသင်ယူမှုမှာ အလုပ်များနေတယ်။ဘဝပြုနေတယ်။

ကျွန်တော် အတိုချုံးပြီးတော့ ဥရောပတက္ကသိုလ်သမိုင်းကို

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် မူလက ပညာလိုချင်သူတွေက ပညာသင်ပေးနိုင်သူတွေဆီ စုဝေးရောက်လာတာပဲ။ ခင်ဗျားစဉ်းစားကြည့်။ လူပေါင်းစုံပဲ။ ဆင်းရဲသူ၊ ချမ်းသာသူ ရောက်လာတယ်။ သူစိမ်းတွေ ရောက်လာတယ်။ အဲဒီအခါမှာ စားဝတ်နေရေး အခက်အခဲတွေ ရှိလာတယ်။ လုံခြုံရေးအခက်အခဲတွေ ရှိလာတယ်။ သူစိမ်းတရံစာတွေက တခြားမြို့၊ တခြားရွာတွေကို လာတဲ့အခါ ဒေသခံတွေက ဘာလုပ်လဲဆိုတော့ ဘာသာရေးဂိုဏ်းကွဲမှုတွေ အများကြီး ဖြစ်နေတယ်။ ဥပမာဆိုပါတော့ ဂျူးတွေက ပညာတော်တော်တက်ကြတယ်။ အဲဒီဂျူးတွေက ခရစ်ယာန်နယ်ပယ်မှာလာစာသင်ပေးကြတယ်။ ဒီလိုပဲ သင်္ချာတို့၊ Astronomy (နက္ခတ္တဗေဒ)တို့ ပညာတွေကျတော့ မူစလင်တွေက တော်တယ်။ ခရစ်ယာန်တွေနေတဲ့ နေရာမှာ လာသင်ပေးကြတယ်။

အဓိပ္ပာယ်က ပညာနယ်ပယ်မှာ လွတ်လပ်စွာသွားခြင်း၊ နေခြင်း၊ ကူးသန်းခြင်း၊ ဆက်သွယ်ခြင်း၊ တောင်းဆိုခြင်းသဘောတွေရှိတယ်။ ဒီတော့ ပညာထွန်းကားရာ အရပ်တွေမှာ ဒေသခံတွေက သဘောထား ကြီးရင်ကြီး၊ မကြီးရင် ပြဿနာတွေ ဖြစ်တတ်တယ်။ အဲဒီအခါမှာ စိတ်ကောင်းစေတနာ ရှိတဲ့သူတွေက ဒီလူတွေကို ကူညီဖို့ ပညာယူချင်သူ၊ ပညာပေးချင်သူတွေကို ကူညီချင်တယ်၊ ထောက်ပံ့ ချင်တဲ့အတွက် ဆောင်ရွက်ပေးမှုတွေ ရှိလာတယ်။

ဥပမာ မှူးမတ်ကြီး၊ ရှင်ဘုရင်တွေ၊ ပုပ်ရဟန်းမင်းကြီး သူတို့တစ်တွေကနေပြီးတော့ ပညာရှာနေတဲ့နေရာကြီးတစ်ခုကို လွတ်လပ်မှု ပေးလိုက်တယ်။ စောင့်ရှောက်မှုလည်း ပေးတယ်။ အဲဒီမှာ ရောက်လာတဲ့ ပညာရှာသူ၊ ပညာပေးးသူတွေကို မနှောက်ယှက်ကြပါနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အန္တရာယ် မပေးကြပါနဲ့ပေါ့။ လုံခြုံလွတ်လပ်ပြီး မတောင့်တ၊ မကြောင့်ကြရတဲ့ မပူပန်ရတဲ့အရပ်။ ဒီနမူနာအတိုင်းပဲ တချို့ရှင်ဘုရင်တွေက လိုက်လုပ်ကြတယ်။

ပညာဆိုတာ အားပေးထိုက်တယ်ပေါ့။ နောက် ပုပ်ရဟန်းမင်းကြီးကိုယ်တိုင်ကလည်း အားပေးတာတွေရှိတယ်။ ဒါကြောင့် ရှင်ဘုရင်တွေရဲ့ စေတနာခွင့်ပေးမှုနဲ့ တက္ကသိုလ်ဖြစ်လာတာကြာတော့ Charter ချာတာရတယ်လို့ ခေါ်တယ်။ ပုပ်ရဟန်းမင်းကြီးရဲ့ စေတနာခွင့်ပေးမှုနဲ့ တက္ကသိုလ်ဖြစ်လာတာကျတော့ Bull ရတယ်လို့ ခေါ်တယ်။ အင်္ဂလန်က အောက်စဖို့တို့ ကင်းဘရစ်ချ်တို့ ချာတာတက္ကသိုလ်တွေ။

ဒါကြောင့် ကမ္ဘာမှာတက္ကသိုလ်ကြည့်လိုက်ရင် မတောင့်မတ၊ မကြောင့်မကြ ပညာသင်တဲ့နေရာလေးသဘောက စလာတယ်။ ဒါမှ ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ပညာကို ရှာနိုင်တာ။ စူးစမ်းနိုင်တာပါ။ ဒါမူလပေါ်ပေါက်လာတဲ့ တက္ကသိုလ်တွေရဲ့အခြေခံ တွေ။

***ပညာရေးသဘောစနစ်တွေ ကော ဘယ်လိုပေါ်လာသလဲ ဆရာ။***

အဓိက အားဖြင့်တော့

ပညာလိုချင်တဲ့သူရယ်၊ ပညာပေးချင်တဲ့သူရယ် ထိုနှစ်ပါးကို သဒ္ဓါတဲ့လူရယ်၊ ကူညီတဲ့သူရယ်ဒီသဘောပဲရှိတယ်။ ကာလရွေ့လျောတော့ ပညာရဲ့အကြောင်း ပိုသိလာတယ်။ ပညာသည် အလွန်အရေးကြီးတယ်။ လူတစ်ဦးအတွက်ရော လူ့

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းအတွက်ရော၊ နိုင်ငံတိုင်းပြည်အတွက်ရော အရေးကြီးတယ်ဆိုတာ သိလာတယ်။ အဲဒီလို သိလာတဲ့အခါမှာ ပညာရေးစနစ် သဘောတွေ စတင်ပေါ်ပေါ်လာတယ်။

ခုနပြောတဲ့အတိုင်းပဲ။ ပညာကို သဒ္ဓါတဲ့သူတွေ ပေါ်လာပြီ အားပေးအားမြှောက် ပြုကြတယ်။ ကျွန်တော်တို့ အရှေ့တိုင်းမှာလည်း ဒါတွေ အများကြီးရှိပါတယ်။ အထူးသဖြင့် မြန်မာ့သမိုင်းကို ပြန်ကြည့်ရင် ပညာကို ဘုရင်တွေအားပေးတဲ့ အထောက်အထားတွေ အများကြီး ရှိတယ်။ အစပိုင်းကတော့ ဘာသာရေးဆိုင်ရာ ပညာရေး က စ,တာပေါ့။ နောက်မှ ပွား,ပွားသွားတာ။

သူတို့ဥရောပမှာလည်း ဘုရင်တွေက ပညာရေးကို အားပေးတဲ့ သာဓကတွေ အများကြီးရှိတယ်။ အထင်ရှားဆုံးကတော့ ရှားလ်မိန်းဘုရင်ကြီးပဲ။ ရှားလ်မိန်းဘုရင်ကြီးလက်ထက်မှာ တိုင်းသူပြည်သားတွေ ပညာသင်နိုင်ဖို့ စနစ်တကျကြိုးပမ်းခဲ့တဲ့ မှတ်တမ်းတွေသွားတွေ့ရတယ်။

ဒါပေမဲ့မယ် National Education System လို့ ခေါ်နိုင်တဲ့ အမျိုးသားပညာရေးစနစ် ပေါ်လာတာက သိပ်မကြာသေးဘူး။ မရှိမဖြစ်လို့ ပေါ်လာတာ။ အမျိုးသားပညာရေးစနစ်ဆိုတာ ရှိအပ်တယ်။ ရှိထိုက်တယ်။ ပေါ်ထိုက်လို့ပေါ်တာ။ ဒီအမျိုးသားပညာရေးစနစ်က ဘယ်အချိန်ကစ ဘယ်မှာ ပေါ်လာလဲဆိုတော့ ပရပ်ရှားနိုင်ငံ၊ အဲဒီတုန်းက ဂျာမဏီရယ်လို့ ဖြစ်မလာသေးဘူး။ ပရပ်ရှားနိုင်ငံမှာ ဖရက်ဒရစ်ဝီလျံလက်ထက် ၁၇၁၇ ခုနှစ်မှာ ကလေးတွေရဲ့ ပညာရေးကို နိုင်ငံတော်က စ, ဂရုစိုက်လာခဲ့တယ်။

နောက် မဟာဖရက်ဒရစ်လို့ခေါ်တဲ့ ဖရက်ဒရစ်ဆိုရင် စစ်ရေး

www.burmeseclassic.com

www.burmeseclassic.com



မှာ သူ ဘယ်လောက်ကျွမ်းကျင်တယ်ဆိုတာသာ သိကြတာ။ ပညာရေးမှာ သူဘယ်လောက်လုပ်သွားသလဲဆိုတာ မသိကြဘူး။ တော်တော့်ကို လုပ်သွားခဲ့တယ်။ ဒီ ဖရက်ဒရစ်က စ,လုပ်လာခဲ့ပေမယ့် အမျိုးသားပညာရေးအဖြစ်တော့ တစ်ခဲနက် အင်နဲ့အားနဲ့ ဖြစ်မလာခဲ့ဘူး။

တစ်ခဲနက် အင်နဲ့အားနဲ့ ပညာရေးစနစ်ဖြစ်ဖို့က သမိုင်းက သင်ခန်းစာပေးဖို့ လိုတယ်။ သမိုင်းသင်ခန်းစာ ရတော့မှသာ ပညာရေးကို ဂရုစိုက်လာကြတယ်။ ဘယ်လိုဖြစ်လဲဆိုတော့ သိတဲ့အတိုင်း ပြင်သစ်ဧကရာဇ် နပိုလီယံက သိပ်တန်ခိုးကြီးတာ။ ၁၈၀၆ ခုနှစ်မှာ ပရပ်ရှန်းတွေနဲ့ ပြင်သစ်တွေ တိုက်တဲ့အခါ ယေးနား (Jena) မြို့ စစ်ပွဲမှာ ပရပ်ရှန်းတွေ အတုံးအရုံး မရှုမလှ ကျဆုံးကြတယ်။ အဲဒီဖြစ်ရပ်ကို ပရပ်ရှန်းတွေက 'ယေးနား ကံဆိုးမိုးမှောင်ကျမှု' (Disaster of Jena)လို့ခေါ်တယ်။

အဲဒီအရှုံးက ပရပ်ရှန်းတွေရဲ့ ဇာတိမာန်ကို ကျင်စက်တို့လှုပ်နှိုးခဲ့တယ်။ အမျိုးသားပြန်လည် ရှင်သန်ထမြောက်ရေးအတွက် ဉာဏ်ပညာကို တစ်ခဲနက် အသုံးပြုဖို့ ပရပ်ရှန်းတို့က သန္နိဋ္ဌာန်ချခဲ့ကြတာ။ တော်တော် အရေးကြီးတဲ့ဥစ္စာပါ။ ပညာရေးကို ပုဂ္ဂိုလ်တစ်ဦးရဲ့ ကိစ္စ၊ မိဘကိစ္စ၊ လူတစ်စုရဲ့ ကိစ္စအဖြစ်နဲ့ မစဉ်းစားတော့ဘဲနဲ့ အမျိုးသားရေးအဖြစ်နဲ့ စ,ကြည့်တာ။ ဟုတ်လား။

ဒါကြောင့် ရှေးမဟာဖရက်ဒရစ်ဘုရင်လက်ထက်ကတည်းက အစပျိုးခဲ့တဲ့ ပညာရေးလမ်းစဉ်ကို မဖြစ်မနေ မအောင်,အောင်အောင် အကောင်အထည်ဖော်လိုက်တယ်။ ပြန်ပြောမယ်။ ၁၈၀၆ ခုနှစ်က။ ပြင်သစ်တွေကတော့ မသိဘူး။ ဒါနဲ့ ပြင်သစ်ဘုရင် တတိယမြောက်

www.burmeseclassic.com

www.burmeseclassic.com



နပိုလီယံလက်ထက်မှာ ပရပ်ရှန်းတွေနဲ့ စစ်ဖြစ်ကြပြန်တယ်။

စစ်ဖြစ်တော့ ဆီးဒန်း (Sedan) မြို့တိုက်ပွဲမှာ မရှုမလှ ရှုံးပြီးတော့ တတိယမြောက် နပိုလီယံကြီး ပရပ်ရှန်းတွေကို လက်နက်ချခဲ့တယ်။ ပြောင်းပြန်ဖြစ်သွားတယ်။ မရှုမလှ ပြင်သစ်တွေ ရှုံးသွားတယ်။

အဲဒီ ပြင်သစ်ပရပ်ရှန်းစစ်ပွဲကို သမိုင်းက ဘယ်လိုခေါ် သလဲဆိုရင်တော့ "ပရပ်ရှန်းကျောင်းဆရာ၏အောင်ပွဲ"လို့ ခေါ်တယ်။ " Victory of Prussian Schoolmasters"။ ဘာကြောင့်လဲ။ ပညာရေးစနစ် ပြင်လိုက်တဲ့အတွက် လူတွေ စည်းကမ်းရှိလာတယ်။ ဉာဏ်ပညာ ထက်မြက်လာတယ်၊ တာဝန်သိတတ်လာတယ်၊ စည်းရုံးလာတယ်။ အဲဒီအကျိုးတွေနဲ့ သူတို့ ပြင်သစ်ကို အနိုင်တိုက်နိုင်ခဲ့တာ။

***ရှုံးတာနဲ့နိုင်တာ အချိန် ဘယ် လောက်လောက် ကွာသလဲ ဆရာ။***

ပရပ်ရှန်းတွေ ရှုံးတုန်းက ၁၈၀၆ ခုနှစ်၊ နိုင်တော့ ၁၈၇၀ ဆိုတော့ ၆၄ နှစ်။ ၆၄ နှစ် ပညာရေးလုပ်ပြီးမှ၊ အဲဒီ ၁၈၇၀ မတိုင်ခင် ကဆိုရင် ဥရောပတစ်ခွင်မှာ ပြင်သစ်က ဗိုလ်ပဲ။ ကျန်တဲ့သူကို လူကို မထင်တာ။ အခု ပရပ်ရှန်းတွေက ပထမဦးဆုံး ပညာရေးစနစ်ကို ပြင်လိုက်ပြီး လုပ်လိုက်တဲ့ဥစ္စာ ပြင်သစ်ကို ပြန်နိုင်သွားတယ်။ တတိယမြောက် နပိုလီယံ လက်နက်ကိုင်ချသွားတာ၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်ကစပြီး ဥရောပစင်မြင့်ကြီးမှာ ဂျာမဏီကလည်း တစ်သီးတခြား၊ တစ်ထီးတစ်နန်း။ ခမ်းခမ်းနားနား ကြွားကြွားဝံ့ဝံ့ပြန်ပါလာတယ်။

အဲဒီတော့မှ ပြင်သစ်တွေလည်း မျက်လုံးပြန်ပွင့်လာတာ။ တစ်ဖက်နိုင်ငံ ပရပ်ရှားကို ဘာလို့ရှုံးရလဲ။ ပညာရေးကြောင့်ဆိုတော့ ဒီအမျိုးသားပညာရေးလုပ်ငန်းကို သူတို့လည်း စောက်ချလုပ်လာတာ။ ပြင်သစ်က တက္ကသိုလ်ကနေပြီးတော့ မူလတန်းထိအောင်တောင်မှ အကုန်လုံး နိုင်ငံတော်က ရှေ့ဆောင်ရှေ့ရွက်ပြုပြီးတော့ ပညာရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် လုပ်တာပဲ။

အဲဒီ ၁၈၇၀ ခုနှစ် ပရပ်ရှန်းတွေကို လက်နက်ချပြီး စစ်ရှုံးတဲ့အခါက ပြင်သစ်တွေအတွက်တော့ (Shock) ကျင်စက်အတို့ခံရတယ်လို့ ဆိုကြတယ်။ တစ်ခါတည်း Shock ဖြစ်ပြီးတော့ နောင်ဒါမျိုး ထပ်မဖြစ်အောင်ဆိုပြီးတော့ ပညာရေးကို အလေးပေး ဆောင်ရွက်လာကြတယ်။ ရုတ်တရက် ဝုန်းခနဲ ထလုပ်လိုက်တဲ့အတွက် Revoluntionary ဖြစ်တဲ့ သဘောရှိတယ်။

### ■ *တခြား နိုင်ငံတွေမှာကော ဆရာ။ အင်္ဂလန်တို့ ၊ အမေရိကန်တို့။*

အင်္ဂလန်မှာ အမျိုးသား ပညာရေးစနစ် ပေါ်လာပုံကတော့ တဖြည်းဖြည်း တစ်စတစ်စ ပြောင်းလဲလာတဲ့ သဘောရှိတယ်။ အင်္ဂလန်မှာတော့ နိုင်ငံတော်ကတိုက်ရိုက်မဝင်ဘူး။ သူကအစောကြီး

www.burmeseclassic.com

www.burmeseclassic.com



ကတည်းက ဒီမိုကရေစီနိုင်ငံ ဖြစ်နေတယ်။ Individual Freedomကို တော်တော်ပေးတဲ့အတွက် ပညာရေးလိုကိစ္စမှာ နိုင်ငံတော်က မူလက သိပ်မဝင်ဘူး။

ဒါပေမယ့် သူလည်း မဖြစ်တော့ဘူး။ သူနဲ့အပြိုင် နိုင်ငံတွေက အမျိုးသားပညာရေးစနစ်တွေ လုပ်လာတယ်။ အင်္ဂလန်မှာတော့ တစ်ယောက်တစ်ပေါက်၊ တစ်မျိုးတစ်ဖုံတွေ ဖြစ်နေတယ်။ ဒါကြောင့် သူတို့လည်း ဒီပညာရေးကို ဂရုတစိုက် နိုင်ငံတော်က လုပ်ရမယ်ဆိုတဲ့ သဘောမျိုး မြင်လာတယ်။ ဒါပေမယ့် သူကတော့ အစကတည်းက ပြင်သစ်တို့ ဘာတို့နဲ့စာလိုက်ရင် နည်းနည်းရှေ့ရောက်နေတဲ့ သဘောမှာရှိတယ်။ ရှေ့ရောက်နေပေမယ့်သူလည်း လက်ပိုက်မနေနိုင်ဘူး။ ဒါကြောင့် ၁၈၅၆ ခုနှစ်မှာ အင်္ဂလန်မှာလည်း ပညာရေး ဥပဒေ ပြဋ္ဌာန်းပြီးတော့ ပညာရေးဝန်ကြီးရာထူး ပေါ်လာတယ်။ အင်္ဂလန်မှာ ပညာရေးဝန်ကြီးဆိုတာ ၁၈၅၆ ခုနှစ်က စပေါ်တာ။ တစ်နည်းအားဖြင့် ပညာရေးကို နိုင်ငံရဲ့ အထွတ်အထိပ်ဖြစ်တဲ့ ပါလီမန်က လက်ပိုက်ကြည့်မနေနိုင်တော့ဘဲနဲ့ ဘာအကူအညီရမလဲ၊ ဘာလုပ်ပေးရမလဲ၊ ဘာရှေ့ဆောင်ပေးရမလဲဆိုပြီး ၁၈၅၆ ခုနှစ်က နိုင်ငံတော်က စဝင်တယ်။

၁၈၉၉ ခုနှစ်ကျတော့ ပညာရေးဘုတ်အဖွဲ့ အက်ဥပဒေဆိုပြီးတော့ ပေါ်လာတယ်။ တစ်ခါအဲဒီက အကြံပေးကော်မတီအဖွဲ့တွေ ဖွဲ့တယ်။ အခြေခံ၊ အဆင့်မြင့်၊ စက်မှုလက်မှု ပညာရေးသုံးရပ်တွေအတွက် အဲဒီ ပညာရေးဘုတ်အဖွဲ့က တာဝန်ယူတယ်။ တက္ကသိုလ်တွေအတွက်တော့ မဟုတ်ဘူး။ သူကအောက်ခြေအခြေခံ၊ အခြေခံအဆင့်မြင့်၊ စက်မှုလက်မှု ဒီပညာတွေမှာ ပါလီမန်က

www.burmeseclassic.com

www.burmeseclassic.com



နေပြီးတော့ ထောက်ပံ့ကူညီလာတာ ရှေ့ဆောင် ရှေ့ရွက်ပြုလာတာ ရှိခဲ့တယ်။ တက္ကသိုလ်တွေကိုတော့ ဝင်မစွက်ဘူး။ သူတို့ အစဉ်အလာကိုက တစ်မျိုးဗျ အင်္ဂလိပ်က။ ဆရာတို့ မှတ်မိတယ်။

၁၉၅၆-၅၇ ခုနှစ်လောက်မှာ ထင်တယ်။ အဲဒီ မန္တလေးတက္ကသိုလ်က မန္တလေးကောလိပ်ဘဝကနေ မန္တလေးတက္ကသိုလ် လုပ်တော့မယ်။ အဲဒီအခြေအနေမှာ မန္တလေးကောလိပ်က ဖိတ်တဲ့အတွက် ဥရောပက ပါမောက္ခကြီးတွေ၊ တရုတ်ပြည်က ပါမောက္ခ၊ ရုရှားပြည်က ပါမောက္ခ၊ ဂျပန်ပြည်က ပါမောက္ခကြီးတွေ အဖွဲ့လိုက်လာပြီးတော့ မန္တလေးတက္ကသိုလ်မှာ ဟောပြောဖူးတယ်။ အကြံဉာဏ်ပေးဖူးတယ်။

အဲဒီတုန်းက ဗြိတိသျှပါမောက္ခကြီးတစ်ဦး ပြောသွားတာ ဆရာ့နားထဲက မထွက်ဘူး။ ခင်ဗျားတို့နိုင်ငံက ဗြိတိသျှလက်အောက်မှာ နေခဲ့ဖူးပေမယ့် ပညာရေးစနစ်မှာတော့ အင်္ဂလိပ်ကို အတုမခိုးပါနဲ့တဲ့။ ကျုပ်တို့ ပညာရေးစနစ်က ကျုပ်တို့သမိုင်းအရ ကျုပ်တို့ Evolution နဲ့ ဖြစ်လာတဲ့အတွက် အလွန်ရှုတ်ထွေးခက်ခဲတယ်တဲ့။ ခင်ဗျားတို့နိုင်ငံနဲ့ သိပ်မဆီလျော်ဘူးလို့ ထင်တယ်တဲ့။ ခင်ဗျားတို့ နိုင်ငံအတွက်ကတော့ သူ့စကားအတိုင်း ပြောရမယ်ဆိုရင် ရုရှားပညာရေးစနစ်မျိုးနဲ့ဆိုရင် ပိုဆီလျော်မယ်လို့ ထင်တယ်လို့ ပြောသွားတာရှိတယ်။

အဓိပ္ပာယ်က အင်္ဂလိပ်အတိုင်း နမူနာလိုက်မလုပ်ပါနဲ့။ သူဖြစ်ပေါ်ဖြစ်ထွန်းလာပုံက တစ်မျိုးကြီး။ ကျန်တဲ့ နိုင်ငံတွေနဲ့ ကိုက်ချင်မှ ကိုက်မယ်လို့ ပြောခဲ့တဲ့စကား ရှိတယ်။

အဲဒီလို အင်္ဂလန်နဲ့ ဆက်သွယ်ပြီးဖြစ်လာတဲ့ အမေရိကန်

www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကလည်း Evolution က လာတာ။ သူလည်း အမျိုးသား ပညာရေးစနစ်တွေ ဘာတွေလုပ်တာပဲ။ လုပ်ပေမယ့် ပြင်သစ်တို့ ဂျာမဏီတို့ ရုရှားတို့နဲ့ မတူဘူးဗျ။ သူတို့ကတော့ သူတို့သမိုင်း ကြောင်းအရ Evolution နဲ့ ပေါ်လာတဲ့အတွက် တော်တော်ယူဆ ရခက်တာတွေ ရှိတယ်။

အထူးသဖြင့် ဒီကျောင်းတွေမှာ အမေရိကန်ဆိုရင် ဗဟိုအစိုးရ က ဘာမှဝင်မစွက်ဘူး။ ပြည်နယ်တို့ City လို့ခေါ်တဲ့ မြို့တို့က သူတို့ ပြည်သူကြိုက်တဲ့ ပညာရေးမျိုးဆွဲပြီး သင်နေတာရှိတယ်။ အင်္ဂလန်မှာလည်း ဒီအတိုင်းပဲ။ အစိုးရအထောက်အပံ့ယူတဲ့ ကျောင်း ရှိတယ်။ အစိုးရထောက်အပံ့ကို မယူတဲ့ ကျောင်းရှိတယ်။ ကျောင်း မျိုးစုံ ဒီလိုပဲရှိတယ်။ ဒါကို သူတို့ကတော့ သမိုင်းကြောင်းမတူတဲ့ အတွက် ကျွန်တော်တို့နဲ့ သိပ်မတူဘူး။ Evolutionနဲ့ တစ်စတစ်စ တိုးတက်ဖွံ့ဖြိုးလာတဲ့အတွက် ကျွန်တော်တို့လို နောက်ကဖြတ်လိုက် ရတဲ့သူတွေအတွက် Evolution ကြီးကို စောင့်သင့်။ မစောင့်သင့် ဖြစ်လာတယ်ဗျ။ သမိုင်းက သူ့ဘာသာသူ ပြုပြင်သွားလိမ့်မယ်ဆိုပြီး လက်ပိုက်ကြည့်နေရင် ကျွန်တော်တို့နောက်ကျချင် နောက်ကျသွား လိမ့်မယ်။

ဂျာမဏီတို့ ပြင်သစ်တို့လုပ်တာလေးကို ကျွန်တော်တို့ခေါင်း ထဲ ထည့်စဉ်းစားရမယ်။ အထူးသဖြင့် ဂျပန်ဗျ။ ဂျပန်က ကျွန်တော် တို့လိုပဲ အရှေ့တိုင်းမှာ အရှေ့တိုင်းအယူအဆတွေနဲ့ ၁၁ ရာစုနှစ်မှာ အိပ်ပျော် ကျန်နေခဲ့တဲ့ သဘောမျိုးပဲဗျ။ ဒါပေမယ့် ဟို ပထမဦးဆုံး အကြိမ် အမေရိကန်က တံခါးဖွင့်ပေးခိုင်းတဲ့အတွက် ဖွင့်ပေး လိုက်ရတယ်။ ဖွင့်ပေးလိုက်ရတဲ့အခါ Shock ရသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာမှာ ပညာရေး အထိတ်တလန့် Shock တွေ ခဏခဏ ရတယ်။ ဒါနဲ့ ဂျပန်တွေလည်း Shock ရပြီး မေဂျီခေတ်မှာ စပြီးတော့ လုပ်တယ်။ သက္ကရာဇ်အားဖြင့် ၁၈၇၀ လောက်မှာ။ ပညာရေးပြုပြင် ပြောင်းလဲမှုတွေ လုပ်တယ်။ လုပ်လာတဲ့အတွက် ဂျပန်ဟာ ပညာရေးဖွံ့ဖြိုးတိုးတက်လာမယ်။ စက်မှုလက်မှုလုပ်ငန်း တွေ တိုးတက်လာတယ်။ သိပ္ပံပညာတွေ တိုးတက်လာတယ်။

အဲဒီမှာ တစ်ပြည်နဲ့တစ်ပြည် မတူတဲ့ သဘောလေးတွေ ရှိလာတယ်။ ၁၈၈၀ ခုနှစ်မှာ တိုကျိုစက်မှုလက်မှုကျောင်းကို တည် ထောင်ခဲ့တယ်။ အဲဒီ တည်ထောင်စဉ်က တိုကျိုအင်ပီးရီးရယ် တက္ကသိုလ်က ပါမောက္ခချုပ် ပြောခဲ့တဲ့စကားလေး ရှိတယ်။

"ကျွန်ုပ်တို့ နိုင်ငံသည် စက်မှုလက်မှုလုပ်ငန်းများနှင့် စက်ရုံ များက အရင်ပေါ်ပေါက်ပြီး စက်မှုလက်မှုကျောင်းများက နောက်မှ လိုက်ပြီး ပေါ်ပေါက်လာရခြင်း မဟုတ်။ စက်မှုပညာရှင်များ မွေး ထုတ်ရန် စက်မှုကျောင်းများ အရင်တည်ထောင်ပြီး ယင်းစက်မှုပညာ ရှင်များ၏ တာဝန်မှာ စက်မှုလုပ်ငန်းနှင့် စက်ရုံများကို ဆောက်လုပ် ရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ဖြစ်သည်" တဲ့။

အနောက်နိုင်ငံတွေ ဥပမာ အင်္ဂလန်တို့၊ ပြင်သစ်တို့မှာ ဖြစ်ခဲ့တာက စက်မှုလုပ်ငန်းတွေ အရင်ပေါ်တယ်။ ပညာရေးက တစ်လမ်းသွားတယ်။ နောင်တော့မှ စက်မှုလက်မှုလုပ်ငန်းကျောင်း တွေ ပေါ်လာတာ။ ဂျပန်ကကျတော့ ပြောင်းပြန်။ စက်မှုလက်မှု လုပ်ငန်းတွေ မထွန်းကားသေးဘူး။ စက်မှုလက်မှုကျောင်းတွေ အရင်ထောင်လိုက်တယ်။ အဲဒီကနေ လူတွေ မွေးထုတ်လိုက်တယ်။ စက်မှုလက်မှုလုပ်ငန်းတွေ လုပ်တယ်။ အဲဒီဟာလေးတော့ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ အရှေ့တိုင်းရဲ့ ထူးကဲမှုတစ်ရပ်အဖြစ်နဲ့ သတိထားသင့်တယ်။

## *လူကို ဦးဆုံးစဉ်းစားတာ*

***ပေါ့နော် ဆရာ။***

အင်း . . . သူက ဘာမှ မရှိတဲ့အတွက် လူကို အရင်မွေး ထုတ်တာ။ မွေးထုတ်ပြီးမှ စက်မှုလက်မှုတို့ သိပ္ပံပညာတို့ ထူထောင်တာ။ နောက်တစ်ခါ ၁၈၉၃ ခုနှစ်မှာ ဒုတိယအကြိမ်မြောက် အီတိုအစိုးရ လက်ထက်မှာ ပညာရေးဝန်ကြီး 'ကိုဝါရှို' ပြောတဲ့ စကားလေးက 'ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းပညာ ဗဟုသုတနှင့် ကျွမ်းကျင်မှုတို့သည် လူမျိုးချမ်းသာရေးနှင့် တောင့်တင်းခိုင်မာရေးတို့အတွက် အလွယ်တကူ လူနားမလည်နိုင်သော အရင်းအနှီးမြှုပ်နှံမှုဖြစ်သည်။ ယင်းပညာဗဟုသုတနှင့် ကျွမ်းကျင်မှုများကို ထောက်ကူအားပေးခြင်းသည် ကြည်းတပ်မတော်နှင့် ရေတပ်မတော်သားများကို ပျိုးထောင်ခြင်းကဲ့သို့ပင် နိုင်ငံ၏ လွတ်လပ်ရေးအတွက် ခံကတုတ်ဆောက်ခြင်း မည်ပေသည်"တဲ့။ ၁၈၉၃ ခုနှစ်က ဂျပန်ပညာရေးဝန်ကြီးရဲ့ စကား။ ဆိုလိုတာက ပညာရေးအတွက် လုပ်ကိုင်ခြင်းက အရင်းအနှီးမြှုပ်တာတဲ့။ ဒီသဘောလေး။

ပြီးတော့ အဲဒါကို နှိုင်းယှဉ်ပြီးတော့ ပြောတယ်။ ဂျပန်လွတ်လပ်ရေး ကာကွယ်တဲ့နေရာမှာ ကြည်းတပ်မတော်တို့ လေတပ်မတော်တို့ လိုတယ်တဲ့။ ဒီလိုပဲ အဲဒီတိုင်းသူပြည်သားတွေကို ပညာဗဟုသုတ ကျွမ်းကျင်မှုလုပ်ပေးခြင်းဟာ တပ်မတော်သားတွေကို လေ့ကျင့်ပေးသလိုပဲတဲ့ နိုင်ငံ၏ လွတ်လပ်ရေးအတွက် ခံကတုတ်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ခြင်း ဖြစ်၏တဲ့။ အမျိုးသားရေး၊ အချုပ်အခြာအာဏာ တည်မြဲရေး၊ အမျိုးသားတိုးတက်ရေးအတွက် ပညာရေးကို လုပ်ခဲ့တယ်။

နောက် ၁၉၁၀ ခုနှစ်ကျတော့ ဂျပန်နိုင်ငံဟာ စက်မှုလက်မှုနိုင်ငံ တစ်ခု ဖြစ်လာတယ်။ ရုရှားနဲ့တိုက်တဲ့အခါ သူနိုင်သွားတယ်။ သမိုင်းမှာ ပထမဦးဆုံး ဥရောပနိုင်ငံကို တိုက်နိုင်တဲ့ အာရှနိုင်ငံအဖြစ် ပြောနိုင်တယ်။ အဲဒီလိုဖြစ်ခြင်းသည် ပညာရေး၌ ဂျပန်သည် တစ်ခဲနက် ရင်းနှီးမြှုပ်နှံမှုကြောင့်ပင်-လို့ သမိုင်းပညာရှင်တွေက ပြောကြတယ်။ ပညာရေး၌ တစ်ခဲနက်ရင်းနှီးမြှုပ်နှံမှု Massive investment in Education လို့ပြောတယ်။ အဲဒါက ဂျပန်နိုင်ငံ လုပ်ခဲ့တာ။

နောက် သိကြတဲ့အတိုင်းပဲ အတတ်ကျူး ဘီလူး ဖြစ်သွားသလား မသိဘူး။ ၁၉၄၀ ခုနှစ်တစ်ဝိုက်မှာ သူ တစ်ကမ္ဘာလုံးနဲ့ ရန်ဖြစ်ပြီးတော့ စစ်ဖြစ်တယ်။ အဲဒီတော့ ရှုံးရော။ ၁၉၄၅ ခုမှာ လက်နက်ချကြရတယ်။ အဲဒီတော့ တစ်ခါ ၄၇ ခုနှစ်မှာ ပြန်ပြီးတော့ အမေရိကန်က လွတ်လပ်ရေး ပေးလိုက်တယ်ဆိုပါတော့လေ။ Occupy လုပ်ထားတာတွေကနေ လွှတ်လိုက်တယ်။ အဲဒီတော့ နိုင်ငံကို ထူထောင်ဖို့ လုပ်တဲ့အခါမှာ တစ်ခါ အမျိုးသားပညာရေးစနစ်ဆိုတာ လုပ်ကြပြန်တယ်ဗျ။ အဲဒီလုပ်တဲ့အခါမှာလည်း ခုနက ပြောတဲ့အတိုင်း Massive investment view လေး ရှိတယ်။ ဒီပေါ်လစီကို ပြန်ကိုင်တယ်။

ဆရာ့ကို ဂျပန်ပြည်က ပါမောက္ခများ၊ ပညာရှင်များက ပြောဖူးတာရှိတယ်။ ၄၅ ခုနှစ်ကဆို ကျွန်တော်တို့က ပြာပုံပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမကျန်ဘူး။ ကျောင်းအဆောက်အဦတောင် မကျန်ပါဘူးဗျာ တဲ့။ ဒါပေမယ့် ကျွန်တော်တို့မှာ ဘာကျန်သလဲဆိုတော့ ဆရာနဲ့ ကျောင်းသားတွေ ကျန်နေတယ်တဲ့။ အဲဒီ ဆရာနဲ့ ကျောင်းသားတွေ နဲ့ နိုင်ငံပြန်ထူထောင်တယ်တဲ့။ အဲဒီတော့ ၁၉၄၇ ခုနှစ် အခါမှာတော့ ဒုတိယအကြိမ် ပညာရေးတော်လှန်မှုပဲ။ အဲဒီအချိန်မှာ ဘယ်လိုလုပ် သလဲဆိုရင်တော့ ငွေကြေးသုံးစွဲရေးမှာ ကျန်တဲ့ အစိုးရဌာနနဲ့ လုပ် ငန်းတွေက နောက်ဆုတ်ပေးရတယ်။ ပညာရေးသည် ပထမပဲ။

ပညာရေး ဦးစားပေးမှုတွေ လုပ်လာတယ်။ တိုင်းပြည် အတွက် ပညာရေးထူထောင်သော လုပ်ငန်းလုပ်တာလဲ။ တစ်နည်း အားဖြင့် 'လူ' ပြန်ထူထောင်တာပဲ။ ၄၇ ခုနှစ်က လုပ်လိုက်တာဗျာ။ ဒီ ၁၉၅၀ ကျော်လွန်နှစ်များကျတော့ ပြန်ပြီးတော့ ကမ္ဘာ့စံချိန်မီတဲ့ နိုင်ငံတစ်ခု ဖြစ်လာတယ်။ နောက်တစ်ခါ အဲဒါနဲ့တင် မလုံလောက် သေးဘူးဆိုပြီးတော့ ကမ္ဘာကို တိုးဝင်ဖို့ ကြိုးစားခဲ့တဲ့အခါမှာ ဒီ၁၉၅၇ ခုနှစ်လောက်ကနေ ပညာရေး ပြုပြင်ပြောင်းလဲမှုတွေ လုပ်ကိုင်ကြ ပြန်တယ်။

နောက် ၁၉၆၀ ခုနှစ်အတွင်းမှာ ဂျပန်ပြည်ရဲ့ ပညာရေး ပေါ်လစီ ဘာလဲဆိုတော့ "စက်မှုလုပ်ငန်း၏ လူဆိုင်ရာ စွမ်းအင် လိုအပ်ချက်ကို ဖြည့်တင်းရန်" အတွက် ဖြစ်တယ်။ ဂျပန်တွေ အံ့သြဖွယ်ရာ တိုးတက်မှု မြန်လာတယ်။

အဲဒီလို အဆင့်ဆင့် လုပ်လာလိုက်တာ ဆရာတို့ ၁၉၇၇ ဂျပန်ပြည်သွားပြီး လေ့လာတဲ့အခါကျတော့ တစ်မျိုးပြောလာတယ်။ ဘယ်လိုပြောသလဲဆိုတော့ မေဂျီခေတ်က ပညာရေးစနစ်ကို တည် ထောင်တဲ့အခါမှာ အင်္ဂလန်တို့ ဂျာမနီတို့ဆီက သူတို့ အတုခိုးပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်တဲ့။ ၁၉၄၇ ခုနှစ် နောက်ပိုင်းကျတော့ အမေရိကန်ကို သူတို့ အတုခိုးပါတယ်တဲ့။ အခု ၁၉၇၇ ခုနှစ်တစ်ဝိုက်ကြတော့ ဂျပန်သည် ထိပ်တန်းနိုင်ငံ ဖြစ်လာတဲ့အတွက် ဘယ်သူ့ဆီကမှ အတုခိုးလို့မရ တော့ဘူးတဲ့။ ဘာကြောင့်ဆိုတော့ အတူတူနဲ့ အနူနူ သူတို့မှာလည်း ပြဿနာတွေနဲ့။ ကျွန်တော်တို့မှာလည်း ပြဿနာတွေနဲ့။စိန်ခေါ်မှု တွေကလည်း အတူတူ။ အတုခိုးလို့ မရတော့တဲ့အတွက် ကိုယ့်လမ်း ကိုယ်ထွင်ရတော့တယ်တဲ့။

ဒါကြောင့် ဂျပန်သည် သူတို့ စကားအတိုင်းဆိုရင် Japan enters the uncharted ocean of Education ဘယ်သူမှ ဖြတ်သန်းမသွားလာဖူးသေးတဲ့ ပညာရေးသမုဒ္ဒရာကြီးထဲကို ဂျပန် စဝင်နေပြီ။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်စနစ် ကိုယ်ထွင်ရမယ် ဆိုပြီးတော့ သူတို့ လုပ်နေတယ်။ အဲဒါ ရှေ့ပြေးအဖြစ်နဲ့ သက္ကရာဇ် ၂၀၀၀ ကျော်ကို လှမ်းမှန်းပြီး စီမံချက်တွေ ဆွဲနေတယ်။

အဓိပ္ပာယ်က ဆရာတို့သွားတဲ့ ၁၉၇၇ ခုနှစ်ထဲက ဒီစီမံချက် တွေကတော်တော်ခရီးရောက်နေတယ်။ ထားပါဗျာ။ ၁၉၇၀ လောက် ကပဲ တွက်ပါ။ သက္ကရာဇ် ၂၀၀၀ ဆိုတော့ အနှစ် ၃၀ ကြိုတင်ပြီး သူတို့လုပ်နေကြတာ။ ပညာရေးကို အဲဒီလောက်ထိ သူတို့သတိထား တယ်။ အနှစ် ၃၀ မှ ကြိုတင်မလုပ်ရင် သက္ကရာဇ် ၂၀၀၀ ကျော်ရင် သူတို့ ကျန်ရစ်ခဲ့မှာစိုးလို့။ အဲဒါတွေ လုပ်နေတယ်။

အဲဒီလုပ်ငန်းစဉ်တွေထဲမှာ ထူးထူးကဲကဲ ဆရာတွေ့ခဲ့တာ က "ဆူကူးဘား (Tsukuba) တက္ကသိုလ်ဆိုတာ။ အဲဒီ ဆူကူးဘား ယူနီဗာစတီက ကမ္ဘာမှာရှိတဲ့ ဘယ်တက္ကသိုလ်တွေနဲ့မှ မတူတဲ့ တက္ကသိုလ်ပဲ။ သူ့အကြောင်းပြောရင် သတ်သတ်စာတစ်အုပ်ကို ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်တဲ့အတွက် မပြောတော့ပါဘူး။ ဆရာပြောချင်တာက ကမ္ဘာမှာမရှိသေးတဲ့ တက္ကသိုလ်မျိုး။ အနာဂတ်ပြဿနာတွေအတွက် တည်ထောင်တဲ့ တက္ကသိုလ်မျိုး။ သက္ကရာဇ် ၂၀၀၀ ကို ကြိုတင်မှန်းပြီး စိန်ခေါ်မှုတွေနဲ့တွေ့ရင် အဆင်သင့် ပြင်ထားတဲ့ တက္ကသိုလ်။

အဓိက ဆရာပြောချင်တာက ပညာရေးမှာ အနည်းဆုံး နှစ် ၃၀ လက်ဦးမှ တန်ရုံကျတယ်ဆိုတဲ့ သဘောကို ဂျပန်က ပြတာ၊ ဒါတွေကို ထောက်ရှုခြင်းအားဖြင့် ပညာရေးကို ပညာရေးလို့ ဒီအတိုင်းမထားတော့ဘဲ အမျိုးသားပညာရေးစနစ်ဖြစ်ရင် နိုင်ငံတော်က မှန်မှန်ကန်ကန် အမြင်ကျယ်ကျယ် အရှည်မျှော်တွေးပြီးတော့ စီမံကိန်းစနစ်တကျချ။ ဘက်စုံအောင် စဉ်းစားပြီးမှ လုပ်ခြင်းသည် လိုအပ်တယ်ဆိုတာ ပြတာ။

စောစောက ဆရာပြောတဲ့အထဲမှာ အခု ဂျပန်ကလည်း ပညာရေးမှာ အထက်က အောက်ဆင်းတဲ့သဘောပေါ့။ အောက်က အထက်တက်တာမျိုး မဟုတ်ဘူး။ အင်္ဂလိပ်တို့ အမေရိကန်တို့က အောက်ကနေ အထက်ကို သူ့ဘာသာသူလုပ်ရင်းက ဖြစ်လာတာ။ နောက်မှ နိုင်ငံတော်က ထောက်ပံ့ကူညီတဲ့ သဘောမျိုး။ ဆရာပြော ခဲ့တဲ့ ဂျာမနီတို့ ပြင်သစ်တို့ နောက်ဆုံး ဂျပန်တို့က အထက်က အောက်ဆင်းတာ။ Revolution သဘောမျိုး။

■ ***ဘယ်စနစ်က ပိုပြီး သဘာဝကျတယ် ထင်လဲ ဆရာ။***

ထင်လို့မရဘူးဗျ။ ဒီ စနစ်နှစ်မျိုး ဘယ်နည်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းလဲလို့ ဖြေလို့မရဘူး။ ဘာကြောင့်လဲဆိုတော့ အင်္ဂလိပ်၊ အမေရိကန်ကလည်း သူ့နည်းနဲ့သူ ထိပ်မှာရှိတာပဲ ပညာရေးမှာ။ ဖွံ့ဖြိုးတိုးတက်မှုမှာရော၊ စက်မှုလက်မှုတိုးတက်မှုမှာရော။ သူတို့လည်း ထိပ်ကပဲ။ ဂျပန်ကလည်း သူ့ဆရာ အမေရိကန်ကိုတောင်မှ တချို့ နေရာတွေမှာ ဖြတ်တက်နေတယ်။ အမေရိကန်မှာတောင် ဝေဖန်မှု တွေ ရှိလာပြီ။

အမေရိကန်ကလေးတွေက ဂျပန်ကလေးတွေကို မမီဘူး။ အစိုးရသည် ပညာရေးမှာသုံးတာ နည်းနေသည်။ အစိုးရသည် ပညာ ရေးကို ဂရုမစိုက်ဘဲနေသည်စသဖြင့် ဝေဖန်သူတွေလည်း ရှိလာ တယ်။ အင်္ဂလန်မှာလည်း မာဂရက်သက်ချာတို့ ဝေဖန်ခံရတယ်။ ပညာရေးမှာ သုံးတာ ငွေနည်းတယ်။ အခက်အခဲတွေ ရှိလာတယ်။ ဒီအတိုင်းဆို အင်္ဂလိပ်တွေ ပြတ်ကျန်ခဲ့လိမ့်မယ်။ အဲဒီလို ဝေဖန်မှုတွေ ရှိတဲ့အတွက် ဒီနိုင်ငံတော်ကနေပြီးတော့ ပညာရေးကို Investment လုပ်ဖို့ ပြောသူတွေလည်း ရှိလာတယ်။

ဒါဖြင့်ရင် ဘယ်စနစ်က ကောင်းသလဲ။ သူ့ဘာသာသူ ပညာရေးကို လက်လွှတ်ထားတဲ့စနစ်လား၊ နိုင်ငံတော်က ဝင်ရောက် တဲ့စနစ်လား ဆိုတာကို ဒီနေရာမှာတော့ သူ့ဟာနဲ့သူ နှစ်မျိုးစလုံး ကောင်းတယ်။ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းဆိုတာက အဲဒီ တိုင်းပြည်ရဲ့ သမိုင်းပေါ်တည်တယ်။ အဲဒီတိုင်းပြည်ရဲ့ လက်ရှိရောက် နေတဲ့ သမိုင်းအဆင့်မှာ တည်တယ်။

ဂျာမနီ ဖြတ်တက်ရကာ နောက်ကျကျန်ခဲ့တဲ့အတွက် လိုက် ရတာ။ ဂျပန်လည်းနောက်ကျကျန်ခဲ့လို့လိုက်ရတာ။ အဲဒါကို သဘာဝ အတိုင်း Evolution အတိုင်းထားလို့ မရတဲ့အတွက် သူက Mas-

www.burmeseclassic.com

www.burmeseclassic.com



sive Investment အနေနဲ့ဝင်ရတာ။ ဒါလည်း အတုယူထိုက်တယ်။

ဘယ်လောက်ထိ နိုင်ငံတော်က ဝင်မလဲဆိုတဲ့ ကိစ္စကတော့ အများကြီး ဆွေးနွေးရမယ်။ မဝင်လည်း မကောင်းဘူး။ အထူးသဖြင့် ဆင်းရဲသောနိုင်ငံတွေ။ သမိုင်းမှာ အဆင့်အားဖြင့် နောက်ကျကျန်ရစ်ခဲ့တဲ့ သူတွေဟာ နိုင်ငံတော်ရဲ့ ထောက်ပံ့မှု၊ ပံ့ပိုးမှု၊ အားပေးမှုမရှိဘဲ လုပ်နေရင် နောက်က လိုက်မမီဘူး။ ဒါပေမယ့် နေရာတကာ နိုင်ငံတော်က အစိုးရိမ်ကြီးပြန်ရင်လည်း အဟန့်အတားဖြစ်တတ်တယ်။ နမူနာကို ရုရှားမှာ တွေ့ရတယ်။ ရုရှားမှာ နိုင်ငံတော်က အစိုးရိမ်ကြီးတယ် ပြောပါတော့။ နေရာတကာ ဝင်တယ်။ နေရာတကာ ဝင်တဲ့အတွက် သူ ပြတ်ကျန်ခဲ့တာတွေ ရှိတယ်။

ခုနက ဂျပန်တိုးတက်စဉ်ကာလတုန်းက ဆရာတို့ သေချာလေ့လာခဲ့တာပါ။ ဂျပန်မှာ နိုင်ငံတော်အစိုးရက အပြင်ပညာရှင်တွေနဲ့ တိုင်ပင်ပြီးတော့ အစိုးရအနေနဲ့ အထွေထွေမူဝါဒ ချပေးတာ။ အသေးစိတ် မဟုတ်ဘူး။ အသေးစိတ်တွေကို ပညာရှင်တွေကို ယုံယုံကြည်ကြည် စိတ်ချလက်ချ လွှဲအပ် ထားတာ။ ပညာရှင်တွေကလည်း လွတ်လွတ်လပ်လပ် သစ္စာရှိရှိ လုပ်ကြတယ်။ ဒီနေရာမှာ ဆရာပြောချင်တာက လွတ်လပ်တာချည်းပဲလည်း မပြောနဲ့။ တိုင်းသူပြည်သား အပေါ်မှာ စေတနာရှိဖို့လည်း အရေးကြီးတယ်။ ဂျပန်မှာ အောင်မြင်သွားတာ ဒီနှစ်ချက်စလုံးနဲ့ ပြည့်စုံတယ်။ နိုင်ငံတော်ကလည်း ပံ့ပိုးတယ်။ ပညာရှင်တွေကလည်း သစ္စာရှိရှိ လွတ်လွတ်လပ်လပ် တာဝန်သိသိ လုပ်ကြတယ်။ နှစ်ပိုင်းစလုံး အရေးကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



**■ ဂျပန်မှာ အစိုးရက ဘယ် လောက်အထိ ဝင်သလဲ ဆရာ။**

ဂျပန်မှာ တိုက်ရိုက် ဝင်စွက်တာ မဟုတ်ဘူး။ ဥပမာဆိုပါတော့ အစိုးရက အခြေခံပညာမှာ ဘာတွေသိအပ်တယ်၊ သိထိုက်တယ် ဆိုပြီးတော့ ယေဘူယျ မူဝါဒတွေချတယ်။ ဒါပေမယ့် ကျောင်းတွေမှာ အတိအကျ ဘာသင်မယ်ဆိုတာက မူလတန်း၊ အလယ်တန်းအဆင့်ကိုမြို့နယ်ကိုလုံးဝလွှဲထားတယ်။ အထက်တန်းအဆင့်ကျတော့ တိုင်းကို လုံးဝလွှဲထားတယ်။ စာအုပ်ပြဋ္ဌာန်းတာ တောင်မှ ကိုယ်ကြိုက်တာ ကိုယ်ပြဋ္ဌာန်းတယ်။

တစ်ပြေးညီ တစ်ပြည်လုံး ကျောင်းသုံးစာအုပ်တစ်ခုဆိုတာ မရှိဘူး။ တစ်မြို့နယ်နဲ့ တစ်မြို့နယ် မတူဘူး။ တစ်တိုင်းနဲ့တစ်တိုင်း မတူဘူး။ အဲဒါမျိုးတွေပေးထားတယ်။ ဆရာတွေ၊ ဒါမှမဟုတ် ဒေသခံပညာရှင်တွေက စာအုပ်တွေ ထုတ်ကြတယ်။ ရေးကြတယ်။ ပုံနှိပ်ကြတယ်။ ကျောင်းတွေက ပြန်သုံးကြတယ်။ ဒါပေမယ့် အဆင့်အတန်းမီရတယ်။ အဆင့်အတန်းမမီရင် ဘယ်သူမှသုံးတာ မဟုတ်ဘူး။

အဲဒီတော့ ပြိုင်ကြတာ။ ဒီမြို့နယ်က ဟိုမြို့နယ်ကိုပြိုင်တာ။ ဒီပြည်နယ်က ဟိုပြည်နယ်၊ ဒီတိုင်းက ဟိုတိုင်း ပြိုင်ရတဲ့အတွက် သဘာဝက ထိန်းချုပ်သွားတာရှိတယ်။ အဲဒီနည်းနဲ့ပဲ။

**■ ကျွန်တော်တို့ အမြင်အရ တော့ ဆန်းနေသလိုပဲနော် ဆရာ။**

ဂျပန်နည်းက ထူးဆန်းတယ်။ နိုင်ငံတော်လည်းပါ၏၊

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလည်း ပါ၏။ နိုင်ငံတော်သည် ထောက်ပံ့၏။ သို့သော် နေရာတကာ ဝင်မစွက်။ တိုင်းသူပြည်သားနဲ့ Local authority (ဒေသအာဏာပိုင်)က ပညာရေးမှာ အာဏာအပြည့်ရှိပြီး လုပ်ကိုင်နိုင်တယ်။ သို့သော် နိုင်ငံတော်၏ မူဝါဒများကိုလည်း ထိန်းသိမ်းပေးရတယ်။ Check and balance အဲဒီသဘောမျိုး ရှိတယ်။ ဒါကိုတော့ ဆရာတို့ တော်တော်လေ့လာခဲ့တယ်။ ရှေ့ဆက် လေ့လာစရာလည်း ရှိသေးတယ်။

ဆရာ့အမြင်တော့ မြန်မာပြည်ပညာရေးဟာအရှေ့တိုင်းသားချင်းလည်း ဖြစ်တဲ့အတွက်၊ သမိုင်းကြောင်းတူတာလည်း ရှိတဲ့အတွက် ဂျပန်ပညာရေးစနစ်က မြန်မာပြည်အတွက် အတုခိုးဖွယ်ရာ၊ အကုန်လုံး မဟုတ်ဘူးနော်။ တော်တော်များများ ရှိတယ်လို့ ထင်မိတယ်။

***ကျွန်တော်တို့ နိုင်ငံသမိုင်းမှာကော ပညာရေး Shock တွေ ဝင်ခဲ့ဖူးသလား ဆရာ။***

ဝင်ခဲ့ဖူးတာပေါ့။ ဥပမာ ကျွန်တော်တို့ အင်္ဂလိပ်ပေးတဲ့ ပညာရေးကို ဒီအတိုင်း လက်ခံနေရတဲ့ဘဝက ၁၉၂၀ ကျတော့ ကျွန်တော်တို့ အမျိုးသားရေးမျက်စိနဲ့ ကြည့်တဲ့အခါမှာ အင်္ဂလိပ်ပေးသည့် ပညာရေးသည် မလုံလောက်ဘူးဆိုတာ သိရတယ်။ အဲဒီအတွက် ပထမကျောင်းသားသပိတ်ကြီး ပေါ်လာရတယ်။ ဒီတော့ အင်္ဂလိပ်အစိုးရကလည်း မျက်လုံးပြူးပြီး အနည်းအကျဉ်း ပြုပြင်တယ်။ သို့သော် လွတ်လပ်သည့် နိုင်ငံမဟုတ်တဲ့အတွက် ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



လိုချင်တာတွေတော့ မရဘူး။ ဒီ သဘောတော့ ရှိတယ်။

နောက် ကျွန်တော်တို့ လွတ်လပ်ပြီးတဲ့အခါကျတော့ စစ်ကလည်း အပြီး၊ တိုင်းပြည်ကလည်း အင်္ဂလိပ် ထွက်သွားတဲ့အခါ ပြာပုံကြီးကျန်ခဲ့၊ နောက်တော့ မငြိမ်သက်မှုတွေအထွေထွေကလည်း ရှိတဲ့ အတွက် တိုင်းပြည်ထူထောင်ရေးလုပ်ဖို့အတွက်လည်း လိုလာပြန်တော့ တစ်ခါ ပညာရေးနဲ့ပတ်သက်ပြီး ပြုပြင်ပြောင်းလဲမှုတွေ လုပ်တာတွေရှိပါတယ်။ နောက်တစ်ခါ ၁၉၆၂ ခုနှစ်ပိုင်းမှာ ကြိုးပမ်းတာ တွေလည်းရှိတယ်။ နောက်တစ်ခါ ၁၉၈၀ခုနှစ်မှာလည်း ကြိုးပမ်းတာတွေရှိတယ်။ လုပ်ကြတာပဲ။

ပညာရေးဆိုတာကတော့ အမြဲတမ်း ကြိုးပမ်းနေရမယ့် ကိစ္စပဲ။ အမြဲတမ်း မျက်စိရှင်ရှင်၊ နားရှင်ရှင်ထားပြီးတော့ သတိလည်း အလွန်ကြီးမှ တန်ရုံကျမယ်။ဥုံဖွဆိုပြီးတော့ လုပ်လို့မရဘူး။ လုပ်တဲ့နေရာမှာတော့ ဆရာတို့ကိုယ်တိုင်လည်း ပါဝင်ခဲ့တဲ့အတွက် ခြားနားမှုတွေကိုတော့ သတိထားမိတယ်။

ဆရာ စောစောက ပြောခဲ့တယ်။ ဂျပန်တွေ အနှစ်သုံးဆယ် ကြိုတင်ပြီး လုပ်ကြတယ်။ နောက် ဒီကြားထဲမှာ ၁၉၄၇ ခုနှစ်ကနေ ၁၉၇၀ အတွင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်တယ်။ လုပ်တဲ့အခါမှာလည်း ပညာရေးအတွက် ပြုပြင်ဖို့ အကြံဉာဏ်ပေးသူ ပညာရှင် လူသုံးဆယ် ရွေးတယ်။ ဆရာလည်း စာအုပ်တွေက မရှိတော့ သေချာမပြောနိုင်ဘူး။ ယေဘုယျပဲ။ အတော်ဆုံး လူသုံးဆယ် ကို ရွေးလိုက်တာ။ အများကြီး မဟုတ်ဘူး။ တစ်ခါတလေ လူသိပ်များ ရင် ပွဲမစည်ဘဲနဲ့ တစ်ယောက်တစ်မျိုး ပြောနေတယ်။ အဲဒီလူသုံး ဆယ် လောက်ကိုလည်း ပညာရေးဝန်ကြီးအောက် မထားဘူးဗျ။ ဝန်ကြီးချုပ်ရုံး

www.burmeseclassic.com

www.burmeseclassic.com



လက်အောက်မှာ တိုက်ရိုက်ထားတယ်။ ဝန်ကြီးချုပ် ကိုတာဝန်ခံ ရတယ်။ အဲဒီလို။

ပြီးတော့မှ အချိန်အားဖြင့်လည်း သူတို့ ဆယ်နှစ်လောက် ယူတယ်။ တစ်နှစ်၊ နှစ်နှစ်နဲ့ မဟုတ်ဘူး။ ဘာတွေ ပြင်သင့်တယ်၊ ဘာတွေ ပြုပြင်သင့်တယ်ဆိုပြီးတော့ သူတို့ ချိန်ချိန်ဆဆ လုပ်သွားတာ။ အချိန်ယူတယ်ဗျ။ ဒရောသောပါး၊ အလျင်အမြန်လုပ်လို့ မရဘူး။ ဒီစကားပြောတဲ့အကြောင်းက ၁၉၄၇က ပြုပြင်တဲ့အချိန်နဲ့ ၁၉၇၀ မတိုင်ခင် ပြုပြင်တဲ့ အချိန်ကြားမှာ ခင်ဗျားတို့ကြားမှာပေ့ါ။ ဂျပန်မှာ ပညာရေး ဆူဆူညံညံတွေ ဂျပန်ကျောင်းသားတွေ ဆူကြတာ။ တိုကျိုမြို့ကြီးထဲ လှည့်ရကြတာ။ ရုန်းရုန်းရုန်းရုန်းနဲ့ ဖြစ်နေတာတွေ ပညာရေးက တော်တော်ကမောက်ကမ ဖြစ်ခဲ့တယ်။

အဲဒါတွေကို ဘယ်လိုပြုပြင်မလဲဆိုတာ အချိန်အကြာကြီး ယူပြီးတော့ ပြုပြင်ကြတာ။ အခု ငြိမ်းချမ်းတယ်။ ပညာရေးလောက ငြိမ်းချမ်းတယ်။ တိုးတက်နေတယ်။ အဲဒီလို။

ဆိုလိုတာကတော့ အချိန်ယူဖို့ သိပ်အရေးကြီးတယ်။ ဒရောသောပါး လုပ်လို့မရဘူး။ ပညာရေးက တစ်ချက်မှားသွားရင်း နှစ်နဲ့ချီခံရတာ အဖက်ဖက်က။ ဆရာတို့ဆီမှာလည်း Shock တွေ ရှိပါတယ်။ ကြိုးပမ်းမှုတွေ ရှိပါတယ်။ ဆရာ့တစ်ယောက်တည်း အမြင်ပြောရရင် အချိန် မလုံလောက်ဘူး ထင်တယ်။ ဒါကြောင့် နောင်လုပ်ကိုင်တဲ့အခါ အတွေ့အကြုံတွေပေါ်မှာ အခြေခံပြီးတော့ တိုင်းပြည်အတွက် အားလုံးစုပေါင်းပြီးတော့ စိတ်ရှည်ရှည်နဲ့ ညီညီညွတ်ညွတ် ဆွေးဆွေးနွေးနွေး လုပ်ရမယ်။

သူတို့ရရင် ကျွန်တော်တို့ ဘာကြောင့် မရ,ရမလဲ။ ရရမှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ မြန်မာသည် ဉာဏ်ခေသောသူ မဟုတ်ပါဘူး။ ပြောရဦးမယ်။ Shock မြန်မာပြည်မှာ စ,ရတာ မင်းတုန်းမင်းခေတ်လို့ ပြောရမယ်။ အင်္ဂလိပ်နဲ့ တိုက်ပြီး ကျွန်တော်တို့အောက်ပိုင်း မြန်မာပြည်ပါပြီးတဲ့ နောက်မှာ ဒီအတိုင်းနေလို့ မရတော့ဘူးဆိုတာ မင်းတုန်းမင်းတရားကြီး သိတော်မူပါတယ်။မျိုးမတ်တွေ သိပါတယ်။ ဟိုတစ်လောက ဆောင်းပါးတစ်ခုထဲမှာ ကုန်းဘောင်ခေတ်ကလူတွေ သင်ခန်းစာ မရဘူး။ အတော်ရှော်တယ်လို့ ပြောတာတွေ ဆရာတို့က မကြိုက်ဘူး။ မင်းတုန်းမင်းကြီးတို့ ကနောင်မင်းကြီးတို့ကို အားနာဖို့ကောင်းတယ်။

ထူးထူးဆန်းဆန်းပဲ။ တိုက်ဆိုင်ကြည့်တဲ့အခါမှာ မင်းတုန်းမင်းတို့၊ ကနောင်မင်းတို့ ပညာရေးခေတ်မီအောင် ကြိုးစားချိန်သည် မေဂျီခေတ် ကြိုးစားချိန်နဲ့ သိပ်မကွာဘူး။ ခင်ဗျားတွက်ကြည့်ဗျာ။ ကျွန်တော်တို့ ကျွန်ဖြစ်သွားတာ ၁၈၈၅ ခု၊ သီပေါမင်းရဲ့ နန်းစံခုနှစ်ဆိုတော့ ၁၈၇၈ အထိ ။ မင်းတုန်းမင်းကြီးက နန်းစံသက်တော်တော်ရှည်တယ်။ ၁၈၇၀ ခုနှစ်တစ်ဝိုက်ပဲ။ မေဂျီနဲ့ခေတ်ပြိုင်ပြီး မြန်မာတွေ Shock ရပြီးတော့ ကြိုးပမ်းမှုရှိတယ်။

ဒါပေမယ့် မင်းတုန်းတို့လုပ်တဲ့အချိန်မှာတော့ လက်ဦးမှုနည်းနည်းနောက်ကျတယ်။ မြန်မာပြည်တစ်ဝက် ပါသွားပြီးပြီ။ ပြီးတော့ Geopolitics (ပထဝီနိုင်ငံရေး) ဆိုတာပြောမယ်။ အဲဒီခေတ်အခါ Geopolitics အရတော့ ကျား၊ ကျားမီးယပ်အင်္ဂလိပ်က မြန်မာပြည်ကို သိမ်းကိုသိမ်းမှာပဲ။ တချို့က မြန်မာတွေ အသုံးမကျလို့ ဘာညာပြောကြတာ ရှိတယ်။ အသုံးကျသည်ဖြစ်စေ၊ အသုံးမကျသည်ဖြစ်စေ အဲဒီခေတ်အခါ Geopolitics အရ အင်္ဂလိပ်က သိမ်းကိုသိမ်းမှာပဲ။ အဲဒီသဘောမျိုး ရှိတယ်။ မြန်မာပြည်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲက သီးသန့်ကျွန်းလေး မဟုတ်ဘူး။ နောင် ဒါမျိုး ပြန်မဖြစ်ဖို့နဲ့ မြန်မာတစ်မျိုးသားလုံး အမြဲတမ်း ဇာတိမာန်ရေးရာဘက် ကလည်းအဆင့်သင်ဖြစ်ဖို့လိုသလို အသိအမြင်ကြွယ်ဝမှု၊ပညာဉာဏ် ကြီးမားမှုဆိုတဲ့ဘက်ကလည်း အမြဲတမ်းအဆင်သင့် ဖြစ်နေရမယ်။

ခုနက ဆရာပြောခဲ့တဲ့ ဂျာမန်၊ အင်္ဂလိပ်၊ ဂျပန်၊ ပြင်သစ် တွေရဲ့ နမူနာကို ကြည့်ခြင်းအားဖြင့် အမျိုးသားရေးကိစ္စနဲ့ အမျိုးသား ပညာရေးကို ဘယ်လိုမှခွဲလို့ မရဘူး။ အခု သိပ်ပြီးတော့ အမျိုးသား ရေးကိစ္စနဲ့ အမျိုးသားပညာရေးကိစ္စကို မဆက်ပါဘူးဆိုတဲ့ အင်္ဂလန် တို့ အမေရိကားတို့မှာတောင်မှ ဝေဖန်မှုတွေ ဖြစ်လာတယ်။ အဲ အမေရိကားလည်း Shock တစ်ခါရဖူးတယ်။ 'စပွတ်နစ်ရှော့ခ်' လို့ခေါ်တယ်။ သူ့ဘာသာသူ တင်းတိမ်ပြီး ဟုတ်လှပြီလို့ နေတာပဲ။ ရုရှားက 'စပွတ်နစ်' တင်လိုက်တဲ့အခါ မျက်လုံးကို ပြူးထွက်သွား တာပဲ။ ရုရှားက ဦးသွားတာ။

အဲဒီအချိန်ကျမှ ပညာရေးမှာ အားပေးတာတွေ ဦးစားပေး တာတွေ ဖြစ်လာတယ်။ ဆရာတို့ကိုယ်တိုင် အမေရိကားမှာ ရှိတယ်။ ကွန်ဂရက်မှာလည်း ဆူညံဆူညံ၊ အစိုးအရအဖွဲ့မှာလည်း ဆူညံဆူညံ၊ တို့ ပြတ်ကျန်ခဲ့ပလားပေါ့။ ဒါပေမယ့် အစစအရာရာ ရှေ့ကရောက် ပြီးသား လူတွေအဖို့ကတော့ နည်းနည်းလေး ပြန်ကြိုးစားလိုက်တာနဲ့ ပြန်ဖြတ်တက်သွားတယ်။ ဒါအစစအရာရာ အခြေခံပြည့်စုံမှု ရှိတာ။

နိုင်ငံတိုင်းက သူတို့လောက်တော့ အစစအရာရာ အခြေခံ ပြည့်စုံမှု မရှိနိုင်ဘူးပေါ့လေ။ ရှိတဲ့လူကတော့ ချက်ချင်းကောက်လုပ်၊ ချက်ချင်း ရတာပေါ့။ လူအားရှိတယ်။ ငွေအားရှိတယ်။ ကျွမ်းကျင်မှု အားရှိတယ်။ ဒါတွေကို နိုင်ငံတော်က ခေါင်းဆောင်လိုက်တာနဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုက်နက် ထိရောက်တဲ့ စုပေါင်းအားတွေ ဖြစ်လာသတဲ့ သဘော ရှိတယ်။

ဒီတော့ ကမ္ဘာ့သမိုင်းကို ကြည့်ရင်တော့ ပညာရေး၊ အထူးသဖြင့် ပြည်သူတွေမှာ ပညာဆိုတဲ့သဘော ဖွံ့ဖြိုးလာအောင် တိုးတက်လာအောင် လုပ်တဲ့နေရာမှာ အမျိုးသားပညာရေးစနစ်သည် အရေးကြီးတယ်ဆိုတာ ငြင်းပယ်လို့မရဘူး။ ဒါပေမယ့် အောင်မြင်ဖို့ မအောင်မြင်ဖို့လုပ်တဲ့ နေရာမှာတော့ အလွန်သတိကြီးစွာ လုပ်ရတယ်။ အဲဒီလို သတိကြီးစွာလုပ်ဖို့အတွက် ဆရာ့အမြင်ဆိုရင်တော့ အခြေခံပြန်သွားကြရအောင်ဆိုတဲ့ သဘောကို ရလာတယ်။back to origin.

## ■ *အခြေခံ ပြန်သွားတယ်ဆိုတာက။*

အဲဒါ အခုခင်ဗျားတို့ လုပ်နေသလို ပညာဆိုတာ ဘာလဲ ဆိုတာကို ကျယ်ကျယ်ဝန်းဝန်း မေးခွန်းပြန်ပြီး လုပ်ရမယ်။ ဆရာစောစောကတည်းက ပြောခဲ့ပြီ။ ပညာရေးဆိုသည်မှာ သိနားလည်ခြင်း အဆင့်ဆိုတဲ့ သဘော ပြောခဲ့ပြီ။ ဒါကို ပြည့်ပြည့်ဝဝ အနက်အဓိပ္ပာယ်ပေးလို့ရပြီ ထင်တယ်။ Education ကို အနက်အဓိပ္ပာယ် ဆင်းသက်လာပုံကို ပြောရရင် သူက လက်တင်စကား educere ကလာတယ်။ အဲဒီစကားက e က out လို့ အဓိပ္ပာယ်ရတယ်။ ducere က to lead, draw, bring လို့ အဓိပ္ပာယ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပယ်ကပညာပေးမှု အစီအစဉ်ဆိုသည်မှာ လူသားရဲ့ ဦးနှောက်ပဲ ခေါ်မလား၊ စိတ်သန္တာန်ပဲ ခေါ်မလား။ အဲဒီအထဲက ရှိပြီးသား အရာကို ဆွဲထုတ်ပေးတဲ့သဘောမျိုး။ ဥုံဖွဖြစ်စေလို့ ဖန်တီးတာ မဟုတ်ဘူး။ to draw, to bring ဆိုတဲ့ စကားက ဆွဲထုတ်လိုက်တာနော်။ ဘာကြောင့်လဲဆိုတော့ လူမှန်ရင်တော့ လူနဲ့ထိုက်တန်တဲ့ အသိဉာဏ်ပညာ ရှိပြီးသား။ အဲဒီအထဲက အကောင်းဆုံးကို ဘယ်လိုဆွဲထုတ်ကြမလဲ။ အဲဒါ ပညာရေးပဲ။

***ဒါဆို ဆရာ၊ လူမှာ သဘာဝအားဖြင့်ကို 'ပညာဓာတ်ခံ' က ရှိပြီးသားပေါ့။***

ပညာ သဘောက စောစောက ဆရာပြောခဲ့သလို လူ့အရည် အသွေး၊ လူ့စွမ်းအင်။ လူမှာပါပြီးသား ရှိနေပြီးသားကို ဆွဲထုတ်ပေးတာ။ ဥုံဖွဆိုပြီး မန်းပေးတာ မဟုတ်ဘူး။ ဦးနှောက်ကို ပုံသွင်းပြီးရိုက်တာ မဟုတ်ဘူး။ ရှိပြီးသား အကောင်းဆုံးတွေ ဘယ်လို ဆွဲထုတ်မလဲ။ အဲဒီသဘောမျိုးကို ခေါ်တာ။

ဒီသဘောလေး နားလည်ရင် ပညာရေး Education ကို အပြည့်အစုံ အနက်အဓိပ္ပာယ်ပေးလို့ ရသွားပြီ။ အဓိပ္ပာယ်ကတော့ to give knowledge and train ဒါတစ်ခု။ to train or develop knowledge , skill mind or character ဒီနေရာမှာ ဘာသွားတွေ့သလဲဆိုရင် ကျွန်တော်တို့ ပညာပေးတယ်၊ ပညာသင်ပေးတယ်၊ သင်ယူတယ်ဆိုတဲ့ ဥစ္စာက အသိဖွံ့ဖြိုးတိုးတက်အောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးတာလည်း ပါတယ်။ skill လို့ခေါ်တဲ့ ကျွမ်းကျင်မှုတွေ တတ်မြောက်အောင် လုပ်ပေးတာလည်း ပါတယ်။

သိပ်အရေးကြီးတာက စိတ်နဲ့စာရိတ္တကိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ပေးတာဆိုတာ ပါတယ်။ ပညာရေးဟော့ဆိုရင် ကျန်တာတွေ ဘယ်လောက်တတ်တယ် စိတ်နဲ့စာရိတ္တကို သွားမေ့လို့မရဘူး။ ကောင်းမြတ်တဲ့ စိတ်ထား၊သဘောထားတွေ၊ကောင်းမြတ်တဲ့ စာရိတ္တတွေပေါ်အောင်လည်း ပညာရေးက လုပ်ပေးနိုင်တယ်။

ဆရာထင်တယ်။ ၁၉၁၀ ခုနှစ်က ဂျပန်တွေ ရုရှားကို အနိုင်တိုက်ပြီး ဝင်လာတဲ့နောက်ပိုင်းမှာ ကျန်တာတွေတော့ တိုးတက်ပါရဲ့။ အဲဒီစိတ်နဲ့ character development မှာ တစ်စုံတစ်ရာ လွဲမှားခဲ့ကြတဲ့အတွက် ဖက်ဆစ်စနစ်ကြီးဝင်ပြီးတော့ နောက်ဆုံး ၁၉၄၅ ခုနှစ်မှာ သန်းပေါင်းများစွာသေပြီး တိုင်းပြည်ကြီး ပြာပုံပြန်ဖြစ်သွားတာ ကြုံကြရတယ်။

ဒါကြောင့် အတတ်တွေ၊ သိပ္ပံပညာတွေဆိုတဲ့ ရုပ်ပိုင်းဖွံ့ဖြိုးမှုချည်းပဲ သိပ်မလုပ်နဲ့။ လူ့ရဲ့စိတ်ထားသဘောထားနဲ့ စာရိတ္တကလည်း အရေးကြီးတယ်ဆိုတာ ပါလာတယ်။ ဒီတော့မှာ Education က ပြည့်စုံတယ်။

ဒီတော့ ပထမဆုံး ပညာနဲ့ ပတ်သက်ပြီးပြောခဲ့တာ အများကြီးထဲက ဆရာတို့စိတ်ထဲမှာ စွဲနေတာက ပလေတိုကြီး ပြောခဲ့တာ။ ပလေတိုရဲ့ စကားကတော့ knowledge is virtue, Virtue is knowledge တဲ့။ ဒါလူတိုင်းလိုလို ကြားဖူးပါတယ်။ Virtue ဆိုတာကို မြန်မာလိုပြန်ရဖို့ အတော်ခက်တယ်။ အဆီလျော်ဆုံးကတော့ ပါရမီ-မင်္ဂလာဆိုတဲ့ သဘောပဲ။ နှစ်ခုစလုံးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ပလေတိုက ပြောတာက knowledge ပညာသည် ပါရမီမင်္ဂလာ ဖြစ်၏။ ပါရမီမင်္ဂလာဆိုသည်မှာ ပညာဖြစ်၏။ အဲဒါမျိုး ပြောတယ်နော်။ ဒါက သူ့အမြင်။

ပလေတိုက Virtue ကို အကျယ်မချဲ့ပေမယ့် မြတ်စွာဘုရားက သုံးဆယ့်ရှစ်ပါးတောင် ဟောသွားတယ်။ ဒီတော့ ပညာဆိုသည်မှာ ပါရမီမင်္ဂလာဆိုတာ သိရမယ်။ မဟုတ်မဟပ်တဲ့ ပညာတွေ မဖြစ်နိုင်တော့ဘူး။ မြတ်စွာဘုရားထားတဲ့ ပါရမီမင်္ဂလာ သဘောမျိုးကို ခေါင်းထဲမှာ သွင်းထားရမယ်။

ဒီလိုစိတ်နဲ့ စာရိတ္တပိုင်းကို ပညာနဲ့ ဆက်ပေးရတဲ့အကြောင်းက ပညာရေးဆိုတာ skill တစ်ခုတည်းနဲ့ဆိုတာ မဟုတ်ဘူးလို့ ပြောချင်တာ။ ဒီနေရာမှာလည်း skill ဆိုတာက ကျွမ်းကျင်ခြင်း၊ လုပ်တတ်ကိုင်တတ်ခြင်း၊ ဒါတွေကို ခေါ်တာ။ အထူးသဖြင့်ကတော့ skill ဆိုတာက လက်နဲ့ ကိုယ်နဲ့ လုပ်ကိုင်တဲ့ ကျွမ်းကျင်မှုကို ခေါ်တာ။ Engineering တို့၊ Science တို့ Technology တွေက အဓိကအားဖြင့် skill တွေပဲ။

သို့သော် အဲဒါတစ်ခုတည်းနဲ့ ပညာလို့ မခေါ်နိုင်ဘူး။ သူ့ကိုလည်း ထိုက်သင့်သလို အသားပေးရတဲ့နည်းတူ ခုနပြောတဲ့ စိတ်တွေ စာရိတ္တတွေဖွံ့ဖြိုးအောင် လုပ်ပေးခြင်းကလည်း ပညာမှာ မပါမဖြစ်လိုတဲ့ ဥစ္စာပဲ။ ဒီတော့ စိတ်တွေဘာတွေနဲ့ ပတ်သက်လာလို့ရှိရင် ဒါ ပလေတိုပြောရင်တော့ အဲဒီလို ပညာမျိုးကိုပဲ သူက Philosophy လို့ခေါ်ပြန်တယ်ဗျ။

Philo ဆိုတာ loving လို့ အဓိပ္ပာယ်ရတယ်။ sophy ဆိုတာက wise ချောအောင်ပြန်ရင်တော့ ပညာကို ချစ်သည်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



Philosopher ဆိုတာက ပညာကိုချစ်တဲ့သူ၊ ပညာကိုမြတ်နိုးတဲ့သူ ပညာကို တန်ဖိုးထားတဲ့သူ။ ဒီတော့ skill လို့ခေါ်တဲ့ အတတ် ပညာတွေ ဘာတွေက အသက်မွေးဝမ်းကျောင်းမှုနဲ့ ဆိုင်ချင်ဆိုင် နေမယ်။ ဒါနဲ့ မလုံလောက်ဘူး။

ဒီပညာဆိုသည်မှာ ခုနပြောတဲ့ မင်္ဂလာတရားတွေ၊ ပါရမီ သဘောတွေ၊ လေးနက်မှုသဘောတွေ၊ လူသားမှာ ပေါ်စေရမယ်။ ဒါမှသာလျှင် ပညာသည် ပြည့်စုံတယ်။ တစ်နည်းအားဖြင့် မှန်ကန် တဲ့ Philosoph ရှိရမယ်။ ပညာတတ်တစ်ယောက် ဖြစ်သွားရင် အတတ်တွေတင် တတ်ရုံမကဘူး။ တွေးတတ်ရမယ်။ မြင်တတ် ရမယ်။ ပိုင်းခြားတတ်ရမယ်။ ဒါ ပညာရေးမှာ လိုအပ်တဲ့ အယူအဆ ပဲ။ အဲဒါ မပါလာရင် မှောက်မှားတတ်တယ်။ မထိန်းနိုင်မသိမ်းနိုင် ဖြစ်တတ်တယ်။ တစ်ဖက်စွန်း ရောက်တတ်တယ်။ ဒီအထိန်းလေး ကလည်း လိုတယ်။

ဆရာတို့ဆီမှာ နည်းနည်းပါးပါး ဖြစ်ခဲ့တာက science ပညာရေးဟော့ဆိုရင် သိပ္ပံ၊ သိပ္ပံ၊ သိပ္ပံ။ သိပ္ပံဆိုတာက ဘာလဲဆိုတော့ science အဲဒီလိုဖြစ်နေကြတယ်။ science ဘက်ကို အတင်းလိုက် ကြတဲ့ ဟာဆိုတော့ မူလပြန်ရရင် science ဆိုတာ ဘာလဲ။ sci-enc ဆိုတာ ပညာပဲ။ အခုပြောသလို ဝိဇ္ဇာသက်သက်။ သိပ္ပံသက် သက်ဆိုတာ နောက်ပိုင်းမှ ဖြစ်လာတာ။

science ကို မူလကတော့ knowing of knowing လို့ ခေါ်တယ်။ ‘သိတာကိုသိခြင်း’ ဒါကိုခေါ်တယ်။ ဒါကြောင့် sci-ence ဆိုတာ knowledge ပဲ ဖြစ်တယ်။ တစ်ခုရှိတာက ဘယ်လို သိခြင်းမျိုးလဲ science က အဲဒီကျတော့ ဆန့်ကျင်ဘက်တရားတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်ပြောတော့မှ သူ့အဓိပ္ပာယ်ပေါ်တာ။ science ဆိုတာ ပညာတော့ပညာပဲ။

စွဲမှတ်ယုံထားတာ။ သိပ်မဆင်ခြင်ဘဲ ရုတ်တရက် သိနားလည်ခြင်းနဲ့ ခြားနားသောပညာကို science လို့ ခေါ်တယ်။ အရာတစ်ခုကို သေသေချာချာ ရှုကြည့်တယ်။ စုံစမ်းတယ်။ လေ့လာတယ်။ တွေးတောတယ်။ ဆင်ခြင်တယ်။ အဲဒီလိုလူက ထွက်လာတဲ့ ပညာမျိုးက Knowldege, science။ အရာတစ်ခုကို သိစိတ်နဲ့ မစဉ်းစားလိုက်ဘဲနဲ့ ရုတ်တရက် ချက်ချင်း ဖျတ်ခနဲပေါ်လာတဲ့ သိမျိုးက intuition လို့ခေါ်တယ်။

အဲဒီလိုပဲ အစွဲအယူတွေနဲ့ မှတ်တာ။ ယုံတာက believe၊ အဲဒီလို intuition နဲ့ believe နဲ့ ခြားနားတယ်။ စနစ်တကျ ရှုကြည့်တယ်။ လေ့လာတယ်။ စူးစမ်းတယ်ဆိုတဲ့ ပညာမျိုးတွေကို science လို့ ခေါ်တယ်။ ပါရမီကြီးတဲ့ သိပ္ပံပညာရှင်တွေမှာ intuition ရှိတယ်။

နောက်တစ်ခါ ဒီထက် ပိုအရေးကြီးတာတစ်ခုက အဲဒီလို ရှုကြည့်လေ့လာလို့ရရုံနဲ့ science လို့ခေါ်ဖို့ မပြည့်စုံသေးဘူး။ ဘယ်တော့မှ သူ့ကို science လို့ခေါ်လဲဆိုတော့ Systematized Knowledeg အဲဒါမှ science ဖြစ်တယ်။ အဲဒီ Systematized Knowledegကို လူတွေက အနက်အဓိပ္ပာယ် မပေးမိဘူး။ မပေးမိတော့ science လို့ ပြောတဲ့အခါမှာ ကျန်နေတတ်တယ်။

Systematized ဆိုတဲ့စကားက system က လာတာ ဆိုတာကတော့ ဆရာတို့ပြောဖို့ မလိုတော့ဘူး။ system ဆိုတာက အဆက်ဆက် ဆက်သွယ်ပေါင်းစပ် တည်ဆောက်ထားတာကို

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တယ်။ ဒါကြောင့် Systematized Knowledegဆိုတာကဒီ ပေါင်းစည်းဆက်သွယ်မှု ရှိသော ပညာအစုကိုခေါ်တယ်။ အကြောင်း အကျိုးအားဖြင့် ပေါင်းစည်းဆက်သွယ်မှု။ တစ်စနဲ့တစ်စက ဆက် နေတယ်။ အဲဒီသဘောမျိုး။

ဒါကို အခြေခံသဘောလေးကနေ ပိုကျယ်ဝန်းတဲ့သဘောဆီ ကို သွားတာရှိတယ်။ ဒီအတိုင်းကြည့်တော့ တစ်ခုနဲ့တစ်ခုက ပြတ်နေ သလိုပဲ။ ဒါပေမယ့် ဆက်နေကြတယ်။ ဥပမာ အခြေခံအားဖြင့် motion လှုပ်ရှားမှုနော်။ space time အဲဒီက နေလာလိုက်တဲ့ဥစ္စာ ရူပဗေဒဆိုတဲ့ ပညာအများကြီး ဖြစ်သွားတယ်။ အထဲမှာပါတဲ့ အရာတွေက အခြေခံသဘောလေးတွေနဲ့တော့ အားလုံးဆက်သွယ် ဆက်နွယ်လို့ရတယ်။ ဟိုနေရာမှာ တစ်မျိုးဆို၊ ဒီနေရာမှာ တစ်မျိုး ဆိုတာ မဟုတ်ဘူး။ တစ်ခုနဲ့တစ်ခုက အကြောင်းစပ်နေတဲ့ သဘော မျိုး။ အဲဒါကို ပေါင်းစည်းဆက်သွယ်မှု ပညာအစုလို့ ခေါ်တယ်။ ဒါ သိပ္ပံပညာ။

ပညာတွေက သိပ်ကျယ်ဝန်းတော့ ပညာတိုင်းဟာ ပေါင်း စည်းဆက်သွယ်မှု ပညာအစုဖြစ်လာသလားဆိုတော့ မဖြစ်လာဘူး။ ဥပမာ ဆိုပါတော့ တို့ humanities ၊ art တို့၊ social science တို့၊ အဲဒါတွေကတော့ natural science လောက်တော့ ပေါင်း စည်းဆက်သွယ်မှုပညာ မဖြစ်နိုင်ဘူး။ တော်တော်လေးတော့ သူတို့ လည်း ပေါင်းစည်းဆက်သွယ်မှု ဖြစ်နေပါတယ်။ဒါပေမယ့် physical science, natural science လောက်တော့ မရှိသေးဘူး။

ဒီတော့ သိပ္ပံပညာလို့ခေါ်တဲ့ science ကလည်း Knowledeg လို့ ခေါ်တဲ့ပညာပါပဲ။ အဲဒီတော့ ရူပဗေဒ၊ ဓာတုဗေဒ၊

www.burmeseclassic.com

www.burmeseclassic.com



ဇီဝဗေဒလို အဲဒီ science တွေကလည်း ပညာပါပဲ။ ထူးဆန်းတာက ကျွန်တော်တို့ ဘာသာပြန်တာ ဘာတွေ့သလဲဆိုရင် အခု science ကို သိပ္ပံတဲ့၊ arts ကို ဝိဇ္ဇာဆိုတော့ နည်းနည်းလေး အဓိပ္ပာယ်ပြန်မှု လွဲနေတယ်။ ဥပမာ ဝိဇ္ဇာကို အင်္ဂလိပ်ပါဠိ အဘိဓာန်က ဘယ်လို အနက်အဓိပ္ပာယ်ပေးလဲဆိုတော့ ဝိဇ္ဇာ Knowledge-learning, school arship, science-wisdom။ ဝိဇ္ဇာကို science လို့ပြော ထားတယ်။ သိပ္ပံပညာကတော့ အတတ်တဲ့။ လက်မှုအတတ်တဲ့။ လက်မှုပညာတဲ့။ အဲဒီလိုဖြစ်တယ်။ ဒါကို physical scienceနဲ့ ပြောပြော၊ logical science နဲ့ပြောပြော အတတ်တင် မဟုတ်ဘူး ပညာ။ ကြောင်းကျိုးဆက်သွယ်ပြီးတော့ ဆက်စပ်စဉ်းစားတွေးတော ထားတဲ့ ဥစ္စာဟာ ဝိဇ္ဇာပညာပဲ။

■ ***အဲဒီလိုဆိုရင် ဆရာ၊ 'အတတ်' နဲ့ 'ပညာ' ဘယ်လို ကွဲသလဲ ဆိုတာ။***

အတတ်က ပညာမရှိဘဲ နဲ့တော့ သိပ်မတတ်ဘူး။ သို့ရာ တွင် အတတ်ဆိုတာက အင်္ဂလိပ်လို အဓိပ္ပာယ်မှာပဲ ဖြစ်ဖြစ်၊ ပါဠိလို မှာပဲဖြစ်ဖြစ် လက်မှုပညာ။ လက်နဲ့ကိုယ်နဲ့ လုပ်တဲ့ပညာမျိုးကို ခေါ်တာ။ တွေးခြင်း၊ တောခြင်း၊ ဆင်ခြင်ခြင်း၊ ဝေဖန်ခြင်း၊ သုံးသပ် ခြင်းဆိုတဲ့ဟာတွေက ဝိဇ္ဇာထဲမှာ ထည့်ရမယ်။ ဒါကြောင့် science က ဝိဇ္ဇာပဲ။

Applied science က အင်ဂျင်နီယာတို့ ဘာတို့ကို သိပ္ပံလို့

www.burmeseclassic.com

www.burmeseclassic.com



ခေါ်တာ ခေါ်ထိုက်တယ်။ Agriculture တို့ကို ခေါ်ထိုက်တယ်။ Applied science ကို သိပ္ပံလို့ ခေါ်ထိုက်တယ်။

## သူတို့လည်း ပညာရှေ့သွား တော့ ရှိရမှာပေါ့။

ရှိရမှာပေါ့။ Applied science ရှိသလို pure science လည်း ရှိရတာပေါ့။ ဒါကြောင့်သူတို့နိုင်ငံတွေမှာ Original Research ဆိုတာ ရှိတယ်။ Basic science တွေက research တွေ ရတော့မှာ အဲဒီကနေ applied လုပ်ရတယ်ဆိုတာ ရှိတယ်။ အတတ်ချည်းပဲသွားလို့ မရဘူး။ ဒီဘက်က အခြေခံဝိဇ္ဇာသဘောက လာရတယ်။

ဒါကြောင့် ဝိဇ္ဇာဆိုတာ နာမ်ကိစ္စတွေ။ ဒီတော့ သူက ဝိဇ္ဇာပဲ ခေါ်ခေါ်၊ ပညာပဲခေါ်ခေါ်။ဉာဏပေါ့။ ဉာဏဆိုတာ အပြားအားဖြင့် သိတယ်။ အပြားအားဖြင့် သိတယ်ဆိုတာက တစ်ဖက်သတ် မဟုတ်ဘူး။ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ပြည့်ပြည့်ဝဝ ထောင့်အသီးသီးကနေ သိတာကိုပြောတာ။ ဒါကို ပဇာနနာလို့လည်း ခေါ်တယ်။ ပညာလို့လည်း ခေါ်တယ်။

လောကီပညာတွေမှာ ပြည့်စုံပြီးမြောက်ခြင်းဆီ ချက်ချင်း မရောက်ဘူး။ တဖြည်းဖြည်း ဖြည့်နေရတယ်။ ဥပမာ science ကို ခုနကပြောခဲ့တဲ့ အနက်အဓိပ္ပာယ်ကSystematized Knowledeg ဒီထက်ကျယ်ဝန်းတဲ့ အနက်အဓိပ္ပာယ်ကို ဆရာကြိုက်တယ်။ မာန်မာနမပါဘူး။ ဒါ တကယ့်သိပ္ပံပညာရှင်ကြီးတွေပေးတဲ့အနက်အဓိပ္ပာယ်။

www.burmeseclassic.com

www.burmeseclassic.com



"Science is the successive apporoximation of truth" တဲ့။ ဒီနေ့ထိ ထွန်းကားလာတဲ့ သိပ္ပံပညာဟာ successive approximation of truth သိပ္ပံပညာဆိုတာ အမှန်တရားကို တစ်ခေတ်ပြီး တစ်ခေတ် အနီးစပ်ဆုံးခန့်မှန်းခြေတဲ့။ အမှန်တရားကို မရောက်သေးဘူး။ successive apporoximation ပဲ ရှိတယ်။ တစ်ခေတ်ထက် တစ်ခေတ် အမှန်တရားနား နီးလာတယ်ပေါ့။

ဂလီလီယိုထက် နယူတန်လက်ထက်မှာ နည်းနည်း အမှန်တရားနားနီးလာတယ်။ နယူတန်ထက်အိုင်စတိုင်းလက်ထက်မှာ နည်းနည်းပိုနီးလာတယ်။ နောက်ဆက်သွားရတော့မယ်။ အိုင်စတိုင်းသီအိုရီထက်တောင်မှန်တဲ့သီအိုရီတွေရှိလာပြီ။ ဘယ်အထိအမှန်တရားဆီရောက်အောင်သွားမလဲ။ဘယ် scientist ကမှမပြောဘူး။မာန်မာနနှိမ့်ချပြီး successive apporoximation လို့ပဲပြောကြတယ်။

ဗုဒ္ဓကလည်း ပါရမီကို ဘဝအဆက်ဆက် ဖြည့်ယူရတယ်။ ခေတ်အဆက်ဆက် ဖြည့်ယူရတယ်။ ဒီတော့မှ perfection ရောက်လာတယ်လို့ ခေါ်တယ်။ အချိန်ယူတဲ့သဘော။ ဖြည့်ဆည်းရတဲ့။ သဘော။ အလွယ်တကူ မဟုတ်တဲ့ သဘောကို ပြတယ်။ အဲဒီလို စိတ်ရှည်လက်ရှည် အမှန်တရားကို သွားတော့မှ ပါရမီလို့ခေါ်တဲ့ perfection completeness ဖြစ်လာတာ။ ပညာရှာဖို့သတိထားစရာလေးပေါ့။ ခုရေတွင်းတူး၊ ခုရေကြည်သောက်လို့မရတဲ့သဘောပဲ။

ပညာစစ်၊ ပညာမှန်ရဖို့အတွက် မူတွေရှိတယ်။ တစ်စုံတရာကို ဒါသည် အမှန်ပဲ၊ အဟုတ်ပဲလို့ ချက်ချင်း တစ်ထစ်ချ မပြောရဘူး။ မဟုတ်သေးဘူး။ မမှန်သေးဘူးလို့ မယုံကြည်ခြင်းကို စိတ်မှာ အရင်ထားရတယ်။ စကတည်းက ဟုတ်ပြီ၊ မှန်ပြီလို့ မျိုချ

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်ရင် တော်ကြာ တလွဲတချော်တွေ ဖြစ်တတ်တယ်။ ဒါကြောင့် စလာကတည်းကိုက အရာတစ်ခုသည် တော်တော်လေး ခိုင်လုံတယ် ထင်တာတောင်မှ မယုံသေးဘူး။ မယုံမှုတို့ ရှေ့တန်း တင်ပြီး လေ့လာရတာ။ ဘယ်အထိ လေ့လာမလဲ။ မယုံကြည်မှု၊ မသက်ာမှု၊ မသေချာမှုတွေ စိတ်ချလက်ချ ပြေပျောက်သွားတဲ့အထိ လေ့လာမယ်။ ဟုတ်ပြီလား။ အဓိပ္ပာယ်က အလွယ်တကူနဲ့ ဒါသည် အမှန်တရားပဲ။ ဒါသည် ပညာပဲလို့ မျိုမချပါနဲ့။ သိပ္ပံပညာမှာ အဲဒါရှိတယ်။

■ ***ကာလာမသုတ်နဲ့ တူ***
***တယ်နော် ဆရာ။***

တူတယ်။ ဒါကြောင့် ဗုဒ္ဓ က ရှေ့က အများကြီးစောပါတယ် ပညာကို ယူနည်းက။ အနောက်နိုင်ငံမှာတော့ ပညာယူနည်းက မယုံ တဲ့နည်း။ (Scepticism)။ မယုံဘူး။ ဘယ်အထိအောင် မယုံသလဲ ဆိုတော့ ငြင်းလို့မရတဲ့အထိ မယုံဘူး။ ပြီးတော့မှ ဘဝင်ကျသွား တော့မှ ဒါကို လက်ခံတယ်။ အဲဒီလောက် သတိထားတဲ့ကြားက လွဲလွဲကုန်ကြသေးတယ်။ ဒါကြောင့် successive approximation of truth။ Gravitation (မြေဆွဲအား) လို သိပ်ထင်ရှားတဲ့ အရာ တောင်မှပဲ နယူတန်ခေတ်က တစ်မျိုး၊ အိုင်စတိုင်းခေတ် ပြောတာ တစ်မျိုး။

အဏုမြူအကြောင်းပြောတာတွေ၊ ဒီ atom အကြောင်း ပြော တာတွေ ဘာတွေဆိုရင်လည်း တစ်ခေတ်နဲ့တစ်ခေတ် မတူဘူး။ သေချာပြီဆိုရင်းကနေပြီး နောက်ပိုင်း မဟုတ်တော့တာတွေသွားတွေ့

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဒါကြောင့် successive apporoximation of truth လို့ ထားတယ်။ သိပ်သတိကြီးရတယ်။ အလွယ်တကူ ကောက်ချက် မချ ရဘူး။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ပညာစစ်၊ ပညာမှန်ရရာရကြောင်း နဲ့ ပတ်သက်ပြီး ဘုရားထားခဲ့တဲ့ စည်းကမ်းက သိပ်အရေးကြီးတယ်။

မြန်မာ့ပညာရေးအကြောင်းပြောရင် အဲဒီပညာနဲ့ ပတ်သက် ထားတဲ့မြတ်စွာဘုရားနဲ့ သတိပေးချက်တွေ သတိမလွတ်ဖို့ အရေး ကြီးတယ်။ ပဓာနိယင်္ဂ တရားငါးပါးဆိုတာ ရှိတယ်။ ပညာရဖို့ ပဓာနကျတဲ့ အရေးကြီးတဲ့ အင်္ဂါ ၅ ပါး၊ ဒီအင်္ဂါ ၅ ရပ် မပါဘဲနဲ့ ပညာမရဘူး။ ချော်တောငေါ့ပြီး ထွက်သွားလိမ့်မယ်။ အမှားကို အမှန်ထင်လိမ့်မယ်။

ပထမဆုံးအချက်က သဒ္ဓါစတဲ့။ သဒ္ဓါတရားရှိရမယ်။ သဒ္ဓါ တရားဆိုတာက ခက်တယ်ဗျ။ မြန်မာမှာက စေတနာဆိုတဲ့ စကားနဲ့ သဒ္ဓါဆိုတဲ့ စကားရော ရောသုံးတယ်။ စေတနာသည် positive လည်းရှိတယ်။ negative လည်း ရှိတယ်။ အကုသိုလ်စေတနာ။ ကုသိုလ် စေတနာ။

သဒ္ဓါကတော့ ကြည်လင်တာ။ အမှန်တရားကို ရှေးရှုပြီး သိမ်မွေ့တဲ့ စိတ်မျိုးက သဒ္ဓါ။

**■ *ကြည်လင်တယ် ဆိုတာ က ဆရာ။ ကိုယ့်စိတ်ထဲမှာ ဘာ tension မှ မရှိတာလား။***

အင်း၊ ဒါပေါ့။ ကြည်လင် နေတဲ့ သဘောမျိုး။ အကုသိုလ်ဆို

www.burmeseclassic.com

www.burmeseclassic.com



တဲ့ သဘောမျိုး မနှောက်ဘူး။ ဆရာ စွန့်ပြီး ပြောကြည့်ရမယ် ဆိုရင်တော့ ပလေတိုကြီးပြောတဲ့ eidos ဆိုတဲ့ သဘောလေးနဲ့ နည်းနည်းဆင်တယ်။ ပလေတိုက ဘာပြောသလဲဆိုရင် လောကကြီး ရှိတဲ့ မြင်နေတဲ့အရာတွေဟာ အတုအယောင်တွေပါတဲ့။ အစစ်အမှန် သပ်သပ်ရှိတယ်တဲ့။ အဲဒီ အစစ်အမှန်က transcendental အာရုံ သိလွန်သဘောမို့ ဉာဏ်နဲ့သာ ယူနိုင်တယ်တဲ့။

ပသာဒ။ မျက်စိတွေ၊ နားတွေ၊ လက်တွေနဲ့ သွားမလုပ်နဲ့။ မရဘူး။ ဉာဏ်နဲ့သာ ယူရမယ်။ အဲဒီအတွက် မင်းဉာဏ်က ရှင်းနေ ရမယ်။ လက်နေရမယ်။ သူပေးတဲ့ နမူနာကိုကြည့်။ အဲဒီအမှန်တရား ကတဲ့ သူက အိဒက် (စ) လို့ခေါ်တယ်။ အိဒက်(စ)ဆိုတာ သဘော။ တဲ့။ idea တဲ့။ idea ကို သဘောပေါက်အောင် ကြည့်ရမယ်။ အချိုး ratio။ ratio ကို ခင်ဗျား ဆုပ်ကိုင်ပြီးပြလို့ မရဘူး။ ဉာဏ်နဲ့ သာသိရတယ်။ ဉာဏ်နဲ့သာ ခင်ဗျား သိရမယ်။ သူပေးတဲ့ ဥပမာ ကတော့ သုံးနားညီတြိဂံတစ်ခု။ တစ်လက်မ သုံးနားညီတြိဂံ။ တစ်ပေ ၃ နားညီလည်း ရှိတယ်။ တစ်မိုင် ၃ နားညီလည်း ရှိတယ်။ ဒီ အတိုင်းကြည့်ရင် ခြားနားနေတယ်။ တစ်လက်မနဲ့ တစ်ပေနဲ့ တစ်မိုင် နဲ့။ တူတာတစ်ခု ရှိတယ်။ အဲဒါ အချိုးမှာ တူတယ်။ အဲဒီအချိုးကို သွားကိုင်ပြလို့ မရဘူး။ ဉာဏ်နဲ့သာ သိနိုင်တယ်။ အဲဒီလို transcendental idea သဘောဆီကို သွားဖို့ အလွန်စူးရှသော ဉာဏ် ကြည်လင်မှုမျိုးကို လိုတယ်လို့ သူက ဆိုတယ်။ ဒီက ကျွန်တော်တို့ ပြောတဲ့ သဒ္ဓါမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



## ■ အဲဒီသဒ္ဒါရဖို့ရော ဘယ်လို အခြေအနေ လိုအပ်သလဲ ဆရာ။

ဒါ နောက်ပိုင်းမှာ ပါလာမယ်။ ပါရမီနဲ့ဆိုင်တယ်။ ကြည်လင်သန့်ရှင်းဖြူစင်ပြီးတော့ အမှန်တရားကို မြတ်နိုးတာ။ အမှန်တရားကို လိုချင်တာ။ သဒ္ဓါ။ အကုသိုလ်ကို မကြိုက်တာ။ ကုသိုလ်ကို နှစ်သက်တာ။ အဲဒါ သဒ္ဓါ။ သိပ်ကျယ်ဝန်းပါတယ်။ သဒ္ဓါကို အဓိပ္ပာယ် ပြန်တာလေ။ ဒါကြောင့် သဒ္ဓါလည်း ရှိရမယ်။ အမှန်တရားကို မလိုချင်ဘဲနဲ့ အမှန်တရားကို ဘယ်ရှာလို့ရမလဲ။ philosophy ဆိုသည် မှာ ပညာကို ချစ်ခြင်း၊ တစ်နည်းအားဖြင့် အမှန်တရားချစ်ခြင်း၊ အမှန်တရားကို ရှာဖွေခြင်း၊ ဒါ သဒ္ဓါသဘောပဲ။ သူတို့ ဉာဏ်မီသမျှပေါ့လေ။ ဗုဒ္ဓလောက်တော့ ပရမတ်ကို ပညတ်မတင်နိုင်ဘူး။ ဗုဒ္ဓကိုတော့ မမီဘူး။ ဒါပေမယ့် သူတို့ ဉာဏ်မီသမျှ ပရမတ်ကို ပညတ်တင်ပြီးပြောလို့ အိဒတ်(စ)တို့ ဘာတို့ ထွက်လာတာပါ။

သဒ္ဓါရှိရုံနဲ့လည်း မရသေးဘူး။ အပ္ပဗာဓေတဲ့ ကျန်းမာရမယ်တဲ့။ မကျန်းမာဘဲနဲ့လည်း အမှန်တရား မရှာနိုင်ဘူး။ သူက ခေတ်သစ်ပညာရေးနဲ့ရော ဘာကွာလဲ။ ကျောင်းမှာ ကလေးကို စာချည်းပဲသင်တာ မဟုတ်ဘူး။ ကာယဖွံ့ဖြိုးရေး၊ ကျန်းမာရေးကောင်းမွန်ရေး၊ အဟာရဓာတ်ပြည့်ဝရေးတို့ရှိတယ်။ ဘုရားက အစောကြီးကတည်းက ပြောတယ်။ မင်း အမှန်တရားရှာချင်တယ်။ သဒ္ဓါတရား

www.burmeseclassic.com

www.burmeseclassic.com



ရှိရမယ်။ မရသေးဘူး၊ နောက်တစ်ခု လိုသေးတယ်။ ကျန်းမာရေးနဲ့ ပြည့်စုံရမယ်။

ဝိရိယောတဲ့။ ဝီရိယ ရှိရမယ်။ ကြိုးစားရမယ်။ အားထုတ်ရမယ်။ မပျင်းရဘူး။ ဒီသုံးပါးနဲ့ ပြည့်စုံရုံနဲ့လည်း မရသေးဘူးဗျ။ အမာယာဝီတဲ့။ မကောက်ကျစ်ရဘူး။ မာယာဆိုတာ ကောက်ကျစ်တာ။ လှည့်စားတာ။ အ,နဲ့ ပေါင်းလိုက်တော့ မကောက်ကျစ်ရဘူး။ မလှည့်စားရဘူး။ အဲဒီစကားက အခက်ဆုံးပဲ။

လူများကိုလည်း မကောက်ကျစ်နဲ့၊ အဲဒီထက် အရေးကြီးတာက ကိုယ့်ကိုယ်ကိုလည်း မကောက်ကျစ်နဲ့၊ မဂ်မရဘဲ မဂ်ရတယ် မပြောနဲ့၊ ဖိုလ်မရဘဲ ဖိုလ်ရတယ်လို့ မလုပ်နဲ့၊ သစ္စာလေးပါးတရားကို မသိဘဲ သိတယ်မလုပ်နဲ့၊ ကိုယ့်ကိုယ်ကို မလိမ်ရဘူး။ ကိုယ့်ကိုယ်ကို အသိဆုံး။ ကိလေသာမကုန်ဘဲ ကိလေသာကုန်တယ်။ လို့ မလုပ်နဲ့၊ ဖြောင့်နေရမယ်။ မကောက်ရဘူး။

အခက်ဆုံးပဲ ထင်တယ်။ ပညာတတ်တစ်ယောက်ဖြစ်ဖို့ထက် မိမိကိုယ်ကိုမိမိ မလိမ်ခြင်း၊ မိမိစိတ်သန္တာန်အတိုင်း အရှိကို အရှိအတိုင်း မထောက်မညှာကြည့်နိုင်ဖို့က သိပ်ခက်တယ်။ တော်တော်များများ လောကီမှာက အမာယာဝီ အင်္ဂါနည်းတဲ့အတွက် မပြည့်စုံသေးတာကို ပြည့်စုံတယ် လုပ်ကြတယ်။ မပြီးသေးတာ ပြီးတယ် ပြောကြတယ်။ မသိသေးတာကို အကုန်သိတယ် ပြောကြတယ်။ ဒီမာယာတွေကို ပညာလုပ်ခဲ့တယ်။

အဲဒီလေးပါးနဲ့ ပြည့်စုံမှ အကျိုးတရားအနေနဲ့ ပညာစစ်တွေ ရနိုင်တယ်။ အခုခေတ်စကားနဲ့ ပြောရရင် ပညာလည်း လိုချင်ပါမှ၊ ဝီရိယလည်း ရှိပါမှ၊ ကျန်းလည်းကျန်းမာပါမှ၊ ပြီးတော့ ကိုယ့်ကိုယ်ကို

www.burmeseclassic.com

www.burmeseclassic.com



မလှည့်စားဘဲ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်၊ အမာယာဝီလည်း ရှိတော့မှ တကယ့် ပညာစစ်ကို ရမယ်။

ဒါကိုလည်း မြန်မာ့ပညာရေး သုံးသပ်တဲ့အချိန်မှာ ထည့်စဉ်းစားရမယ်။ အဲဒီလို အင်္ဂါတရားတွေနဲ့ ပြည့်စုံမှ ရတယ်ဆိုရင်တောင်မှ တစ်ခါတစ်လေ ပုထုဇဉ်ဆိုတာက မပြည့်စုံဘူး။ ပါရမီမပြည့်စုံဘူးဆိုရင် လွန်တတ်ကျွံတတ်တယ်။ အစွန်းရောက်သွားတတ်တယ်။ အကောင်းဆုံး နမူနာကို ပြောမယ်။ နမူနာတွေတော့ အများကြီးရှိပါတယ်။ ဘုရားဟောမှ အကောင်းဆုံးနဲ့ အလွယ်ဆုံးကတော့ ဇိနတ္ထပကာသနီကျမ်းမှာ ပြထားတဲ့ အရှင်သောနရဲ့ အတ္ထုပ္ပတ္တိရှိတယ်။ မဂ်ဖိုလ်ရချင်လို့ ကြိုးစားလိုက်တာ။ သဒ္ဓါတရားကို သွားမပြောနဲ့။ သူဌေးသား။ စည်းစိမ်တွေ အကုန် စွန့်လွှတ်လိုက်တာ။ ရုပ်ရည်လည်း အလွန်တင့်တယ်တာ။ အဲဒါ မဂ်ပညာ၊ ဖိုလ်ပညာရဖို့ ကြိုးစားတာ။ ကြိုးစားပြန်တော့ ရုပ်ရည်ကလည်း တင့်တယ်။ သူဌေးသားလည်း ဖြစ်ပြန်တော့ ဟိုလူတွေလာ၊ ဒီလူတွေလာ။ ဒီအတိုင်းဆိုရင်တော့ မဂ်ပညာ၊ ဖိုလ်ပညာ မရနိုင်ဘူး။ ဒီတော့ သင်္ချိုင်းကုန်းမှာ သွားကျင့်တယ်။ လူတွေရှောင်ပြီး ကျင့်တယ်။ မရဘူး။

မရတော့ နောက်တစ်ခါ ဝီရိယအားစိုက်ပြီး ထိုင်ကျင့်တယ်။ ထ,ကျင့်တယ်။ အိပ်ကျင့်တယ်။ နောက်ဆုံးတော့ ထိုင်တာ ထ,တာတောင် မလုပ်တော့ဘူး။ လျှောက်ကြည့်တယ်။ ထ,ကျင့်တယ်။ ခြေထောက်က သွေးတွေနဲ့ ဖူးယောင်ပေါက်ကွဲ လာတယ်။ ကိုယ့်ကိုယ်ကို မဂ်ရနိုင်တဲ့ ပုဂ္ဂိုလ် မဟုတ်ဘူးထင်တယ် ဆိုပြီးတော့ စိတ်အားလျှော့တော့မှ မြတ်စွာဘုရား သိတော်မူပြီးတော့ စောင်း

www.burmeseclassic.com

www.burmeseclassic.com



ဥပမာနဲ့ပေးပြီး တင်းလွန်းလျှင်လည်းမကောင်း၊ လျော့လွန်းလျှင်လည်းမကောင်း ပြတော့မှ သဒ္ဓါရယ်၊ ဝီရိယရယ်၊ သမာဓိရယ်၊ ပညာရယ် မျှစေတယ်။ အဲဒီအခါမှ ရဟန္တာ ဖြစ်သွားတယ်။

အဓိပ္ပာယ်က အစွန်းကိုရောက်သွားတတ်တာတွေ ရှိတယ်။ လိုသွားတာတွေရှိတယ်။ ပိုတတ်တာရှိတယ်။ ပညာလည်း ပိုတတ်တယ် လူတိုင်းထက် ဝီရိယလည်း ပိုတတ်တယ်။ လူတိုင်းထက် သဒ္ဓါလည်း လိုတတ်တယ်၊ ပိုတတ်တယ်။ မလိုမပို အမြဲတမ်း အရေးကြီးတာ အကျိုးပေးတာက သတိ။ ဒါကြောင့် မဂ်တရားဖိုလ်တရားဟောတဲ့အခါမှာ ဒီမဂ္ဂင်ရှစ်ပါးက သတိမဂ္ဂင်ကို ဆွဲထုတ်ပြီးတော့မှ ဒီအပေါ်တည်ထားတဲ့ မဟာသတိပဋ္ဌာန်ဆိုတဲ့ တရားကို မြတ်စွာဘုရားက ပေးတယ်။ မဟာသတိ ပဋ္ဌာန်ကျင့်စဉ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရနိုင်တယ်လို့ မြတ်စွာဘုရားက ကတိပေးတယ်။

လောကီပညာတွေမှာလည်း သတိလိုတယ်။ သတိမရှိရင် ပညာမရ ဖြစ်တတ်တယ်။ ကပ်လွဲသွားတယ်။ သတိက တစ်ဦးချင်း အနေနဲ့ ပညာရှာရာမှာ ဖြစ်ချင်ဖြစ်ပါစေ။ အများကို ပညာပေးသော ပညာရေးမှာ ဖြစ်ချင်ဖြစ်ပါစေ။ သတိက အလွန်အရေးကြီးတယ်။ သတိသာလျှင်အပိုအလိုမရှိအောင် ထိန်းသိမ်းတယ်။ အစွန်းမရောက်အောင် ထိန်းပေးတယ်။ ဒါ အလွန်အရေးကြီးတယ်နော်။

အဲဒါကို ကမ္ဘာ့သမိုင်းမှာကြည့်ရင် သတိအရေးကြီးတာကို တွေ့နိုင်တယ်။ သတိသာ မရှိရင် လွဲသွားတာတွေ အများကြီးရှိတယ်။ ဥပမာ ဖလန်းမင်းက ပနယ်စလင်တွေ့တာ သတိရှိလို့။ သူလုပ်နေတာက တစ်ခု၊ မမျှော်လင့်တာကို တွေ့လိုက်တယ်။ ဒါပေမယ့် သတိပြဋ္ဌာန်းပြီး ဒါဘာလဲလို့ ကြည့်လိုက်တဲ့အခါကျတော့မှ မျိုးဥက

www.burmeseclassic.com

www.burmeseclassic.com



antibiotics (ပဋိဇီဝဆေး)ကို သွားတွေ့တယ်။ တချို့ပညာ တွေက အလစ်အငိုက် ဝင်လာတယ်။ သူ့ကို မိအောင်ဖမ်းနိုင်ဖို့က သတိကမှ ဖမ်းနိုင်တယ်။ လူက ကြံတိုင်းဖြစ်ချင်မှဖြစ်တယ်။ မူလအစီအစဉ် ချထားတိုင်း ဟုတ်ချင်မှ ဟုတ်တယ်။ အဲဒါ တစ်ချက်။

နောက် အခု ကျွန်တော်တို့ပြောနေတဲ့ nuclear physics တွေဘာတွေ ပေါ်လာတယ်။ အစက Rutherford တို့ လက်ထက် အထိ atom ကို ဘိလိယက်ဘောလုံးလို သဘောထားတာ။ သေး တော့သေးတယ်၊ ဒါပေမယ့် solids ။ အဲဒီလို တွက်ထားတာ။ အဲဒီ တော့ Rutherford က သူ့တပည့်တစ်ယောက်ကို အခြေခံ ပညာပေးတဲ့အနေနဲ့ လုပ်ငန်းလေးတစ်ခု လုပ်ခိုင်းတယ်။ အဲဒီလုပ်ငန်း လေးကို တပည့်ကျောင်းသားကလည်း ဘာမှန်းမသိဘဲ လုပ်နေတာ။

လုပ်ခိုင်းထားတာက ဘာလဲဆိုတော့ ဟိုကနေပြီးတော့ သံပြားလေးနဲ့ ဝိုင်းထားတယ်။ ဒီက အီလက်ထရွန် အရှိန်ပေးစက်နဲ့ အီလက်ထရွန်တွေ လွှတ်ပေးတယ်။ ဒီသံပြားလေးကိုမှန်ပြီး အီလက် ထရွန်တွေက ဒီဘက်ကို လွင့်စင်ပြီး ကျလာမယ်။ ထောင့် (angle) တွက်ထားပြီး ကျမယ့်နေရာမှာ ဖလင်ပြား (photographic plate) ကို ထားတယ်။ မှန်ဘီလူးနဲ့ကြည့်ပြီး ကျလာတာတွေကို သူရေတွက်လို့ရတယ်။ တပည့်ကို အဲဒီဟာ ရေတွက်လို့ မှာထားခဲ့ တယ်။ သူလည်း သွားစရာ ရှိတာ သွားတာပေါ့။

ပြန်လာတော့ ဟိုကောင် တင်ပြတော့ မျက်လုံးပြူးသွား တယ်။ ဒီက တစ်ရာလွှတ်ရင် ဟိုမှာ တစ်ရာကျရမှာပေါ့။ ခုကြည့် တော့ တစ်ရာ မပြည့်ဘူး။ လျော့နေတယ်။ ဒီတော့ ဘာသွားတွေ့လဲ ဆိုရင် တချို့ကတော့ မူလလွှတ်တဲ့အတိုင်း ဒေါက်ခနဲဆို ပြန်မှန်

www.burmeseclassic.com

www.burmeseclassic.com



ကျလာတာ ရှိတယ်။ တချို့ကတော့ ဖောက်ကိုထွက်သွားတယ်။ အဲဒါကြောင့် ဒီမှာ လွှတ်သမျှ မရှိဘဲ ဖြစ်နေတာ။ ဒါ သတိများ မရှိရင် ခက်မယ်။ Rutherford သတိရှိလို့ ပြန်စမ်းကြည့်တယ်။ ဟုတ်တယ်။ အကုန်လုံး ပြန်မကျဘူး။။ တချို့ ပြန်ကျတယ်။ တချို့ လွတ်ထွက်သွားတယ်။

ဒီမှာ atom ဆိုတဲ့သဘောမှာ ထိမှန်ပြီး ပြန်လွင့်စင်ကျ နိုင်လောက်အောင် မာတဲ့သဘောလည်း တစ်ခုရှိရမယ်။ ပြီးတော့မှ ဖောက်ထွင်းသွားဖို့ အာကာသလည်း ရှိရမယ်။ အဲဒီတော့မှ အခု ကျွန်တော်တို့ နားလည်ကြတဲ့ atom model ဘေးက e တွေ ထကြွနေပြီး ဗဟိုကန္ဒူကလီးယက်(စ) ရှိတဲ့ atomပုံသဏ္ဌာန် ပေါ်လာတာ။ ဉာဏ်နဲ့မြင်လိုက်တာ။ ဉာဏ်နဲ့ ဘာလို့ မြင်သလဲဆိုရင် Rutherford မှာ သတိရှိလိုက်လို့။

အဲဒီတော့ ပညာရပ်တိုင်း ပညာရပ်တိုင်းမှာ science မှာပဲဖြစ်ဖြစ်၊ ဘယ်မှာပဲဖြစ်ဖြစ် သတိက သိပ်အရေးကြီးတယ်။ သတိမထားလိုက်မိရင် လွတ်သွားတာ ရှိတယ်။ discovery ခေါ်တဲ့ သိပ္ပံပညာတွေ့ရှိမှု အတော်တော်များများဟာ အမှတ်မထင် မမျှော် လင့်ဘဲ တွေ့တာ အများကြီးပဲ ရှိတယ်။ လွှတ်ထားလို့မရဘူး။ ဒါ ကြောင့် ပညာစစ်၊ ပညာမှန်မှာ သတိဟာ သိပ် အရေးကြီးတယ်။

ပညာရေးပဲလုပ်လုပ်၊ ပညာပဲသင်သင် သတိတော့ မမေ့နဲ့။ သတိရယ်၊ သမာဓိရယ်၊ ပညာရယ် အဲဒီ (၃)ခုက ခွဲခြားမရဘူး။ အမြဲရှိနေတယ်။ ဒါကြောင့် ပညာရှိတွေက သတိရှိဖို့ အရေးကြီး တယ်။ သတိရှိမှ အစွန်းနှစ်ဖက်ကို မသွားဘူး။ အဲဒီလိုမှ မှန်သော လမ်းကြောင်းပေါ်မှာ နေနိုင်တယ်။ သတိလက်လွတ်လိုက်ရင် တစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်သတ် ဖြစ်သွားတာတွေ ရှိတယ်။

ဒီတော့ အဲဒီလို ခဲရာခဲဆစ်နဲ့ ပညာရဖို့အတွက် ပါရမီဖြည့်ရတယ်ဆိုတာ ပါဠိလို ဘယ်လိုခေါ်သလဲဆိုရင် ဇာတိပညာလို့ခေါ်တယ်။ မြန်မာလို အဓိပ္ပာယ်က ပဋိသန္ဓေမှ ပါလာသော ပညာ။ တချို့က ပဋိသန္ဓေကတည်းက ပညာကို ပါမလာဘူး။ လောဘ အပြည့်၊ ဒေါသအပြည့်၊ မောဟအပြည့်နဲ့ မွေးလာတဲ့ အဟိတ်တွေ။ အဲဒါတွေက မဂ်ပညာ၊ ဖိုလ်ပညာနဲ့ အဝေးကြီးတွေ။ တချို့က ဒွိဟိတ်အဖြစ်နဲ့ မွေးလာတယ်။ ဒွိဟိတ်ဆိုတာက အ,လောဘ၊ အ,ဒေါသတွေတော့ ပါပါတယ်။ အ,မောဟတော့ မပါဘူး။ အဲဒီပုဂ္ဂိုလ်တွေက အ,လောဘဆိုတဲ့ ဟိတ်ပါတဲ့အတွက် ဒါနအလှူပြုဖို့ ဝန်မလေးတတ်ကြဘူး။ အ,ဒေါသပါလာတတ်တဲ့အတွက် သီလထိန်းဖို့လည်း ဝန်မလေးဘူး။ ဒါပေမယ့် အမောဟ ပါမလာတဲ့အတွက် ဝိပဿနာတော့ ဘယ်တော့မှ မထိုင်ဘူး။

တိဟိတ်ပုဂ္ဂိုလ်ကျတော့မှ သုံးပါးစလုံး ပါတယ်။ အလောဘ, လောဘမရှိခြင်း၊ လောဘကို မကြိုက်ခြင်း။ အဒေါသ,ဒေါသမရှိခြင်း ဒေါသကို မကြိုက်ခြင်း။ အမောဟ, နောက်ဆုံးတော့ မောဟဆိုတဲ့ အဝိဇ္ဇာ အမိုက်တရားကို မကြိုက်ခြင်း၊ မလိုချင်ဘူး ပယ်တယ်။ ဒီသုံးပါးနဲ့ ပြည့်စုံသောပုဂ္ဂိုလ်သည်ကား မဂ်ဖိုလ်ပညာ ရနိုင်ပါတယ်။ အဲဒါကလည်း ပဋိသန္ဓေစိတ်နဲ့ ဆိုင်တယ်။ ပဋိသန္ဓေကပါတဲ့ ဇာတိပညာလို့ ခေါ်တယ်။ ဇာတိပညာရှိတဲ့ သူတွေက အလွန်မြန်တယ်။

ဇာတိပညာကလည်း အမျိုးမျိုးရှိတယ်။ ဘုရားလက်ထက်တုန်းက ကိစ္စတွေ ဆရာမပြောဘူး။ modern ကိစ္စတွေ ပြောမယ်။ နေဦး သူ့နာမည် ဆရာမေ့သွားတယ်။ Gauss ထင်တယ်။ သူက

www.burmeseclassic.com

www.burmeseclassic.com



ကလေးလေး ရှိသေးတယ်။ နောက်တော့ ကမ္ဘာကျော် သင်္ချာဆရာကြီးဖြစ်လာတာ။ ကလေးဘဝမှာ ကျောင်းဆရာမတစ်ယောက်က အလုပ်လုပ်ဖို့ ရှိတယ်။ ကလေးတွေ ငြိမ်စေချင်တာနဲ့ အလုပ်တစ်ခု ပေးတယ်။ ၁ ကနေ ၁၀၀ ထိ ပေါင်း။ ကြာမယ်လေ။ ၁ နဲ့ ၂ ပေါင်း။ ရတဲ့ဟာနဲ့ ၃ နဲ့ ထပ်ပေါင်း။ ၄ နဲ့ ထပ်ပေါင်း။ မူလတန်း ကလေးလေးတွေကို ၁ ကနေ ၁၀၀ ထိ ပေါင်းခိုင်းထားတာ။ ဒီလိုဆို ဆရာမ အလုပ်လုပ်နိုင်မယ်။ ကောင်လေးတွေ ငြိမ်နေမယ်။ ဒီလိုအချိန်မှာ ကျောင်းသားတစ်ယောက်က ဘာမှမကြာဘူး၊ ပြီးပြီ ဆိုပြီး လာပြတယ်။ ဟာ မြန်လှချည်လား၊ မင်း ဘယ်လို လုပ်လဲ။ အဲဒီတော့ သူက formula လေး ချပြလိုက်တယ်။ ဗဟိုဂဏန်းကို ယူလိုက်တဲ့ သဘောပဲ။ ဟိုဘက်ဒီဘက် ပေါင်းလိုက်တဲ့အချိန်မှာ သူများ ကလေးတွေ မပြီးသေးတဲ့အချိန်မှာ သူက မိနစ်ပိုင်းအတွင်း ပြီးလာတယ်။ အဲဒါ formula အသစ် ဖြစ်လာတယ်။ အဲဒါ ကလေးလေး။ ဆရာမ တောင်မသိဘူး။ ကမ္ဘာမှာလည်း အဲဒီ formula မရှိသေးဘူး။ ၁ကနေ ၁၀၀ ကို လူပြိန်းတွေလို ပေါင်းနေတယ်။ formula နဲ့ တွက်လိုက်ရင် ခဏလေးနဲ့ ရတယ်။ ငယ်ငယ်လေးနဲ့ သိတာ။ ဒါ တော်တော်ကောင်းတဲ့ ဦးနှောက်။ အဲဒီလို ကလေးမျိုးတွေ အများကြီးရှိတယ်။ ဒါက သိပ္ပံ ပညာဘက်မှာတွေ့ရတယ်။ ဂီတဘက်မှာ တွေ့ရတယ်။ ကဗျာဘက်မှာ တွေ့ရတယ်။ ငယ်ငယ်လေးနဲ့ လူ တစ်ဖက်သားထက် ဦးနှောက်သာနေတာ ရှိတယ်။ အဲဒါ ဇာတိပညာပါရမီ။

လူများတကာက လောဘဒေါသတွေ ထူပြောနေပေမယ့် မထူပြောတဲ့သူတွေ ရှိတယ်။ ဒါတွေကို ပယ်တဲ့သူ ရှိတယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ပါရမီအရ ပါလာတာ။ အဲဒီ ပါလာတာချင်း အတူတူကို လူတစ်ယောက်နဲ့ တစ်ယောက် မတူပြန်ဘူး။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသွားတဲ့အထဲမှာ အစားစားရှိတယ်။ တရားကို တိုတိုလေး ပြောလိုက်တာ။ အဲဒီတိုတိုလေးက တစ်ခါတည်း မဂ်အထိ ဆိုက်သွားတယ်။ အရှင်သာရိပုတ္တရာလိုပေါ့။ တရားတစ်ပိုဒ်ကိုရွတ်တာ ဝါကျမဆုံးသေးဘူး သောတာပန် ဖြစ်သွားပြီ။ သိပ်မြန်တာ။ ဒီပုဂ္ဂိုလ်မျိုးကို ဥဂ္ဃဋိတညူလို့ ခေါ်တယ်။

နောက်တစ်စားက အဲဒီလောက်တော့ မမြန်ဘူး။ တရားရဲ့အနက် အဓိပ္ပာယ်ကို နည်းနည်းကျယ်ကျယ်လေး အသင့်အတင့်ပြောလိုက်တာနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရသွားတဲ့ အမျိုးအစား။ ဝိပဉ္စိတညူပုဂ္ဂိုလ်လို့ ခေါ်တယ်။

နောက်တစ်မျိုးကတော့ အဲဒီလို အကျဉ်း မဟုတ်ဘူး။ အကျယ်ကြီး ဟောပေးရတယ်။ ပထမ အကျဉ်းလေးပြောလိုက်။ အဲဒီအကျဉ်းလေးကို ချဲ့ပြီးတော့ အကျယ်ကြီးဟောလိုက်၊ ဥပမာတွေ ဥပမေယျတွေ အရှည်ကြီးဟောမှ ဖြစ်တာ။

ဒီပုဂ္ဂိုလ်မျိုးကျတော့ နေယျပုဂ္ဂိုလ်လို့ ခေါ်တယ်။ သဘာဝတွေနော်။ တော်တဲ့ကလေးတွေကို သတိထားရတယ်။ အတန်းထဲမှာ ကလေး တစ်ယောက်ဆိုးနေရင် သိပ်တော်လို့ဆိုးတာဖြစ်တတ်တယ်။ အတန်းထဲမှာ သင်ပေးနေတာ အများစုနဲ့ဆိုင်တဲ့ ယေဘူယျတွေ။ သိပ်ဉာဏ်ကောင်းတဲ့ ကလေးအတွက် လွယ်လွန်းအားကြီးလို့ စိတ်မဝင်စားဘူး။ ပျင်းစရာ ဖြစ်နေတယ်။ အဲဒီအတွက် ဆိုးတတ်တယ်။ ဆရာ၊ ဆရာမတွေက ဒီကလေး ဉာဏ်ရည် ဘယ်လောက်ရှိလဲ သိရတယ်။ ဆရာမတွေက မြင့်မားသော ပညာပေးရင်ပေး၊ ဒါမှ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ် အတန်းတင်ပေးရတယ်။

ဒီလို့ပဲ တချို့ကလေးတွေကျတော့ သိပ်ထိုင်းနေရင် "ဟာ လူတကာရတာ နင်မရဘူးလား" ထိပ်ခေါက်၊ "ဒီကောင် အသုံးကို မကျဘူးလား" ဆိုပြီးဆူ။ ကလေးရဲ့ ဉာဏ်အခြေအနေဟာ လူ တကာနဲ့ မတူဘူး။ ယေဘူယျရဲ့အောက်မှာ ကျနေတာကို မသိတော့ ကလေးက သနားစရာပဲ။ ဆရာမလည်း အလကားပဲ။ ဒေါသဖြစ် တယ်။ အဲဒါမျိုးကျတော့ ကလေးကို သေချာကြည့်ပြီး အထူး အစီအစဉ်နဲ့ သင်ပေး၊ လုပ်ပေးရတယ်။ ပညာရေး စိတ်ပညာကို လည်း သတိထားရတယ်နော်။

နော်မယ်လ်ကာ့ဗ်ဆိုတာ သိတယ် မဟုတ်လား။ ခေါင်း လောင်းပုံကြီးလေ။ ဗဟိုက အများစု။ အများစုက ဗဟိုတစ်ဝိုက် မှာ။ ဟိုဘက်အစွန်း၊ ဒီဘက်အစွန်းမှာ အရေးအတွက် နည်းတယ်။ အဲဒီတော့ လူတွေမှာလည်း စောစောကပြောတဲ့ လူချင်းတူရင် ယေဘုယျအားဖြင့် လူနဲ့ထိုက်တန်တဲ့ အသိဉာဏ်ပညာကတော့ အများစုမှာ ရှိတယ်။ ခြွင်းချက်အနေနဲ့ လူတကာထက် ဉာဏ် ထက်တဲ့သူ အနည်းစု ရှိတယ်။ ပညာရေးရဲ့ အထာက တစ်ခါ တလေ သိမ်မွေ့တယ်။ ခုနက အရှင်သောနထေရ်အကြောင်း ပြောခဲ့ တယ်။ ဉာဏ်ထက်မြက်လျက်နဲ့ နည်းမဆီလျော်ရင် နှောင့်နှေးတတ် တယ်။ အစစအရာမှာ သတိထားပြီး ပညာကိုပေးရတယ်။ မြတ်စွာ ဘုရားကတော့ စရိုက်၊ သဘာဝ၊ ပါရမီ အဆင့်တွေကို သိတယ်။

ဒါကြောင့် ဗုဒ္ဓတရားတော်သည် လောကုတ္တရာကိုဟောခြင်း မှန်ပေမယ့် ဗုဒ္ဓသည် လောကီကိုလည်း မပစ်ပယ်ဘူး။ လောကီမှာ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓတရားတွေကို အများကြီးသုံးနိုင်ပါတယ်။ တရားတွေကနေရတဲ့ ပညာရေးသဘော တရားတွေ။ အခု ခေတ်သစ်ပညာရေးမှာလည်း ထည့်သွင်းစဉ်းစားနိုင်တာတွေ ပါ,ပါတယ်။ ပညာရဲ့ သဘာဝပေါ့။

***ဒီလိုဆို ဆရာ စောစောက ပြောတဲ့ ဇာတိပညာ ကတော့ လူနည်းစုပေါ့ ဆရာ။ ကျွန်တော်တို့ ယေဘူယျလူများစုကို ပြောရင်တော့ ဆိုင်ရာဆိုင်ရာ ပညာရပ်တွေမှာ သင်ကြားပြီ၊ သင်ယူပြီဆိုရင် အဲဒီပညာရပ် တွေမှာ လုံလောက်တဲ့ အချိန် လိုတာပေါ့နော်။***

လိုတာပေါ့။ လိုတယ်။ ပါရမီဆိုတာ ဖြည့်ရတယ်။ ခုနက အဲဒီ ပါရမီဆိုတဲ့ အချိန် လိုတယ်။

***အဲဒီ လုံလောက်တဲ့အချိန်တွေကို ဇွတ်အဓမ္မချုံ့လိုက်ရင်ကော ဆရာ။***

ဇွတ်အဓမ္မ ချုံ့လိုက်ရင် မရဘူး။ မရဘူး။ တစ်ခါတည်း လောကြီးပြီးတော့ ဟိုမရောက် ဒီမရောက်တွေ ဖြစ်ကုန်တတ်တယ်။ ဒါပေမယ့် သိပ်တော်တဲ့ လူတွေကျတော့ အချိန် အရှည်ကြီးသွားလို့

www.burmeseclassic.com

www.burmeseclassic.com



မရဘူး။ သူနဲ့ ထိုက်တန်တဲ့အချိန်ပဲ ပေးရတယ်။ သိပ်ညံ့တဲ့သူတွေကျတော့လည်း သူနဲ့ထိုက်တန်တဲ့အချိန် ပေးရတယ်။ အဲဒီသဘောတွေ ရှိတယ်။ ကျွန်တော်တို့ ဒီလိုပြောနိုင်တာကတော့ ဟိုအများစုအတွက်ပဲ တွက်ချက်လုပ်ရတယ်။ ဒါပေမယ့် သတိလေးဝင်လိုက်တဲ့အတွက် အထူးကိစ္စတွေအတွက်လည်း ပညာရေးက အဆင့်သင့်လုပ်ထားရတယ်။ သိပ်တော်တဲ့လူတွေအတွက်လည်း တစ်ခုခု လုပ်ပေးနိုင်ရမယ်။ သိပ်ညံ့တဲ့လူတွေအတွက်လည်း လုပ်ပေးရမယ်။ သို့သော် သူတို့က လူနည်းစုပါ။ လူများစုအတွက်တော့ ယေဘုယျမူတွေ၊ စည်းမျဉ်းတွေ ပေးနိုင်ဖို့ လိုတယ်။

■ ***နောက်တစ်ခု သိချင်ပါတယ် ဆရာ။ ph.Dဆိုတဲ့ကိစ္စမှာ ph.D ရခြင်း။ မရခြင်းဟာ သက်ဆိုင်ရာပညာရပ်မှာ အကျိုးသက်ရောက်မှု ဘယ်လိုများ ရှိနိုင်မလဲ ဆရာ။***

ကျွန်တော်တို့ ဘွဲ့တွေအကြောင်းပြောရင် နည်းနည်းရှင်းအောင် ပြောနိုင်ရင်ကောင်းမယ်။ ph.D ဆိုတော့ Doctor of Philosophy။ M.A,M.Sc ကျတော့ Master of Arts, Master of Science ဆိုပြီး ခွဲထားပြီးတော့ ph.D က အမြင့်၊ M.A, M.Scက သူ့အောက်က ဆိုပြီးတော့ ခွဲထားတယ်။

ရှေးက အင်္ဂလန်မှာ master ဆိုတာ သုံးတယ်။ mas-

www.burmeseclassic.com

www.burmeseclassic.com



ter ဆိုတာက ဆရာ၊ အရှင်သခင် ဒီအဓိပ္ပာယ်ရတယ်။ ph.D ဆိုတာကတော့ Doctor of Philosophy လို့ပြောတဲ့အထဲမှာ Doctor ဆိုတာကလည်း ဆရာလို့ပဲ အဓိပ္ပာယ်ရတယ်။ အဲဒါ အီတလီအသုံး၊ တောင်ပိုင်းကပေါ့။ နောက် ပညာရပ်တစ်ရပ်ကို မိမိ သိရုံတင်မကဘဲ ဆရာအဖြစ်ထပ်ဆင့်ပြီးသင်ကြားနိုင်ရင် Master လို့လည်းခေါ်သလို Doctor လို့လည်း ခေါ်တယ်။ ဒါက မူလအစ အခေါ်အဝေါ်တွေရဲ့ဇာစ်မြစ်။

အထူးသဖြင့် Master ကိစ္စက ရှင်းတယ်။ ဘာလို့ Master လို့ ခေါ်လဲဆိုတော့ Master အောက်မှာ နိမ့်တဲ့သူက ရှိတယ်။ Master အောက်မှာရှိတဲ့သူက ဘတ်ချလာဆိုတာရှိတယ်။ ဘာကြောင့်သူ့ကို ဘတ်ချလာလို့ခေါ်လဲ။ Master ရှိလို့ ခေါ်တယ်။ အဲဒါကတော့ သူတို့ ပဒေသရာဇ်ယဉ်ကျေးမှုနဲ့ ပတ်သက်နေတယ်။ ကိုယ်စွမ်းကိုယ်စရဲ့ စွမ်းရည်သတ္တိကို၊ သူ့ရဲ့လက်ရုံး ရည်အစွမ်းကိုပြပြီးတော့ မြို့စားကြီး၊ နယ်စားကြီး သို့မဟုတ် ဘုရင်မင်းမြတ် ဆီသွား အမှုထမ်းတယ်။ အမှုထမ်းတော့ သူ့အရည်အချင်းကို ကြိုက်တဲ့အခါမှာ ပထမ Knight ဆိုတဲ့ သူရဲကောင်း၊ ကျွန်တော်ကတော့ သူရဲတော်လို့ ဘာသာပြန်ထားတယ်။ Sir ဘွဲ့ရတယ်။ Sir ဘွဲ့ ပေးလိုက်တယ်။ ဒါ သူရဲကောင်းပဲ ရှိသေးတယ်။

နောက် အဲဒီကနေ သူက ထူးထူးချွန်ချွန် လုပ်နိုင်တဲ့အတွက် မြို့စားကြီး၊ နယ်စားကြီးတွေက ချီးမြှင့်လို့ မြေတွေဘာတွေ ပိုင်လာတယ်။ မြေတွေဘာတွေ ပိုင်လာတဲ့အခါကျတော့ စိုက်ပျိုးနိုင်တယ်။ မွေးမြူနိုင်တယ်။ ဒီတော့ အစမှာ ကြီးပွားရေးအတွက် နွားမွေးကြတယ်။ ဘတ်ချလာဆိုတဲ့ စကားဟာ ဘက္က (bacca) ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



လာတယ်။ ဘက္ကက နွားကိုပြောတာ။ နွားပိုင်သူ ဖြစ်သွားပြီ။ သာမန် ခနမရှိသော လူစွမ်းကောင် မဟုတ်တော့ဘူး။ ခနလည်းရှိတဲ့ လူစွမ်း ကောင်းဖြစ်ပြီ။ ဒါ ဘတ်ချလာ။ ဘက္က,က လာတာ။

အဲဒီ ဘတ်ချလာနိုက်ရဲ့ အထက်မှ မာစတာမြို့စားကြီး၊ နယ်စားကြီးတွေ ရှိတယ်။ အဲဒါကို ပညာရေးမှာ ယူသုံးတယ်။ ပညာသင်ဆဲလူ၊ အောက်အဆင့်ကလူကို ဘတ်ချလာလို့ခေါ်တယ်။ အပေါ်ဆင့်မှာနေတဲ့ သူကို Master လို့ခေါ်တယ်။ ဒါက မူလအစ။

အဲဒီလို Master ဘွဲ့ပေးမယ်၊ Doctor ဘွဲ့ပေးမယ်ဆိုတာ သူက ဆရာဖြစ်ပြီ၊ ဆရာတစ်ဆူ လုပ်စားတော့မယ်ဆိုတော့ ကိုယ်ပိုင်ဉာဏ် အရေးကြီးတယ်။ ကိုယ်ပိုင်ဉာဏ် ဘယ်လောက်အရေးကြီး သလဲ။ ကိုယ်ပိုင်ဉာဏ်ကြီးတဲ့သူကိုမှ Doctor ဘွဲ့၊ Master ဘွဲ့ ပေးတယ်။ သူများ သင်ပေးထားတာကို အလွတ်ကျက်ပြီးတော့ ပြောနိုင်ရုံ၊ ဆိုနိုင်ရုံနဲ့ သူ့ကို Master ဘွဲ့၊ Doctor ဘွဲ့ မပေးသေး ဘူး။ ဒါကိုယ်၌ကလည်း ခက်ပါတယ်။ သူများသင်ထားတာကိုပဲ အမှားအယွင်းမရှိအောင် လုပ်နိုင်တာ ခက်ပါတယ်။ ဒါပေမယ့် ကိုယ်ပိုင်အစွမ်းအစ၊ ကိုယ်ပိုင်ဉာဏ်နဲ့ သူများ မတွေ့သေးတာကို တွေ့ခြင်း၊ သူများ မသိသေးတာကို သိခြင်း၊သူများ မမြင်သေးတာ ကိုမြင်ခြင်း၊ သူများ မဖော်ပြနိုင်တာကို ဖော်ပြခြင်း အင်္ဂလိပ်လို Originality လို့ခေါ်တယ်။ Originality ကို ပြနိုင်မှသာလျှင် Master ဘွဲ့၊ Doctor ဘွဲ့ ရတယ်။ အခုထိလည်း နိုင်ငံခြားသွားပြီး Master, ph.D ယူတဲ့လူတွေဆိုလို့ရှိရင် Originality ပြနိုင်ရတယ်။ ဆရာတို့အခေါ် ကတော့ Original Research တင်နိုင်မှ Master degree, ph.D degree ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာဆိုပါတော့။ ဆရာတို့ ကိုလံဘီယာတက္ကသိုလ် ထုံးစံအရ Master requirement ဆိုတာ သင်ပေးတာပဲ။ သင်ပေးတာလိုက်မှတ်။ ပြီးတော့ ဖြေ။ အဲဒါ ပြည့်သွားပြီး။ ပြည့်သွားရုံနဲ့ မပြီးသေးဘူး။ သူက Original တစ်ခုကို Thesis အဖြစ်နဲ့ တင်ရတယ်။ သူ့ ကိုယ်ပိုင်ပေါ့။ အဓိပ္ပာယ်က သူများမတွေ့ဖူးတာ ဖြစ်ရမယ်။ သူများတွေ့ဖူးတာကို ထပ်ကွန့်ပြီးလုပ်တာ ဖြစ်ရင်ဖြစ်ရမယ်။ သူများတွေ့တဲ့အထဲက အမှားကို ထောက်ပြပြီး အမှန်ကို တင်ပြတာဖြစ်ချင်ဖြစ်နေမယ်။ ကိုယ်ပိုင်ဖြစ်ရမယ်။ အဲဒီတော့မှ Master degree နဲ့ ph.D degree ပေးတယ်။

အဲ အသားပေးမှုတော့ တစ်ပြည်နဲ့တစ်ပြည် မတူဘူး။ တချို့ကတော့ Master ကို ဖိသင်ပြီး ph.D ကို အချိန်ကျရင် အလိုလိုရသွားတဲ့ဟာတွေ ရှိတယ်။ Master က ပိုခက်တယ်။ ph.D က သက်သာလာတယ်။ တချို့တိုင်းပြည်ကျတော့ Master ကို လို အပ်သမျှသင်ပြီး ph.D ကျမှ ဖိသင်ပြီး Original တွေ ဖိတောင်းတယ်။ အဲဒါတွေ ရှိတယ်။

ဒါကြောင့် ဘွဲ့ဒီဂရီတစ်ခုကို ကြည့်ပြီးတော့ ဒီလူတွေ အတော်ဆုံးပဲလို့ ပြောလို့မရဘူး။ သူ့ဒီဂရီသည် ဘယ်တိုင်းပြည်ကလဲ။ ဒါလည်း ကြည့်ရတယ်။ စနစ်မတူတဲ့အတွက်၊ တစ်ခါ တိုင်းပြည်တစ်ပြည်ထဲတောင်မှ ဘယ်တက္ကသိုလ်ကလဲ၊ စည်းကမ်းကြီးသောတက္ကသိုလ်လား၊ လက်ခက်သော တက္ကသိုလ်လား၊ ဈေးကြီးသောတက္ကသိုလ်လား ဒီလိုကြည့်ရတယ်။

ဒါကြောင့်မို့လို့ များသောအားဖြင့် မိမိဘွဲ့တွေကို ပြောတဲ့အခါမှာ မိမိယူခဲ့သော တက္ကသိုလ်ရဲ့အမည်ကို ကွင်းစကွင်းပိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပေးရတယ်။ ဒါကိုကြည့်လိုက်ရင် သိတယ်။ သူ့အဆင့်အတန်းကို။ ရိုးရိုး Master ဆိုရုံနဲ့ ph.D ဆိုရုံနဲ့ လူတော်လို့ တစ်ထစ်ချ မပြောနိုင်ဘူး။ သင်ယူခဲ့သော တိုင်းပြည်၊ သင်ယူခဲ့သော တက္ကသိုလ် ဒီပေါ်လည်း တည်တယ်။ အဓိက, ကတော့ Original တောင်းတယ်။

ဒီတော့ ခက်တော့ ခက်သားဗျ။ Originality ဆိုတာက အပြောလွယ်သလောက် တကယ့်အလုပ်ကျတော့ ခက်တယ်။ များသောအားဖြင့် ရူပဗေဒတို့၊ ဓာတုဗေဒတို့လို Natural Sciences တွေမှာ ph.D တွေ ထွက်တာများတယ်။ သူတို့က တော်တော် ရှေ့ပြေးရောက်နေတဲ့ သိပ္ပံပညာတွေဖြစ်တော့ အသစ်သစ်ဖြစ်သော ပြဿနာတွေတိုးတိုးနေတယ်။ အဲဒီ အသစ်အသစ်ဖြစ်သော ပြဿနာတွေကို ဆရာတွေက တပည့်တွေကိုချပေးပြီး တပည့်တွေက ရှင်းလိုက်လို့ရှိရင် အသစ်တွေ ထပ်ရနိုင်တယ်။ ဒီပညာတွေက Originality ပေးနိုင်ဖို့ Original Research တွေ အများကြီးပေးနိုင်တယ်။

ဒါပေမယ့်တချို့ဘာသာရပ်တွေက Originality ရဖို့အလွန်ခက်တယ်။ ပြဿနာအသစ်တစ်ရပ်တွေဖို့ အလွန်ခဲယဉ်းတယ်။ ဘယ်လိုပညာရပ်တွေလဲ။ Pure Maths လို့ခေါ်တဲ့ဟာမျိုး၊ Pure Philosophy လို ဟာမျိုး။ အဲဒီမှာ Originality ထွက်လာအောင် ပြဿနာက ရှားပါးခက်ခဲတယ်။

ဒါကြောင့် များသောအားဖြင့် အဲဒီလို Pure Maths တို့ Philosophy တို့မှာက Pure အစား Applied တွေလုပ်ကြတာများတယ်။ Philosophy သက်သက်ယူမယ့်အစား Cultural Phi-

www.burmeseclassic.com

www.burmeseclassic.com



losophy နဲ့ ယူတဲ့ လူတွေရှိတယ်။ Pure Maths နဲ့ ယူမယ့်အစား Statistics နဲ့ ယူတဲ့လူတွေ ရှိတယ်။ စသဖြင့် အဲဒီလိုပေါ့။

ဒါကြောင့် Originality လိုအပ်ချက်ကိုပြောရင် ခုနပြောသလို တိုင်းပြည်နဲ့ တက္ကသိုလ်တင်မက ဘာသာရပ်ပေါ် လည်း တည်သေးတယ်။ Philosophy လိုသချာ ဘာသာရပ်တွေက အလွန်ခဲယဉ်းတယ်။ ထိုနည်းတူစွာ Literature nbမှာလည်း ခဲယဉ်းတယ်။

### ■ အဲဒီတော့ ဆရာ၊ သက်ဆိုင်ရာ ဘာသာရပ်အတွက် အကျိုးက-

နှစ်ခုစလုံး ကြီးပါတယ်။

အကြီးဆုံးကတော့ သူများမတွေ့သေးတာတာ တွေ့တယ်၊ သူများ မမြင်သေးတာ မြင်တယ်ဆိုတာကတော့ အမြင့်ဆုံးပေါ့။ ဒီဟာတွေရတဲ့အတွက် မိမိတိုင်းပြည်တင်မဟုတ်ဘဲ ကမ္ဘာအတွက်လည်း ကောင်းပါတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေက Nobel Prize တွေ ရကုန်ကြတာပေါ့။ ကမ္ဘာလောကကို ကောင်းကျိုးအများကြီး ပေးနိုင်တယ်လေ။ မတွေ့သေး၊ မသိသေးတာကို တွေ့လိုက်သိလိုက်တယ်ဆိုရင် အများကြီးပဲ။ တချို့ကျတော့လည်း အဲဒီလောက် အဆင့်မမြင့်ပေမယ့် ယေဘုယျအသုံးပြုဖို့ လောကကို အကျိုးပေးတာ ရှိတယ်။

သဘောကတော့ ကြိုးစားကြတာကိုး။ Master ရဖို့ Original ဖြစ်အောင်၊ Ph.D ရဖို့ Original ရအောင် ကြိုးစားတော့ တချို့လည်း ပေါက်မြောက်သွားပြီး ထူးထူးချွန်ချွန် ဖြစ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



တချို့တော့လည်း အသစ် မတွေ့လင့်ကစား ဒါလုပ်ရင်းတန်းလန်း သူ့မှာ ပညာတွေ အများကြီး တိုးလာတယ်။ အဲဒီကနေ သူ့ရှာဖွေတွေ့ရှိချက်တွေက ကမ္ဘာကြီး တုန်လှုပ်သွားအောင်၊ သမိုင်းကြီး ပြောင်းသွားအောင်၊ သိပ္ပံပညာကြီး ပြောင်းသွားအောင်၊ စီးပွားရေး၊ ပညာရေး ပြောင်းသွားလောက်အောင် တုန်လှုပ်ခြောက်ခြားသွားရလောက်အောင် တွေ့ရှိချက် မဟုတ်လင့်ကစား သူ့အတိုင်းအတာအနေနဲ့ အကျိုးရှိတယ်။

ဒါကြောင့် တက္ကသိုလ်ကြီးတိုင်းဟာ Master Programme တွေ လုပ်ကို လုပ်ပေးရတယ်။

***လေးစားလောက်တဲ့ တက္ကသိုလ်တွေက ဘာတွေလဲ ဆရာ။***

အဲဒီဟာကတော့ အပြောရခက်တယ်ဗျ။ ဘယ်တက္ကသိုလ်တွေ လေးစားလောက်လဲဆိုတာ တက္ကသိုလ်အစွဲကြီးတွေကလည်း ရှိတတ်တယ်။ ထိပ်သီးတက္ကသိုလ်ကြီးတွေကနေပြီးတော့ ခပ်ချာချာထွက်လာတဲ့သူလည်း ရှိတာပဲဗျ။ တက္ကသိုလ်သေးသေးလေးကနေ ထူးထူးချွန်ချွန် ဖြစ်လာတဲ့သူလည်း ရှိတာပဲ။ ဒီနေရာကျတော့ လူပေါ်လည်း တည်တာလည်း ရှိတယ်။ ခုနပြောသလို ဘာသာရပ်ပေါ် တည်တာလည်း ရှိတယ်။

ဆရာ့မိတ်ဆွေတစ်ယောက်ဆို အလွန်တော်တဲ့လူ။ သူက ဟားဗတ်မှာ သွားပြီးတော့ Ph.D သွားလုပ်တယ်။ ဟားဗတ်က

www.burmeseclassic.com

www.burmeseclassic.com



သိပ်မြင့်တာ၊ သိပ်တောင်းဆိုတာ။ Original တောင်းတာ။ သူက လည်း Applied နဲ့ ဘွဲ့မယူချင်ဘူး။ မာနကြီးတယ်။ Pure Maths နဲ့ လုပ်တယ်။ Master တော့ပြီးတယ်။ နှစ်အများကြီးကြာမှ Ph.D Thesis တင်လာ လက်မခံဘူး။ Original စံချိန်မကျေနပ်လို့။ အဲဒီတော့ ဒီအတိုင်း ပြန်လာခဲ့ရတယ်။ အဲဒီတော့ သူ့ကို Ph.D မရလို့မတော်ဘူးလို့ သွားမလုပ်နဲ့ဗျ။ အလွန်တော်တယ်။ Ph.D မရတာ သူ့ကံနဲ့သူ မဖောက်ထွင်းနိုင်လို့ မရခဲ့ဘူး။ သို့သော် သူက ဖောက်ထွင်းနိုင်ရက်သားနဲ့ သက်ဆိုင်ရာက ဖောက်ထွင်းချက်ကို ဖောက်ထွင်းချက်လို့ လက်မခံတာမျိုးလည်း ရှိတတ်တယ်။

ထိပ်သီးတက္ကသိုလ်ကြီးတွေ ဆိုတာကတော့ ပညာရပ်တွေ လည်းစုံတယ်။ အများကြီး သင်ပေးတယ်။ သူတို့ဆီမှာ မသင်နိုင်တဲ့ ပညာမရှိဘူး။ မသင်ပေးသောပညာ မရှိဆိုတာလို စုံအောင်လုပ် ထားတယ်။ နောက်ဆုံးဗျာ ခုထိ ဘယ်သူမှ ဂရုမစိုက်တော့တဲ့ ရှေးဟောင်းဘာသာစကားတွေတောင်မှ ကျောင်းသားလေး တစ် ယောက်နှစ်ယောက်နဲ့ ကျောင်းဖွင့်ထားတာတွေ ရှိတယ်။ ဒီပညာ တစ်ရပ်ပျောက်သွားမှာစိုးလို့။ အဲဒါမျိုးတွေရှိတယ်။ သူတို့က ချမ်းကလည်း ချမ်းသာတော့ တတ်နိုင်တာပေါ့။ ဒါက ပညာရပ်စုံခြင်း။

ဒီပညာရပ်တွေ စုံအောင်လုပ်ဖို့ ဓာတ်ခွဲခန်းကြီးတွေ ဘာတွေ ကလည်း အများကြီးလုပ်ထားတယ်။ တစ်ခါ အဲဒီဓာတ်ခွဲခန်းကြီး တွေသုံးဖို့ ပိုက်ဆံ။ ကျောင်းသားလည်း ပိုက်ဆံပေးရတာနော်။ ကျောင်းသားက သုတေသနလုပ်မယ်ဆိုရင် ပါမောက္ခက ပိုက်ဆံ သန်းချီပေးနိုင်တာတွေ ရှိတယ်။ နာမည်ကျော်တဲ့ ပါမောက္ခလက်ထဲ မှာ သုတေသနစီမံကိန်းနဲ့ ငွေတွေရှိတာကိုး။ အဲဒီလို ပေးနိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



လည်း တက္ကသိုလ်က ချမ်းသာရတယ်။ ပြီးတော့တစ်ခါ သူက ဂုဏ်သရေကြီးမားတဲ့အတွက် ကမ္ဘာပေါ်မှာ တော်ပေ့ဆိုတဲ့လူတွေက သူတို့ဆီလာကြတယ်။ လစာတွေကလည်း ကောင်းတယ်။ ဒါမှ မဟုတ် အခွင့်အရေးတွေကလည်း ကောင်းတယ်။ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်နိုင်တယ်။ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်နိုင်တဲ့အတွက် ဆွဲဆောင်မှုရှိတယ်။ ဆွဲဆောင်မှုရှိတဲ့အတွက် ရောက်ကြတာ အများကြီးပဲ။

ကျွန်တော် ဦးနှောက်ပြန်းတီးမှုကိစ္စလေး ပြောချင်တာပါ။ ဒီ ကျွန်တော်တို့ မဖွံ့ဖြိုးသေးတဲ့နိုင်ငံက တော်တဲ့လူတွေမပြောနဲ့ အနောက်ဥရောပက တော်တဲ့သူတွေအမေရိကားကိုရောက်ကုန်တာ ရှိတယ်။ ဟိုမှာ တက္ကသိုလ်ကြီးတွေက အခွင့်အလမ်းတွေ ရှိတယ်။ Opportunities တွေကောင်းတော့ (လစာကောင်းလို့ချည်းပဲတော့ မဟုတ်ဘူး) အဲဒီကို သွားကြတာ ရှိတယ်။

အဲဒီလို အဖက်ဖက်က အစဉ်အလာအားဖြင့်လည်း ကြာပြီ။ ငွေရေးကြေးရေးအားဖြင့်လည်း တောင့်တယ်၊ ကိရိယာ အားဖြင့်လည်း ပြည့်စုံတယ်။ ဆရာကောင်းတွေနဲ့လည်း ပြည့်စုံတယ်။ တော့်ပေဆိုတဲ့ ကျောင်းသားတွေက သူတို့ဆီ တမင်လာတယ်။ ဆိုတော့ အကြောင်းအပေါင်းတွေစုံနေတဲ့ တက္ကသိုလ်ကြီးတွေက 'ထိပ်' ပေါ့။ သူတို့ဆီဝင်ဖို့လည်း ခက်တယ်။ သူတို့ဆီက ဘွဲ့ရဖို့လည်း ခက်တယ်။ သူတို့ဆီက ဝင်ခွင့်ရလို့ ဘွဲ့ရပြီဆိုပြန်ရင်လည်း ကမ္ဘာမှာ လက်မထောင်နိုင်တယ်။ အဲဒီလို တက္ကသိုလ်ကြီးမျိုးတွေ တော့ရှိကြတာပေါ့ အင်္ဂလန်မှာတော့ အောက်စ်ဖို့ဒ်တို့၊ ကင်းဘရစ်ချ်တို့၊ လန်ဒန်တို့ နာမည်အတော်ကြီးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြင်သစ်ကတော့ ဆိုးဘွမ်းကနာမည်ကြီးတယ်။ အမေရိကားကတော့ များတယ်ဗျ။ သူက ချမ်းသာတဲ့တိုင်းပြည်ကိုး။အဓိက,က ဟားဗတ်၊ ယေးလ်၊ ကိုလံဘီယာ၊ စတန်းဖို့ဒ်၊ နောက်ပြီးတော့ အမ်အိုင်တီ။ နောက် ဆေးပညာဘက်မှာ နာမည်ကြီးတာ ရှိသေးတယ်။ ဂျွန်ဟော့စကင်း-အဲဒါကြီးတွေက ထိပ်တန်းကြီးတွေပေါ့။ အဝင်လည်း ခက်တယ်။ ဥပမာဟားဗတ်က အခက်ဆုံး။ ဟားဗတ်ကို အခြေခံပညာအောင်လို့ ဝင်ချင်ရင် Straight A ဖြစ်ရတယ်။ A တွေချည်းပဲ။ B, C, D ပါလာရင် လက်မခံဘူး။ Bပါရင်တောင် မကြိုက်ဘူး။ A, Straight A လို့ခေါ်တယ်။ A တွေချည်းပဲ။B, C, D ပါလာရင် လက်မခံဘူး။ B ပါရင်တောင် မကြိုက်ဘူး။ A, Straight Aလို့ခေါ်တယ်။ A တွေ တန်းစီနေတာ။ ဒါ အမြင့်ဆုံး အမှတ်တွေ ရခဲ့တာ။

ဒီလိုပဲ တခြားတက္ကသိုလ် ကောလိပ်တစ်ခုမှာ ဝင်ပြီးတော့မှ တော်အောင်ကြိုးစားပြီး ဟားဗတ်ကို သွားချင်တယ်ဆိုလို့ရှိရင် ဆိုပါတော့။M.Aသွားတက်ချင်တယ်ဆိုပါတော့၊ သူ့ဘာသာမှာ Straight A ရ,ရမယ်။ တစ်ခါ Ph.D သွားတက်ချင်တယ်ဆိုရင် တခြားတက္ကသိုလ်က M.A မှာ Straight A ရရတယ်။ ဟားဗတ်က အဲဒီလောက်ထိ တောင်းဆိုတယ်။ ကျန်တဲ့ တက္ကသိုလ်တွေကလည်း A တွေ တောင်းပါတယ်။ ဒါပေမယ့် ဟားဗတ် လောက်တော့ မပြင်းထန်ဘူးပေါ့။ ဟားဗတ်ကတော့ တော်တော်လေး ပြင်းထန်တယ်။

ဒါပေမယ့် ထူးချွန်မှုကျတော့ သူ့ဟာနဲ့သူ။ ဟားဗတ်က ထူးချွန် သူရှိသလို ယေးလ်က ထူချွန်သူလည်း ရှိတယ်။ အမ်အိုင်တီက ထူးချွန်သူလည်း ရှိတယ်။ စတန်းဖို့ဒ်တို့ ကော်နယ်လ်တို့

www.burmeseclassic.com

www.burmeseclassic.com



အခုဆိုရင် ကယ်လီဖိုးနီယားတို့ရှိတယ်။ တစ်ခုပဲ အမေရိကန်မှာ မျက်စိလည်စရာတော့ ရှိတယ်။ အမေရိကားမှာ University က နှစ်စားရှိတယ်။

တစ်ခုက Private University ကိုလံဘီယာတို့၊ ဟားဗတ်တို့၊ ယေးလ်တို့၊ နောက် University of Califoria တို့ အဲဒါတွေက Private Universityတွေ။ သက်တမ်းလည်းရှည်လှပြီ။ ကိုလံဘီယာဆိုလို့ရှိရင် အမေရိကန် လွတ်လပ်ရေး မရခင်ကတည်းက တည်ထားတာ။

သမားဆို အိုပါမှတဲ့။ ပညာဆို အသက်ကြီးလေ ကောင်းလေပဲ။ တက္ကသိုလ်ဆိုလည်း အသက်ကြီးလေ လူလေးစားလေပဲ။ ဒါကြောင့်မို့ University အမေရိကား တွေထဲမှာ Ivy League အဖွဲ့ဝင်တက္ကသိုလ်များဆိုပြီး ရှိတယ်။ သိတယ်မို့လား။ Ivy ဆိုတာ 'နွယ်'။ ရှေးကျတဲ့ တက္ကသိုလ်တွေက အိုမင်းလွန်းတဲ့အတွက် နွယ်တွေ နံရံတွေမှာ တက်နေတဲ့အတွက် အဲဒီလိုရှေးကျပြီး သက်တမ်းရင့်တဲ့ တက္ကသိုလ်တွေကို Ivy League တက္ကသိုလ်တွေလို့ ခေါ်တယ်။

### ■ *အဲဒါကို သူတို့ ဂုဏ်ယူကြတယ်နော်။*

ဂုဏ်ယူတယ်။ ဆရာတို့ Ivy League တက္ကသိုလ်ကထွက်တဲ့ လူတွေ ဝတ်စားဆင်ယင်တဲ့ အဝတ်အစားတွေကို League စတိုင်လို့ ခေါ်တယ်။ တက္ကသိုလ်ကျောင်းသားချင်းအတူတူ Ivy League တက္ကသိုလ်က လူတွေ ဝတ်တဲ့ စားတဲ့စတိုင်လ်က Ivy

www.burmeseclassic.com

www.burmeseclassic.com



League စတိုင်လ်ပဲ။ အိုမင်းရင့်ရော်ခြင်းကို အသားပေးတယ်။ တက္ကသိုလ်တွေ ဆေးရောင်သစ်သစ်လွင်လွင် ရှိတာကို သူတို့က ဂုဏ်မယူဘူး။ အိုမင်းပြီး အသက်ကြီးတာကို ဂုဏ်ယူတာ။

**နောက်တစ်ခုပေါ့ ဆရာ။ ပညာရေးမှ သုတေသနရဲ့ အခန်းကဏ္ဍက ဘယ်လိုနေပါသလဲ ဆရာ။**

ပညာရေးမှာ သုတေသနသည် အသက်ပဲဗျာ။ သုတေသနမရှိရင် ပညာရေးက ရပ်နေမှာပဲ။ ဘာလို့လဲဆိုတော့ ဆရာ စောစောက ပြောပြီးပြီ။ Science ရဲ့ အနက်အဓိပ္ပာယ်ကို။ ပညာမည်သည် အမြဲတမ်း တိုးတက်ပြောင်းလဲနေတယ်။ ပြောင်းလဲနေသော အခြေအနေအရပ်ရပ်၌ ပြောင်းလဲနေသော သဘောတရားကို အမီလိုက်ဖို့ အတွက် အမြဲတမ်း သုတေသနက လိုအပ်တယ်။

တစ်နည်းအားဖြင့် ပညာဆိုတဲ့သဘောက သဘော်တစ်စီးလို ကျောက်ချထားလို့ မရဘူး။ သွားနေရတယ်ဗျ။ သွားနေတာက သုတေသန။ သုတေသနမရှိဘဲ နေလို့မရဘူး။ ခုနကပြောတဲ့ နာမည်ကျော် တက္ကသိုလ်ကြီးတွေ၊ ထိပ်သီးတွေဆိုတာက အဲဒီမှာနာမည်ကြီးတာ။ သူတို့ဆီမှာ သုတေသနတွေက တစ်ပုံကြီး။ သုတေသနလည်း အများကြီးလုပ်နေတာ။ သုတေသနလုပ်နိုင်အောင် facilities လည်း ပြည့်စုံတယ်။ ပိုက်ဆံလည်းရှိတယ်။ နောက်ပြီးတော့ သုတေသနကို အားပေးသော ပတ်ဝန်းကျင်အခြေအနေလည်း ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သုတေသနကို အားမပေးသော ပတ်ဝန်းကျင်ကြောင့် ခေတ်နောက်ကျန်ရစ်ခဲ့တဲ့ တိုင်းပြည်တွေအများကြီးပဲ။ အကောင်းဆုံးနမူနာက ရုရှား။ တရားဝင်သဘောအရတော့ သုတေသနရှိတယ် ပြောတာပဲ။ ဒါပေမယ့် ပညာရှင်တွေက လုပ်ချင်တာလုပ်လို့ မရဘူး။ ဆရာပြန်ပြောမယ်နော်။ လုပ်ချင်တာလုပ်လို့ မရဘူး။ လုပ်စေချင်တာကိုသာ လုပ်ကြရတဲ့အတွက် သုတေသနပတ်ဝန်းကျင် ရာခိုင်နှုန်းတစ်ရာမပြည့်တဲ့အတွက် သူ့ခမျာ တိုးတက်သင့်သလောက် မတိုးတက်ဘူး။

ခုနကပြောတဲ့ တက္ကသိုလ်ကြီးတွေကျတော့ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်။ ကိုယ်မှားရင် ကိုယ်ခံ။ ကိုယ်မှန်ရင် ကိုယ်စံ။ အဲဒီလို။ မှား/မှန်ကိစ္စမှာတော့ လူ့ဘောင်ကြီး ပျက်စီးအောင်တော့ ဘယ်ပညာရှင်မှ မလုပ်ပါဘူး။ လူတွေကို ဒုက္ခပေးမယ့်သုတေသနမျိုး ဘယ်သူမှ မလုပ်ကြဘူး။ လူ့ဘောင်လည်း အကျိုးရှိမယ်၊ မိမိလည်း အကျိုးရှိမယ်၊ အဲဒါမျိုးသာ လုပ်ကြတယ်။ တက္ကသိုလ်တွေကလည်း အဲဒါမျိုးမှ လက်ခံတယ်။ သဘာဝအရ အထိန်းအကျောင်းတွေ ရှိတာပဲ။

ငါလုပ်ချင်တာလုပ်မယ်ဆိုတဲ့စကားက စည်းကမ်းမဲ့ မဟုတ်ပါဘူး။ သဘာဝအထိန်းအကျောင်းတွေ ရှိတယ်။ အစဉ်အလာ အထိန်းအကျောင်းတွေ ရှိတယ်။ အထူးသဖြင့် ပညာရှင်တွေကြားမှာ Renaissance ခေတ်ထဲ ထိန်းသိမ်းလာတဲ့ Humanism ဆိုတဲ့ အစဉ်အလာ ရှိတယ်။ ဗြဟ္မစိုရ် တရား အစဉ်အလာလို့ ဆီလျော်အောင် ဘာသာပြန်နိုင်ပါတယ်။

နောက် ပညာစစ်၊ ပညာမှန်ဆိုတာက ဆရာ ခုနကပြောတဲ့

www.burmeseclassic.com

www.burmeseclassic.com



အထဲမှာ ပါတယ်။ Character တို့ စိတ်တို့ဆိုတာ ပါလာတဲ့ အတွက် ပညာရှင်ကိုယ်၌က သူ့ကိုယ်သူ ထိန်းထားလေ့ရှိတယ်။ ကိုယ့်ကိုယ်ကို မထိန်းနိုင်ရင် သူက ပညာရှင်ကို မဟုတ်ဘူး။ သူ့ သဘာဝကိုက ထိန်းကျောင်းမှုဆိုတာ ရှိတယ်။ ကောင်းတယ်။ အဲဒီလိုမေးတာ ကောင်းတယ်။

***နောက်ပြီးတော့ ဆရာ။ ပညာရှင်ပေါ့လေ။ ပညာရှင် ပီသတယ်ဆိုတဲ့ စရိုက်လက္ခဏာတွေက ဘယ်လိုရှိလဲ။***

ဆရာ ခုနကပြောတဲ့ အထဲမှာ ပါပြီး။ ပညာကို သိမှုချည်းနဲ့လည်း မရဘူး။ တတ်မှုချည်းနဲ့လည်း မရဘူး။ အချက်အလက်တွေ အများကြီးသိတာနဲ့လည်း မရဘူး။ wisdom ဆိုတဲ့ ပညာသည် judgement ဆုံးဖြတ်နိုင်စွမ်း။ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းလို့ ခေါ်တယ်။ ပညာရှင်မှာ မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းရှိရတယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးသာလျှင် wisdom ခေါ်တဲ့ ပညာရှိပုဂ္ဂိုလ်မျိုးပဲ။

ဘယ်လောက်ထိ ထိန်းသိမ်းသလဲဆိုတာ ကမ္ဘာကျော်နမူနာ ရှိပါတယ်။ အဏုမြူဗုံးလုပ်တုန်းက ကြည့်ပါလား။ အဲဒါ Chain Reaction ဆိုတာ ကြားဖူးတယ်နော်။ Chain Reaction ကို၁၉၃၀ ခုနှစ်လောက်ကတည်းက ဓာတ်ခွဲခန်းထဲမှာ ဖြစ်နေပြီ။ ဒါပေမယ့် အသေးစားပေါ့။ ဒီလို Atom ကို ခွဲခြားလိုက်တဲ့အခါမှာ ထွက်လာတဲ့ Energy က chain reaction ကြောင့် အင်မတန်ကြီးမားတဲ့

www.burmeseclassic.com

www.burmeseclassic.com



reaction ရနိုင်တယ် ဆိုတာကိုသိတာ ၁၉၃၀ လောက်ကတည်းက ဒါပေမယ့် ဗုံးကြီးလို လုပ်ဖို့ကတော့ တစ်ဆင့်တက်ရသေးတာပေါ့။

ဥပမာဆိုပါတော့။ ဖလန်းမင်းက ပင်နယ်စလင်က ဘက်တီးရီးယားကို သေစေတာ သိတာကြာပြီ။ အဲဒါကို ဆေးအဖြစ်လုပ်ဖို့ကျတော့ နှစ်ပေါင်းများစွာကြာတာ။ ဒီလိုပဲ chain reaction သဘောကနေပြီးတော့ အခုလို Uncontrol release of nuclear energy ဆိုပြီးတော့ ဗုံးကြီးဖြစ်အောင် အတွက်တော့ အချိန်ယူရတယ်။

အဲဒါကို ဂျာမနီကလည်း သိတယ်ခင်ဗျ။ ဂျပန်ကလည်း သိတယ်။ မီဇွန်ဆိုတဲ့ particle တစ်ခုကို တွေ့သူက ဂျပန်။ သူကလည်း မခေဘူးနော်။ အဲဒီတော့ ဒုတိယကမ္ဘာစစ်ကြီးက ဖြစ်နေပြီ။ လူတွေလည်း ယူရေနီယမ်စုသူကစု၊ သုတေသနလုပ်တဲ့သူကလုပ်။ တော်တော် ခရီးရောက်နေပြီ။

အဲဒါတွေကို ဟစ်တာလာကလည်း ကြိတ်လုပ်နေတယ်။ ဂျပန်ဖက်ဆစ်တွေကလည်း ကြိတ်လုပ်နေတယ်။ ဒီမိုကရေစီနိုင်ငံတွေကျတော့ မလုပ်မိဘူး။ ဒါပေမယ့် ဒီအတိုင်းသာ လွှတ်ထားလို့ရှိရင်တော့ တစ်နေ့ အန္တရာယ်ဖြစ်နိုင်တယ်၊ ကပ်နေပြီ။ ဒီတော့ Scientist ကြီးတွေမှာ ခုနပြောတဲ့ judgement ပြဿနာ ပေါ်လာတယ်။ ပညာရှင်ကြီးများပီပီ လူတွေ အများကြီးသေနိုင်တဲ့ ဗုံးကြီးဖြစ်မှာကိုတော့ သူတို့ မလိုလားဘူး။ မနှစ်သက်ဘူး။ သူတို့လုပ်ပေးလိုက်သော အရာကြီးကနေ ဘာမှအကျိုးမဖြစ် သေကြမှာဖြစ်တဲ့အတွက် အောင့်အီးကြတယ်။

ဒါပေမယ့် သိလာပြီ။ သူတို့အချင်းချင်း အဆက်အသွယ်

www.burmeseclassic.com

www.burmeseclassic.com



က ရှိတယ်လေ။ ဟစ်တလာ လုပ်နေပြီ။ ဂျပန်လည်း လုပ်နေပြီ။ ဖက်ဆစ်တွေ၊ နာဇီတွေလက်ထဲမှာသာ အဏုမြူပုံးရောက်သွားရင် ကမ္ဘာကြီးငါးပါး မှောက်လိမ့်မယ်။ ဒီတော့ ဒီမိုကရေစီ မဟာမိတ်တွေကို ပြောချိန်တန် ပြီဆိုတော့မှ အထပ်ထပ်ချင့်ချိန်ပြီး ထိပ်သီး ရူပဗေဒပညာရှင်ကြီးတွေက သူတို့ထဲမှာလူအကြည်ညိုဆုံး၊ အကျော်ကြားဆုံး၊ သီလသမာဓိ အပြည့်အဆုံး ပါမောက္ခ အိုင်စတိုင်းကို ညှိတယ်။ အခြေအနေတော့ ဒီလို ရှိပါတယ်။ ခင်ဗျားသွားပြောပါ ဆိုတော့မှ ပါမောက္ခအိုင်စတိုင်းက သမ္မတကြီး ရုစဗဲ့ကို သွားပြောဖို့ အများကြီးချိန်ပြီး အင်း... ဟုတ်တယ်၊ မပြောရင် မဖြစ်တော့ဘူးဆိုပြီး သွားပြောတော့မှ ရုစဗဲ့ မျက်လုံးပြူးသွားတယ်။

အဲဒီမှာ သတိပါလာပြီ။ ဉာဏ်ကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် ပယ်မချလိုက်ဘဲနဲ့ လေးလေးနက်နက် လုပ်ပြီးတော့ ဒီလိုဆိုရင် ဒါကြီးအောင်မြင်ဖို့အတွက် ဘာအခက်အခဲတွေရှိလဲ ဆိုပြီးတော့မှ တိုးတိုးတိတ်တိတ် ကျိတ်လုပ်ကြတာ။ Manhattan project လို့ခေါ်တယ်။ ကျွန်တော်တို့ ကိုလံဘီယာတက္ကသိုလ်မှာ လုပ်သွားတယ်။ အဲဒီမှာ ဖားမီး (Fermi) ဆိုတဲ့ အီတာလျံ ရူပဗေဒပညာရှင်ကြီးကလည်း မူဆိုလီနီရဲ့ ဖက်ဆစ်အောက်က ထွက်ပြေးပြီး ရောက်နေတယ်။ ကံအားလျော်စွာပေါ့။

အဲဒီတော့မှ ဖားမီးနဲ့စ, ပြီး လုပ်ကြတာ။ ဒီတော့ lab ထဲမှာ experimental scale ဖြစ်ဖို့ကတော့ ဂျာမနီလည်း လုပ်တတ်တယ်။ ဂျပန်လည်း လုပ်တတ်တယ်။ ခုနလိုပြောတဲ့တကယ့်ဗုံးကြီးဖြစ်အောင် လုပ်ဖို့အတွက်ကျတော့ (၁) ပိုက်ဆံ သိပ်ကုန်တယ်။ (၂) Engineering သိပ်တတ်ရမယ်။ ဒီတော့ အဲဒီအချိန်ကဟာတွေသိရင်

www.burmeseclassic.com

www.burmeseclassic.com



အသည်းယားစရာ ပြိုင်နေကြတာ။

ဂျာမနီ၊ ဂျပန်၊ အင်္ဂလိပ်၊ အမေရိကန်၊ ဒီအတွက် အပြိုင်လုပ်နေတာ။ အဲဒီမှာ ဘယ်လိုဖြစ်လာသလဲ။ ချမ်းသာတဲ့သူ၊ Engineering ကောင်းတဲ့သူ၊ အဲဒီလူတွေရလို့ အမေရိကားက နှာ တစ်ဖျားသာပြီး သူ အရင်ရသွားတာ။ သို့သော် ခုနပြောသလို ပညာရှင်များပီပီ ချင့်ချိန်ပြီး အုပ်ထားတာ။ မပြောရင်မဖြစ်ဘဲကမ္ဘာ ကို အန္တရာယ်ဖြစ်ပြီလို့ သူတို့ယုံကြည်တော့မှ ရုစဗဲ့ကိုပြောတာ။ ဒါတောင်မှ ဒါကြီးဖြစ်လို့ ဗုံးကြဲလို့ လူတွေသေကြတဲ့အခါ ခမျာများ မှာ စိတ်မချမ်းသာကြရှာဘူး။ အိုင်စတိုင်းက သေသာသွားရော စိတ်မချမ်းသာရှာဘူး။ ဒီလိုပဲ ကျန်တဲ့သူတွေလည်းစိတ်မချမ်းသာဘူး။

ပညာရှင်တို့သည် ပညာရှင်ပီသတယ်ဆိုတာ အဲဒါကို ပြော တာ။ ပညာရှင်တို့ရဲ့ အနှစ်သာရက သတိသမ္ပဇဉ်နဲ့ ပြည့်စုံတဲ့ဟာ ကို ပြောတာ။ မှန်ကန်သော ဆုံးဖြတ်နိုင်စွမ်း၊ တော်တော်အရေးကြီး တဲ့ ကိစ္စပဲ။

ကျွန်တော်တို့ သိရသလောက်တော့ မတရားမှု၊ မချမ်းသာမှု ကို မနှစ်သက်တဲ့အတွက် လူ့လောကကို အကျိုးမပြုဘူးထင်ရင် မလုပ်ဘူး။ အဲဒါတွေ ရှိတယ်။ အဲဒါတွေ ထိန်းသိမ်းရတယ်။

■ ***ပညာနဲ့ ပညာရှင်အပေါ်မှာ ဘယ်လိုပြန်ပြီး သဘောထား သင့်ပါသလဲ ဆရာ။***

ပညာအပေါ်မှာ၊ ပညာရှင် အပေါ်မှာ ဘယ်လို သဘောထား

www.burmeseclassic.com

www.burmeseclassic.com



ပါသလဲ ဆိုတာ (၁) က ဆရာပြောတဲ့အထဲမှာ ပါပြီးပြီ။ ပညာ ဆိုတာ လူမှာရှိသော အကောင်းဆုံးအရည်အသွေး၊ လူ၌ရှိသော အကောင်းဆုံးစွမ်းအင်လို့ ပြောတဲ့အတွက် ပညာကို ဦးထိပ်ထား ရမယ်။ လေးစားရမယ်။ ရှာဖွေရမယ်။ အားပေးရမယ်။ ဒါက ပညာပေါ်ထားတဲ့ သဘောထားပါ။ ဒါပေမယ့် ခုနကပြောတဲ့ ပညာ ဆိုတာက လေဟာပြင်ထဲမှာရှိတာ မဟုတ်ဘူး။ လူထဲမှာရှိတာ။ လူဆိုတာ ပညာပေးသူ ဆရာပေါ့။ ပညာရှင်ပေါ့။ ဂျပန်မှာ ပညာ ပေးသူတစ်ယောက်ဟာ တစ်လ ၆၀၀ ဒေါ်လာ ရှိတယ်။ အဲဒီတော့ အဆင့်အတန်း ဘယ်လောက်မြင့်သလဲဆိုတာ ကြည့်တော့။

အများသူငါ G.N.P ထက်မြင့်တယ်။ ပြီးတော့ လစာအပြင် allowance တွေပေးတာ ရှိသေးတယ်။ ရှိတော့ ဆရာဘာသွားတွေ့ သလဲဆိုရင် တစ်ခုက familly allowance (မိသားစုစရိတ်) မိသားစုတဲ့။ မိသားစုရှိတဲ့အတွက် လစာအပြင် နိုင်ငံတော်က ဆောင်း ပေးတာ။ နောက် (ကလေးစရိတ်ခံစားခွင့်) childern allowance တဲ့။ အဲဒါ ဘာကွဲသလဲလို့ သူတို့ကို မေးကြည့်တဲ့အခါ မိသားစုစရိတ်သည် လူပျို၊ အပျိုလည်း ရတယ်။ ဂျပန်သည် ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အတွက် အမိအဖကို လုပ်ကျွေးရတယ်။ အနည်းဆုံး နှစ်ယောက်စာရတယ်။ သူက ကျောင်းဆရာဖြစ်ပြီး အဖေ၊ အမေ လုပ်ကျွေးနေရတဲ့အတွက် အဲဒီ အဖေ အမေအတွက် ပါ ပေးတယ်ဗျ။

နောက်ပြီးတော့မှ လင်ယူကလေးမွေး၊ မယားယူ ကလေးမွေး လာတဲ့အခါကျတော့ ကလေးစရိတ် Children allowance က လိုက်တယ်။ Allowance နှစ်မျိုးပေးတယ်။ ဗုဒ္ဓဘာသာတရားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကြည့်စမ်း၊ အလောင်းတော် ကျေးမင်းပြောသွားတဲ့ တရား၊ ကျွန်ုပ်သည် မြီဟောင်းကိုလည်း ဆပ်ရပါသည်။ မြီသစ်ကိုလည်း ချရပါသည်။ မြီဟောင်းဆပ်တာက အမိအဖ လုပ်ကျွေးတာ။ မြီသစ်ချတာက သားသမီး။ မင်္ဂလာတရားတော်နဲ့ ကြည့်တော့ မာတာပိတုဥပဋ္ဌာနံ မြီဟောင်းဆပ်တယ်။ ပုတ္တဒါရဿသင်္ဂဟော က မြီသစ်ချတာ။ ဒီအထိ မင်္ဂလာတရားနဲ့ ညီနေတယ်။ ဒီ တိုင်းပြည် မချမ်းသာ ခံနိုင်ပ့ါမလား။ မကောင်းလို့ကိုမရလို့ ကောင်းနေတာ။

***ကျွန်တော်တို့ဆီမှာ လည်း ပညာနဲ့ဘွဲ့နဲ့ ရောနေတယ်။ ဆရာတွေအနေနဲ့က ပညာနဲ့ ဘွဲ့နဲ့ ခွဲခြားသိတဲ့ sense ရှိသော်လည်းပဲ အခြေအနေအရ လုပ်နေကြတဲ့ ကိစ္စတွေ ရှိနေပါတယ်။ ဒီကနေ အထား အခင်းအကျင်းက ရေရှည်မှာဆိုရင် ဆရာ၊ အတော်များ ဆိုးဝါးနိုင်မလား။***

ဆရာ ခုနကပြောတဲ့ အထဲမှာ ပါသွားပြီ။ ပညာဆိုသည်မှာ ရှိတဲ့ဉစ္စာကို ဆွဲနှုတ်ပေးရတယ်။ ဉုံဖွလိုမန်းတာမဟုတ်ဘူးလို့ ပြောတယ်။ ရော့ကွ အမှတ်များများရစေမယ်၊ ရော့ကွ စာမေးပွဲ အောင်စေရမယ်ဆိုပြီး ဉုံဖွမန်းသလို မဟုတ်ဘူး။ တကယ့်ပညာစစ်ရဲ့ သဘောက တပည့်ရဲ့ သဘောသဘာဝကို သိပြီး အကောင်းဆုံး

www.burmeseclassic.com

www.burmeseclassic.com



ထွက်နိုင်အောင် ဆွဲနှုတ်ပေးရတယ်။ ဒီအတွက် (တစ်ဦးချင်း ဂရုတစိုက်မှု) individual attention ပေးနိုင်ရတယ်။

ကိုယ့်တပည့်ကို ကိုယ်ကောင်းကောင်း သိရတယ်။ အခု တစ်ခါတလေ ဖြစ်တတ်တာက ဆရာက ကျောင်းသားကိုမသိဘူး။ ကျောင်းသားကလည်း တက္ကသိုလ်အကြီးကြီးတွေကျတော့ ကိုယ့်ဆရာကိုယ် အကုန်မသိဘူး။ ဆရာတွေက အများကြီး။ ကျောင်းသားတွေက အများကြီးဆိုတော့ ရောနေကြတယ်။ ဆရာတို့ခေတ်ကဆိုရင် ပါမောက္ခက ဂုဏ်ထူးယူတဲ့ ကျောင်းသားကို ဒီကောင် စာတော့တော်ပါတယ်။ ဒီကောင် နည်းနည်းဒေါသကြီးတယ်။ ဒီကောင် စာတော့တော်ပေမဲ့ ပေါင်းသင်းဆက်ဆံရေး ညံ့တယ်။ ဒီအထိ သိတာ။

တပည့်ကို လိုအပ်ချက်တွေပါ အကုန်ဖြည့်ပေးနေတာ။ ဒီသဘောတွေရှိတယ်။ ဒီတော့ individualကို သတ်သတ်မှတ်မှတ် ကျောက်များ စိန်များသွေးသလို သွေးနိုင်ရမယ်။ mass production နဲ့ ပညာကိုထုတ်လို့ မရဘူး။ သိနေရမယ်။ အဲဒါ ကျွန်တော်တို့တိုင်းပြည်မှာ ဖြစ်ရတဲ့အကြောင်းကတော့ အကြောင်းပေါင်းများစွာ ရှိတဲ့အနက် ဆရာမမွေမိဋ္ဌာန် ကျတာ။ ပြောချင်တာကတော့ ဆရာကျောင်းသားအချို့ အလွန့်အလွန်ကြီး နေတယ်။

ဆရာတို့ ကြုံခဲ့တာ ပြောမယ်နော်။ အနည်းဆုံးကို ပြောမယ်နော်။ ဆရာတစ်ယောက် ကျောင်းသားလေးရာ သင်ဖူးတယ်။ အသံချဲ့စက်နဲ့ စာသင်ရတဲ့ဘဝတွေ ဘာတွေ ရောက်ဖူးတယ်။ ကျောင်းသားကများပြီး ဆရာက နည်းနေတယ်။

ဂျပန်ပြည်ရောက်တဲ့အခါမှာ အချိုးတွေကတော့ ကွာကြတယ်ဗျ တစ်ခုနဲ့တစ်ခု။ ထိပ်ဖြစ်တဲ့ တိုကျိုတက္ကသိုလ်လိုကျတော့

www.burmeseclassic.com

www.burmeseclassic.com



ဆရာကျောင်းသားအချိုးက ဆရာတစ် ကျောင်းသား ရှစ်ယောက်ဗျ။ ဆရာတစ်ယောက်သည် ကျောင်းသားရှစ်ယောက် သင်ရတယ်။ အလတ်ပိုင်း university ဝါဆေးဒါးတို့ကျတော့ ဆရာတစ်ယောက်က ကျောင်းသားသုံးဆယ်လောက် သင်တယ်။ နိုင်သေးတယ်။

ဆရာတို့ခေတ်က မြန်မာပြည်မှာ ဆရာတစ်ယောက် ကျောင်းသား လေးဆယ်။ မဆိုးလှဘူး။ ထိန်းနိုင်သေးတယ်။ 1 to 400 ဆိုရင်တော့ စဉ်းစားကြည့်လေ။ အဲဒီကျောင်းသား ဆရာအချိုးလည်းအရေးကြီးတယ်။ ကျောင်းသားဆရာအချိုးကို ပြောတဲ့အခါမှာ ဘာထည့်ပြောသလဲဆိုရင် တက္ကသိုလ်တွေရဲ့ size၊ တက္ကသိုလ်တွေမှာ ကျောင်းသားဦးရေ ဘယ်လောက်ရှိပြီလဲ ဆိုပြီးတော့။ အဲဒီမှာလည်း ကျွန်တော်တို့အနေနဲ့က မဖွံ့ဖြိုးသေးသောနိုင်ငံမို့ပါ။ ပြဿနာကြုံရတာ။

ဆရာတို့ ဂျပန်ကိုသွားစဉ်အခါက ဆရာ့တက္ကသိုလ်မှာ ကျောင်းသား ၅ ထောင်ကနေ ၆ ထောင်ထိ ရှိတယ်။ တက္ကသိုလ်မဟုတ်ဘူး။ ကောလိပ်ဘဝက။ Tokyo လို အကြီးဆုံး university မှာ ၅ ထောင်ပဲ ရှိတယ်။ ပြီးတော့ ဆရာ့ကို မေးတယ်။ မင်းဆီမှာ ကျောင်းသားတွေ အများကြီးရှိရက်သားနဲ့ မင်း ကောလိပ်ကို တက္ကသိုလ်လို့ ဘာလို့ မခေါ်တာလဲတဲ့။ အဲဒီလို အမေးခံရဖူးတယ်။

သူတို့ဆီက ကန့်သတ်ထားတယ်။ သူတို့ တက္ကသိုလ်အားလုံး ပျမ်းမျှဦးရေ ၄ ထောင်၊ ၅ ထောင်လောက်ပဲ ရှိတယ်။ တိုကျိုနဲ့ အခြားတက္ကသိုလ် အနည်းစုကသာ ကျောင်းသားသောင်းကျော်ရှိတာ။ ချမ်းသာတာတော့ သွားပြောမနေနဲ့။ အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်အများကြီးက ငါးထောင်လောက်ပဲ လက်ခံတယ်။ ကန့်သတ်ထားတယ်။ သူ့တက္ကသိုလ် Standard ရဲ့ မကျအောင်လို့ ကျောင်းသားဦးရေ ကန့်သတ်ထားတယ်။

***ကန့်သတ်ထားတာ သူက လူဦးရေကို controlလုပ်တာလား၊ qualtity ကို control လုပ်တာလား။***

Qualtity ကို control လုပ်တာ။ လူဦးရေကို control လုပ်တာ။ မဟုတ်ဘူး။ အဲတော့ အဲဒါဆိုရင် တက္ကသိုလ်ဝင်ခွင့် အကြောင်း နားလည်လောက်ပြီ။ ဂျပန်တက္ကသိုလ်မှာ (၁) က သူတို့ ပညာရေးစနစ် ကိုယ်၌က Higher Secondary ခေါ်တာပေါ့။ ၁၂ တန်း။ အဲဒီ ၁၂ တန်းမှာ အထိက အသက်အလိုက် အောင်သွားတာ။ အကျအရှုံး မရှိဘူး။ အဲဒီတော့ သူတို့က ၁၈ နှစ်ဆိုကတည်းက Higher Secondary ပြီးပြီ။ ဒီလို ကျွန်တော်တို့လို စာမေးပွဲကြီးတွေ ဘာတွေ စစ်နေတာ မဟုတ်ဘူး။ Grade နဲ့ ပေးလိုက်တာ။A,B, C,D ဆိုပြီးတော့။ အဲတော့ ကျောင်းသားက ကိုယ့်အရည်အချင်း ကိုယ်သိတယ်။ မကြိုးစားတဲ့သူက B တွေ C တွေ ရနေရော။ ကြိုးစားတဲ့ကောင်က A Completion စနစ်ခေါ်တယ်။

အဲဒီတော့ Grade စနစ်ပြောတဲ့အခါမှာ ကျွန်တော်တို့ မြန်မာပြည်မှာ မေးခွန်းထုတ်လေ့ရှိတယ်။ စာမေးပွဲမထားဘဲ completion စနစ်နဲ့ ထားလို့ရှိရင် ကျောင်းသားတွေ ပေတေကုန်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့တဲ့။ ဟာ ဒီလိုဆိုရင် စာမေးပွဲမစစ်ဘဲနဲ့ Grade နဲ့ နေ့စဉ် လုပ်နေတဲ့ အခြေခံပညာသင်စနစ် ပေးနေတဲ့ completion စနစ်။ သူ့အသက်နဲ့ သူ့အတန်းနဲ့ အချိန် complete ဖြစ်သွားတဲ့ ဒီစနစ်ကို အမေရိကားလည်း ကျင့်သုံးတယ်။ အင်္ဂလန်လည်း ကျင့်သုံးတယ်။ ပြင်သစ်လည်း ကျင့်သုံးတယ်။ ဥရောပ နိုင်ငံတွေ အကုန်ကျင့်သုံး တယ်။ ဂျပန်လည်း ကျင့်သုံးတယ်။

မတေကြ မပေကြလို့ပေါ့။ ခုနကပြောတဲ့ သဘာဝ အထိန်း အကွပ်က လာတယ်။ မနက်ဖြန် အတန်းတင်စာမေးပွဲကြီး မရှိလို့ ငါ 'ပေ'လိုက်မယ်ဆိုရင် မင်းထွက်လာလိမ့်မယ် C D။ ကြိုးစားရင် မင်း A ထွက်မယ်။ တို့က ဒါပဲ ထုတ်ပေးလိုက်မယ်။ မင်းအလုပ် လျှောက်တဲ့အခါကျတော့ အလုပ်ရှင်တွေကလည်း A မရရင် မယူ ဘူးပေါ့။ အဲတော့ သူ့ သဘာဝနဲ့သူ။

ကျောင်းသားတစ်ယောက်သည် အဆင့်မြင့်မြင့် မအောင်ရင် သူ တစ်ယောက်တည်း အရှက်မဟုတ်ဘူး။ မိသားစုရဲ့ အရှက်။ ဒီလို မြင်ကြတယ်။

## ❑ ဒါတောင် စာမေးပွဲ မရှိဘူးနော်။

ဟုတ်တယ်။ ကောင်းပြီ အဲဒီအမှတ်တွေနဲ့ တက္ကသိုလ် သွားလို့ ရပြီးလားဆိုတော့ မရသေးဘူး။ တက္ကသိုလ်က Entrance ဝင်ခွင့် စာမေးပွဲသက်သက်ခေါ်ရတယ်။ တိုက်ရိုက်တက္ကသိုလ် ဝင်ချင်ရင် ဝင်ခွင့် ဖြေရတယ်။ တိုက်ရိုက်ဝင်ချင်ရင် တိုက်ရိုက်ဝင်ခွင့် ဝင်ဖြေ။

www.burmeseclassic.com

www.burmeseclassic.com



အိုဆာကာဝင်ချင်ရင် အိုဆာကာမှာ ဝင်ဖြေရတယ်။

ဒါမှမဟုတ် ပုဂ္ဂလိကပိုင် တက္ကသိုလ်တွေ ရှိသေးတယ်။ ဝင်ဖြေလို့ ရတယ်။ အဲဒီ ဝင်ခွင့် စာမေးပွဲက အောင်/ရှုံး လုံးဝမရှိဘူး။ အမှတ်ပဲ ထုတ်ပေးတယ်။ Roll No ဘယ်လောက်နဲ့ အမှတ်ဘယ်လောက် အဲဒါပဲ။ ကိုယ်က အဲဒီကထွက်လာတဲ့ အမှတ်ကို ကြည့်ပြီး ချိန်ရတယ်။

ငါ တိုကျိုဝင်ချင်ရင် ငါ့အမှတ်နဲ့ ကိုက်ပါ့မလား။ မဖြစ်ဘူး။ ထင်တယ်။ မဖြစ်ရင် တိုကျိုတော့ လက်မြှောက်လိုက်ပြီ။ ကျိုတိုများ ရမလား။ အိုဆာကာများ ရမလားဆိုပြီး အဲဒီလို သွားကြတယ်။ သူ့ဘာသာ သသဘာဝနည်းနဲ့ ထိန်းထားတာ။ ဒါဖြင့်ရင်မဟုတ်ဘူး။ တိုကျိုမှ လိုချင်တယ်ဆိုတော့ ဘာလုပ်သလဲဆိုရင် နောက်တစ်ခါ ပြန်ဖြေ။

အဲဒီတော့ မဝင်ရမချင်း ဖြေလို့ရတယ် ပိတ်မထားဘူး အဲဒီလို။ မကျေနပ်ရင် ပြန်ဖြေ။ သူ့ဘာသာသာသူ ကြိုးစားတာကို ဘယ်သူကမှ ဝင်မပိတ်ဘူး။ ဆရာတောင် ပြောဖူးတယ်။ သူ့ဘာသာသာသူ မိုးထိအောင် လှေကားထောင် ဘယ်သူမှ ကန့်မချဘူးလို့။ သွားတဲ့အချိန်တုန်းက တစ်နှစ်မှာ တက္ကသိုလ်ဝင်ခွင့်လျှောက်တဲ့သူ ၅ သန်းလောက်ရှိတယ်။ တက္ကသိုလ်တွေ ဝင်ခွင့်ရတာ တစ်သန်းပဲရှိတယ်။ ကျန်တဲ့ လေးသန်းက ဝင်ခွင့်မရဘူး။ အမှတ်မမီလို့။

မရတဲ့သူတွေက ပြန်ကြိုးစားရတယ်။ နောက်တစ်နှစ် ပြန်ဖြေ။ ဒါမှမဟုတ် ဝင်လို့ရတဲ့ တက္ကသိုလ်ကိုဝင်။

ကမ္ဘာမှာ အဲဒီလို ကျင့်သုံးကြတာ များတယ်။

တစ်ခုတော့ရှိတာပေါ့လေ။ သူတို့ဆီမှာက ရွေးစရာတွေ

www.burmeseclassic.com

www.burmeseclassic.com



အများကြီး ရှိတယ်။ ဆရာတို့သွားချိန်က 'တင်းပြည့်ကျပ်ပြည့်' တက္ကသိုလ်ချည်းပဲ ဂျပန်မှာ ၄၀၀ ကျော်ရှိတယ်။ ဂျူနီယာ ကောလိပ်တွေလည်း အများကြီးရှိတယ်။ အသက်မွေးပညာကျောင်း တွေလည်း အများကြီးရှိတယ်။ တစ်ခုမရ တစ်ခုရွေးနိုင်တယ်။ အမေရိကန်ပြည်မှာဆိုရင် ဆရာတို့ ပညာသင်တဲ့ ၁၉၅၉ ခုနှစ်က နယူးယောက်မြို့ထဲမှာ တက္ကသိုလ်အဆင့်ရှိတဲ့ ကျောင်း ၁၁ ခုရှိ တယ်။ တစ်ပြည်လုံးတော့ မပြောနဲ့။

ချမ်းသာကြတာကိုး။ ဒီတော့ နေရာတကာမှာ သူတို့တွေကို ပုံသေ သွားအတုခိုးလို့ မရဘူး။

ဒီတော့ ကိုယ့်အိုးနဲ့ကိုယ့်ဆန် တန်ရုံလည်း လုပ်ကြရမယ်။ ဖြစ်နိုင်တာတွေကို အတုယူရမယ်။ တီထွင်သင့်တာ်လည်း တီထွင် ယူရမယ်။

ကမ္ဘာမှာ လူတစ်ဦးတည်းအတွက်ကိုပဲ Life Long Education ဆိုတဲ့ စကားကို သုံးတယ်။ တိုင်းပြည်တစ်ပြည်အတွက်လည်း Life Long Education ရှိရမှာပဲ။ ဆိုလိုတာက ပညာရေးဟာ အဆုံးမရှိ။ ပညာရေးပြုပြင်တီထွင်မှာလည်း အဆုံးမရှိ။ အမြဲတမ်း ကြိုးစားပြုပြင်တီထွင် ကြံစည်နေမှ တန်ရုံကျတယ်။

ပညာရေးဟာ တိုင်းပြည်အတွက် အကောင်းဆုံး ရင်းနှီး မြှုပ်နှံ မှုဆိုတဲ့သဘော။ ပညာဆိုတာမှာအသိတွေ၊ အတတ်တွေ၊ ကျွမ်းကျင်မှုတွေအပြင် စိတ်ထားသဘောထားတွေ၊ စာရိတ္တသဘော တွေ၊ ဗြဟ္မစိုရ်တရားတွေပါတယ်ဆိုတဲ့ ဒဿနအမြင် ပညာပေးခြင်း သည် အကြီးမားဆုံးသော လူ့ကျင့်ဝတ် လူ့တာဝန်ဆိုတဲ့ ခံယူချက်။ အဲဒါတွေကတော့ဘယ်တိုင်းပြည်အတွက်မဆို ဘယ်ခေတ်မှာဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



"မဖောက်ပြန် မှန်ကန်တဲ့ သစ္စာခမ္ဗ" တွေ ဖြစ်တယ်။

ပညာသင်ယူသူ၊ ပညာသင်ပေးသူ၊ သဒ္ဓါပြဋ္ဌာန်းကူညီကြသူတွေအားလုံး "အညမည်ပိယံဟော်ရှ" ဖြစ်ကြရင် 'အညမည်သုခါဟော်ရှ' ဖြစ်ကြမယ်။ ဒီ အမှန်တရားကိုလည်း ကမ္ဘာ့ပညာရေးသမိုင်းက ထင်ထင်ရှားရှား ပြပြီးသားပါ။ သတိမူပြီး မြူကိုတောင်မြင်နိုင်စွမ်းဖို့ ကြိုးစားကြရမှာ။

BURMESE CLASSIC .com

ဆီဆိုင်လို့ ပြောပြချင်တယ်။ ၁၉၅၈ ခုနှစ်၊ မန္တလေးကောလိပ်က မန္တလေးတက္ကသိုလ်ဖြစ်တဲ့နှစ်မှာ ဆရာ သီချင်းလေး တစ်ပုဒ် စပ်ခဲ့တယ်။ "တက္ကသိုလ်နန်း" ဆိုတဲ့ သီချင်း။

'တက္ကသိုလ်နန်း၊ မြကျွန်းပမာရည်၊ ဆောင်နန်းမြို့တည်။
အောင် ခန်းမှို့ ဝေဝေစည်၊ ပညာတံခွန်အောင်လံလွှင့်လို့၊
ကြဋ္ဌာန်းမြင့် နှုန်းနေခြည်။ အဝိဇ္ဇာမောဟ မြူညစ်ပျောက်မည်။
အဝိဇ္ဇာလောက မှုံသစ်ဆောက်တည်။ ဗြဟ္မစာရ လောကပါလ
တရားစုံညီ၊ ငြိမ်းချမ်း ပြည့်ဝ ခိုင်မြဲတည်။
နွဲ့ဖက်ရှင်ကြည်၊ ရောင်စုံရှင်လန်းသည်။ သြောင်ညိုပင်စခန်း
ဖြန့် ဝန်းရိပ်လည်လည်၊ ဆုံကြတွေ့ကြလို့ မေ့မရတာရှည်။
တက္ကသိုလ်သည် မေ့မရတာရှည်၊ တက္ကသိုလ်သည် ကျွန်း၊
မြွက်ဆိုရည်ညွှန်း ဥဒါန်းကမ္ဘာ တည်။
တို့ပြည်တို့အမျိုး တို့အကျိုးဦးတည်။ လူ့ပြည်လူများ လူသား
ဂုဏ်ရည်၊ လူသား ဂုဏ်ရည်။
ဆောင်ရွယ်မူချ၊ မောင်မယ်တူပ၊ လွန်းကြင်ရှေ့ငှက်မျှ၊ ကြင်ရေးဖွဲ့ချီ။
လွမ်းဖွယ်စည်၊ ကြည်နူးဖွယ်အပေါင်းနဲ့ တို့ကျောင်းတက္ကသိုလ်ပြည်" တဲ့။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်သဘာဝ ပညာသဘာဝတွေပါတယ်လို့ ဆရာ ယုံကြည်မိပါတယ်။

တက္ကသိုလ်ဘုန်းနိုင်

www.burmeseclassic.com